# INTERNATIONAL LAW ON WARFARE OF LAND, SEA AND AIR








# စစ်ရေးဆိုင်ရာနိုင်ငံတကာဥပဒေများ

ဗိုလ်ကြီးကျော်ညွှန့် (ငြိမ်း)

- စစ်ပွဲများကို ဆင်နွှဲရာတွင် နိုင်ငံများသည် မိမိတို့ စိတ်ကြိုက် ဆင်နွှဲ တိုက်ခိုက်၍ မရပါ။ စစ်ပွဲနှင့် ပတ်သက်၍ နိုင်ငံတကာ ဥပဒေများနှင့်အညီ ပြဋ္ဌာန်းပေးထားသော ဥပဒေသများ၊ ပြဋ္ဌာန်းချက်များ၊ လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများနှင့်အညီသာ ဆင်နွှဲ တိုက်ခိုက်ကြရသည်။ ထိုသို့ မဟုတ်ပါက မိမိ ဆင်နွှဲတိုက်ခိုက်ခဲ့သည့် စစ်ပွဲသည် စစ်ရာဇဝတ်မှု မြောက်ပြီး ကျူးလွန်သူများမှာ စစ်ရာဇဝတ်မှု ကျူးလွန်ခဲ့ကြသူများဘဝသို့ ရောက်ရှိသွားကြပေလိမ့်မည်။

- နိုင်ငံတကာ ဥပဒေပညာရှင်များ ဖော်ထုတ်ကြဆ စဉ်းစား၍ သရုပ်သဏ္ဍာန်ပေါ်အောင် ပုံဖော်ပေးခဲ့ကြသည့် နိုင်ငံတကာ စစ်ဥပဒေ၏ အနှစ်သာရများကို အချိန်တိုတိုအတွင်း အလွယ်တကူ လေ့လာဆည်းပူး နားလည်စေရန်အလို့ငှာ ဤစာအုပ်ကို အဓိက ဦးတည်၍ ပြုစုရေးသားခဲ့ခြင်း ဖြစ်ပါသည်။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအားဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်ရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်းဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

Julie

31. 5. 2011

WISDOM HOUSE
စာအုပ် ၂၉

# စစ်ရေးဆိုင်ရာနိုင်ငံတကာဥပဒေများ

ပါမောက္ခဦးကျော်ညွှန့်(ငြိမ်း)

WISDOM HOUSE
အခန်း ၁၀၁၊ တိုက် ၁၁၉၁-၁၁၉၂၊
လက်ဝဲမင်းဒင်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။
၀၉-၅၀၅-၈၅၃၃၊ ၀၁-၅၄၅၀၃၆၊ ၀၉၄၉-၂၈၈၉၄၈
*wisdomhouse.mm@gmail.com*

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၄၀၀၉၄၆၀၉၁၀ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၄၀၁၁၁၉၁၀၁၀ |
| ပထမအကြိမ် | ဒီဇင်ဘာလ၊ ၂၀၁၀ ပြည့်နှစ်။ |
| အုပ်ရေ | ၅၀၀ |
| ထုတ်ဝေသူ | ဦးမောင်မောင်၊ Wisdom House စာအုပ်တိုက်၊ အခန်း ၁၀၁၊ တိုက် ၁၁၉၁-၁၁၉၂၊ လက်ဝဲမင်းဒင်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ဦးဇော်မြင့်ဝင်း၊ ကာလာဇုန်ပုံနှိပ်တိုက်၊ ၁၈၄၊ ၃၁-လမ်း၊ ရန်ကုန်။ |
| မျက်နှာဖုံးပန်းချီဒီဇိုင်း | လင်းဝဏ္ဏ |
| အတွင်းအပြင်အဆင် | H. Lwin ၊ အေးကျော်မင်း |
| တန်ဖိုး | ၁၅၀၀ ကျပ် |

၃၄၈

ကျော်ညွန့်၊ ဦး၊ ပါမောက္ခ

စစ်ရေးဆိုင်ရာနိုင်ငံတကာဥပဒေများ / ပါမောက္ခဦးကျော်ညွန့်။ - ရန်ကုန်၊ Wisdom House စာအုပ်တိုက်၊ ၂၀၁၀။

၁၂၄ - စာ၊ ၁၁.၉ × ၁၈.၂ စင်တီ။

(၁) စစ်ရေးဆိုင်ရာနိုင်ငံတကာဥပဒေများ

# မာတိကာ


- ကျမ်းဦးစကား က
- နိဒါန်း ၁

၁။ စစ်ရေးဆိုင်ရာ နိုင်ငံတကာ ဥပဒေများ၏ နောက်ခံသမိုင်း ၅

၂။ ကြည်းကြောင်းစစ်ပွဲများဆိုင်ရာ လိုက်နာရမည့် စစ်ဥပဒေသများ ၁၁

၃။ ပင်လယ်ရေကြောင်းစစ်ပွဲနှင့် ကြားနေရေး မူဝါဒဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ၁၇

၄။ စစ်ဖြစ်လာချိန်တွင် စစ်ပြိုင်နိုင်ငံများစပ်ကြား ချုပ်ဆိုထားသော စာချုပ်များ အသက်မဝင် ဖြစ်လာခြင်းကိစ္စ ၂၃

၅။ ကြည်းကြောင်းစစ်ပွဲ ဆင်နွှဲရန် ပြဋ္ဌာန်းထားသော နည်းလမ်းများ ၂၇

၆။ သိမ်းပိုက်ထားခြင်းခံရသော နယ်မြေကို အုပ်ချုပ်စီမံခန့်ခွဲခြင်းဆိုင်ရာကိစ္စ ၃၁

၇။ ရေကြောင်းစစ်ပွဲများဆိုင်ရာ ဥပဒေသများ ၄၉

၈။ နိုင်ငံတကာ လေကြောင်းစစ်ပွဲဆိုင်ရာ ဥပဒေသများ ၆၉

၉။ ကြားနေနိုင်ငံများက စောင့်ထိန်း လိုက်နာအပ်သောတာဝန်
ဝတ္တရားများ၊ စည်းကမ်းစည်းမျဉ်းများနှင့် အခွင့်အရေးများ ၇၅
၁၀။ စစ်ပွဲတွင် အတိုက်အခိုက် အပစ်အခတ်များ ရပ်စဲခြင်းကိစ္စ ၈၇
၁၁။ စစ်ရာဇဝတ်ကောင်များနှင့် စစ်တရားခံများအား
ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်ခြင်းကိစ္စ ၉၃
၁၂။ အဖျက်စွမ်းအား ကြီးမားသော လက်နက်များနှင့် လူသား
မဆန့်သည့်ရက်စက်လွန်းရာကျသော လက်နက်ဆန်းများကို
မသုံးစွဲရန် တားမြစ်ပိတ်ပင်ထားခဲ့ခြင်းကိစ္စ ၉၉
၁၃။ ပင်လယ်ဓားပြ၊ လေယာဉ်အပိုင်စီးမှုနှင့် အကြမ်းဖက်မှုပုံစံ
အားလုံးအား ဆန့်ကျင်တိုက်ဖျက်ခြင်း လုပ်ဆောင်ချက်များ ၁၀၇
- နိဂုံးချုပ် ၁၁၇

# ကျမ်းဦးစကား

"စစ်တိုက်တယ် ဆိုတာ လူတွေ အုပ်စုဖွဲ့ပြီး အချင်းချင်း သတ်ကြ ဖြတ်ကြတာပဲ၊ ကြိုက်သလို သတ်လို့ ဖြတ်လို့ ရတာပေါ့၊ စစ် ဖြစ်နေရင် မတရားတာ တရားတာ မရှိဘူး၊ အကုန်လုပ်လို့ ရတယ်"ဟု အဲသိပညာ ကင်းမဲ့သူတစ်ဦး ပြောခဲ့သည်ကို စာရေးသူ ဥပဒေပညာ ရှာမှီးနေစဉ် ကျောင်းသားဘဝက ကြားဖူးခဲ့သည်။

စိတ်ထဲက ဖြစ်မှ ဖြစ်ရပလေတယ် ငမိုက်သားရယ်၊ ကိုယ့်မှာ အသိဉာဏ် မရှိတိုင်း ထင်ရာတွေ လျှောက်ပြောနေတာပဲ၊ ဒီလိုလူတွေ သိပ်များနေရင် နောင်ရေး မအေးဘူးဟု စိတ်ထဲက တွေးမိခဲ့သည်။ စစ် ဆိုသည်မှာ နိုင်ငံရေးကို နောက်ဆုံး နည်းလမ်းဖြင့် ဖြေရှင်းခြင်းသာ ဖြစ်သည်ဟု ဩစတြီးယန်းလူမျိုး (အချို့ကလည်း ပရပ်ရှန်း လူမျိုးဟု ပြောကြသည်) စစ်သေနင်္ဗျူဟာဆိုင်ရာ ပါရမီရှင် *Von Clauswitz* က သူ၏သေနင်္ဗျူဟာကျမ်းများတွင် ရေးသားဖော်ပြခဲ့သည်။

ကိုယ် ထင်သလို၊ ကိုယ် ကြိုက်သလို အရိုင်းအစိုင်း တိရစ္ဆာန်များသဖွယ် စစ်ပွဲကို ဆင်နွှဲ၍ မရပါ။ အကျိုးအကြောင်း ဆီလျော်ပြီး တရားသောစစ်ပွဲ ဆင်နွှဲနိုင်ရန် နိုင်ငံတကာ စစ်ရေးဆိုင်ရာ ဥပဒေသများကို နိုင်ငံတိုင်းရှိ တပ်ဖွဲ့အသီးသီး၊ စစ်သည်အားလုံးတို့က ရာထူးအဆင့်အတန်းမရွေး၊ လူမျိုးဘာသာမရွေး တစ်ပြေးညီ လိုက်နာကျင့်သုံးကာ စစ်

သည်တော် ကျင့်ဝတ်များကို စောင့်ထိန်း၍ စစ်ပွဲ ဆင်နွှဲကြရသည်ကို သိရှိနားလည် သဘောပေါက်သူ ဦးရေ အလွန်ပင်နည်းပါးလှသည်ကို လေ့လာတွေ့ရှိခဲ့မိရာက ဤကျမ်းငယ်တစ်စောင်ကို မဖြစ် ဖြစ်အောင် ရေးမှ ဖြစ်တော့မည်ဟု စာရေးသူ သဘောပေါက်ခဲ့သည်။

စာရေးသူသည် နိုင်ငံတကာ ဥပဒေကို အလေးအနက်လေ့လာလိုက်စားခဲ့သလို ကမ္ဘာကျော် စစ်ဗျူဟာကျမ်းများကိုလည်း ပင်ကိုဝါသနာအလျောက် အလွန်အဖိုးအနဂ္ဃ ထိုက်တန်သော သင်ခန်းစာနှင့် ဩဝါဒများကို အချိန်ပေး၍ နှိုက်နှိုက်ချွတ်ချွတ် ဆည်းပူး လေ့လာခွင့် ရရှိခဲ့သည်။ ကမ္ဘာပေါ်တွင် နပိုလီယန်၊ ဟန်နီဘော(လ်)၊ ဂျူးလီးယက် ဆီဇာ၊ *Von Clauswitz*၊ ဆွန်ဇူး၊ မက် အာသာ၊ ပက်တန်၊ ဂူဒါးယန်း၊ မန်းစတိန်း၊ ဂျာမန်ရေကြောင်းဗိုလ်ချုပ်ကြီး ဒိုးနစ်(စ)၊ အင်္ဂလိပ်ရေကြောင်းဗိုလ်ချုပ်ကြီး *Horatio Nelson*၊ အင်္ဂလန် ကြည်းတပ်ဗိုလ်ချုပ်ကြီး *Wellington*၊ မောင်ဂိုမာရီ၊ ဂျပန် ရေတပ်ဗိုလ်ချုပ်ကြီး ယာမာမိုတိုတို့က အမြဲတမ်း အလေးအနက်ပြောကြားကာ ဆုံးမ ဩဝါဒပေးခဲ့ကြသည့် တူညီသော စကားတစ်ရပ်မှာ "တပ်မတော်သား ဟူသည် စည်းကမ်းဥပဒေကို အတင်းကျပ်ဆုံး လိုက်နာကြရသူများ ဖြစ်သည်"ဟု ဖြစ်ပါသည်။

စစ်အောင်ရာအောင်ကြောင်း အကြောင်းတရားများအနက် စစ်သည်တော်များနှင့် စစ်တပ်ကြီး တစ်တပ်လုံး စည်းကမ်းသေဝပ်ပိပြားကာ အမိန့်ကို နာခံတတ်ပြီး ဥပဒေကို တိကျစွာ လေးစားလိုက်နာတတ်မှ စစ်အောင်နိုင်မည်ဟု တရုတ်စစ်ပါရဂူ ဆွန်ဇူးက လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ကျော်ကပင်

ထပ်တလဲလဲ သွန်သင် ဆုံးမ ဩဝါဒပေးခဲ့ဖူးသည်ကို စစ်သမိုင်းအား အလေးအနက် လေ့လာလိုက်စားဖူးသူတိုင်း သိရှိ နားလည် သဘောပေါက်ထားကြပြီး ဖြစ်သည်။

စစ်စည်းကမ်းနှင့် စစ်ဥပဒေသများသည် က်မ္ဘာ့မည်သည့် တပ်မတော်များကိုမဆို တစ်စည်းတစ်လုံးတည်း တည်တံ့ခိုင်မြဲစေရန် ထိန်းချုပ်ပေးထားသော အင်အားကြီး ဖြစ်သည်ကို လုံးဝ မမေ့အပ်ပေ။

ရုံးတွင် ရုံးစည်းကမ်း၊ ကျောင်းတွင် ကျောင်းစည်းကမ်း၊ ဆေးရုံတွင် ဆေးရုံစည်းကမ်း ရှိသကဲ့သို့ စစ်မြေပြင်တွင်လည်း စစ်ပြိုင် နိုင်ငံများမှ စစ်သည်တော်များ အမြဲတစေ တိကျစွာ လေးစားလိုက်နာရမည့် စစ်ပွဲဆိုင်ရာ စည်းကမ်းများ အများအပြား ရှိပါကြောင်း အလေးအနက် တင်ပြလိုက်ရပါသည်။

ပါမောက္ခ ဦးကျော်ညွန့် (ငြိမ်း)
နိုင်ငံတကာ ရေကြောင်းဥပဒေ ပါမောက္ခ၊
ဒါလီယံ ကမ္ဘာ့ရေကြောင်းတက္ကသိုလ်၊
တရုတ်ပြည်သူ့သမ္မတနိုင်ငံ။

# နိဒါန်း

စစ်ပွဲများကို ဆင်နွှဲရာတွင် နိုင်ငံများသည် မိမိတို့စိတ်ကြိုက် ဆင်နွှဲတိုက်ခိုက်၍ မရပါ။ စစ်ပွဲနှင့် ပတ်သက်၍ နိုင်ငံတကာ ဥပဒေများနှင့်အညီ ပြဋ္ဌာန်းပေးထားသော ဥပဒေသများ၊ ပြဋ္ဌာန်းချက်များ၊ လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများနှင့်အညီသာ ဆင်နွှဲတိုက်ခိုက်ကြရသည်။ ထိုသို့ မဟုတ်ပါက မိမိ ဆင်နွှဲတိုက်ခိုက်ခဲ့သည့် စစ်ပွဲသည် စစ်ရာဇဝတ်မှု *(war crime)* မြောက်ပြီး ကျူးလွန်သူများမှာ စစ်ရာဇဝတ်မှု ကျူးလွန်ခဲ့ကြသူများ *(war criminals)* ဘဝသို့ ရောက်ရှိသွားကြပေလိမ့်မည်။

ထို့ကြောင့် တိုက်ပွဲများကို ဦးစီးကွပ်ကဲကြရသော စစ်ဦးစီးအရာရှိများသည် ကြည်း၊ ရေ၊ လေနှင့် ကမ်းတက် တိုက်ခိုက်ရေးတပ်ဖွဲ့များပါ မကျန် နိုင်ငံတကာ စစ်ရေးဆိုင်ရာ ဥပဒေများကို တိကျစွာ လိုက်နာပြီးမှ စစ်ရေးစီမံခန့်ခွဲရေးနှင့် ကွပ်ကဲဦးစီးတိုက်ခိုက်ရေးတာဝန်များနှင့်အညီ စည်းစနစ်ကျနစွာ ဆင်နွှဲတိုက်ခိုက်ကြရသည်။

လူသားသည် စဉ်းစားဉာဏ်ရှိသော၊ ဆင်ခြင်တုံတရားရှိသော၊ ကြင်နာတတ်သော၊ နှလုံးသားနှင့် စာနာထောက်ထားတတ်သော သက်ရှိများ ဖြစ်ကြ၍ သားရဲတိရစ္ဆာန်များ အချင်းချင်း

တိုက်ခိုက် သတ်ဖြတ်ကြသကဲ့သို့ သတ်ဖြတ် တိုက်ခိုက်ခွင့် မရှိဘဲ ဥပဒေ စည်းကမ်းဘောင်များအတွင်းမှသာ စစ်ပွဲဆင်နွှဲကြရန် ကမ္ဘာ့တပ်မတော် အသီးသီးတွင် ကိုယ်စီကိုယ်င တာဝန်အသီးသီး ရှိနေကြပြီ ဖြစ်သည်။

ပြီးခဲ့သည့် ဒုတိယကမ္ဘာစစ်ကြီးအတွင်းက နာဇီ ဂျာမန်နှင့် ဂျပန် ဖက်ဆစ်တပ်ဖွဲ့များ၏ လူမဆန်သော ရက်စက်မှုကြီးများက ကမ္ဘာသူ ကမ္ဘာသား သန်းပေါင်းများစွာတို့အား ထိတ်လန့်ကြောက်ရွံ့စေခဲ့ကြသည်။ လက်နက်မဲ့ အရပ်သူ အရပ်သားနှင့် စစ်သုံ့ပန်းများကို ရက်စက်စွာ နှိပ်စက်ညှဉ်းပန်း သတ်ဖြတ်ခဲ့သည်။ ကြိမ်ဖန်များစွာ ကျူးလွန်စော်ကား အနိုင်ကျင့်ခဲ့ကြသည်။ ထို့ကြောင့် နိုင်ငံတကာက စစ်ကို လူသားဆန်ဆန် ဆင်နွှဲတိုက်ခိုက်ကြရန် စည်းကမ်းဘောင်များ ကန့်သတ်ပေးလာခဲ့ကြရသည်။ ခရစ်တော် မပေါ်မီ ရောမများ၊ ဂရိများ လက်ထက် ကတည်းကပင် လက်နက်မဲ့လျက် ရှိသော၊ လက်နက်ချ အရှုံးပေး အညံ့ခံလျက်ရှိသော ရန်သူဘက်မှ စစ်သည်တပ်သား တပ်ဖွဲ့ဝင်များအား သတ်ဖြတ်ခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်း မပြုကြရန် သတ်မှတ်ပြဋ္ဌာန်းချက်များ သူ့ခေတ် သူ့အခါ အလျောက် ရှိခဲ့ကြပြီး ဖြစ်၏။

ထိုခေတ်များ မတိုင်မီက စစ်သုံ့ပန်းများကို သတ်ဖြတ်ခြင်း၊ ကိုယ်ခန္ဓာ အစိတ်အပိုင်းများကို ဖြတ်တောက်နှိပ်စက်ညှဉ်းပန်းခြင်း၊ ကျွန်အဖြစ် ရောင်းစားခြင်းနှင့် ကျွဲနွားတိရစ္ဆာန်များသဖွယ် အနိုင်ကျင့် နှိပ်စက်ကာ အလုပ်ကြမ်းများလုပ်ရန် အဓမ္မစေခိုင်းခဲ့ကြခြင်း ဟူသော စနစ်များ ပေါ်ပေါက်ခဲ့ဖူးသည်။ ထိုရန်သူ စစ်သုံ့ပန်းများအား ခံတပ်ကြီးများ ဆောက်လုပ်ရန် ကျောက်ထုခြင်းလုပ်ငန်း၊

သယ်ယူပို့ဆောင်ရေးအတွက် စစ်ရထားများ သွားရန် ကျောက်ခင်းလမ်းများ ဖောက်လုပ်ခြင်း လုပ်ငန်းများတွင်လည်း အကြီးအကျယ်အသုံးပြုခဲ့ကြဖူးပါသည်။

ရောမစစ်တပ်များတွင် အင်ပါယာအတွင်းရှိ လူမျိုးပေါင်းစုံပါဝင်သော စစ်သည်များ ရှိကြသည် ဖြစ်ရာ တပ်တွင်း စည်းကမ်းသေဝပ်ရေးနှင့် တစ်သွေး တစ်သံ တစ်မိန့်တည်း ဖြစ်ရန် စစ်သည်တော်ကျင့်ဝတ်နှင့် စစ်စည်းကမ်းဥပဒေများကို ပြဋ္ဌာန်းသတ်မှတ်လိုက်နာကျင့်သုံးစေခဲ့ကြရာမှ စစ်ဥပဒေများသည် သိမ်းပိုက်ခံ နယ်မြေဒေသများဆီသို့ တစ်စထက်တစ်စ ပျံ့နှံ့ခဲ့ပါသည်။ ထိုမှတစ်ဆင့်နိုင်ငံတကာဆိုင်ရာ စစ်ဥပဒေသများကို ဖြည့်စွက်ပြဋ္ဌာန်းခဲ့ကြသဖြင့် ထိုဥပဒေ ဘာသာရပ်မှာ ယနေ့တိုင် ဖွံ့ဖြိုးတိုးတက် ကျယ်ဝန်းလာခဲ့ပေသည်။

အခန်း (၁)

# စစ်ရေးဆိုင်ရာ နိုင်ငံတကာ ဥပဒေများ၏ နောက်ခံသမိုင်း

ရှေးယခင် အဆီးရီးယန်းလူမျိုးများလက်ထက် (ခရစ်တော် မပေါ်ထွန်းမီကာလ) က ကျွန်လုပ်အားကို ရယူအသုံးပြုလိုသဖြင့် ကျွန်များကို ဖမ်းဆီး ကျွန်ပြုနိုင်ရန်အတွက် တစ်နိုင်ငံက အခြားတစ်နိုင်ငံကို လက်နက်အားကိုးဖြင့် တိုက်ခိုက်ကာ စစ်ရှုံးသူ လူထုကို ကျွန်အဖြစ် ဖမ်းဆီးမှုပြုခဲ့ကြသကဲ့သို့ အခြားသူကြွယ်များထံ ရောင်းစားခြင်းများကို လူမဆန်စွာ ပြုမူခဲ့ကြသည်။ ထို့ကြောင့် ရှေးခေတ်စစ်ပွဲများတွင် လူသားများကို လူသား ဟူ၍ပင် မရှုမြင် မသတ်မှတ်ခဲ့ကြပေ။ မြေပိုင်ရှင်ကြီးများခေတ်တွင် မြေပိုင်ရှင်ကြီးများက လယ်ယာ စိုက်ပျိုး ထွန်ယက် လုပ်ကိုင်နိုင်သည့် မြေများနှင့် လယ်ကျွန်များ *(serfs)* ကို ရယူရန် စစ်သည်များ စုဆောင်း၍ အချင်းချင်း စစ်ပြု အားပြိုင်ခဲ့ကြပြန်သည်။

အရင်းရှင်စနစ်ကြီး ထွန်းကားလာပြန်သောအခါ မိမိတို့၏ ထုတ်ကုန်ပစ္စည်းများကို ရောင်းချရန် ဈေးကွက်ရှာဖွေရေးနှင့် ကုန်ကြမ်းများကို လိုသလောက် ဈေးပေါပေါနှင့် ဝယ်ယူ ရရှိနိုင်ရေး

အတွက် စစ်ပြိုင် တိုက်ခိုက်ကာ နယ်မြေသစ်များ၊ ကိုလိုနီများကို သိမ်းပိုက် အုပ်စိုး ထူထောင်ခဲ့ကြပြန်သည်။ စစ်သည်တော်များမှာ စစ်မြေပြင်တွင် မည်သည့် ဥပဒေပါ ခံစားခွင့်နှင့် အကာအကွယ် မရရှိဘဲ ရန်သူဘက်မှ ပြုသမျှ ငုံ့ခံနေခဲ့ကြရသည်။

ကိုလိုနီကျွန်ပြု အနိုင်ယူသူများလက်အောက်မှ လွတ်မြောက်ရန် ခုခံတိုက်ခိုက်သော စစ်ပွဲများကို လွတ်မြောက်ရေးစစ်ပွဲ *(war of liberation)* သို့မဟုတ် တရားသော စစ်ပွဲ *(just wars)* ဟု သတ်မှတ် ခေါ်ဝေါ် ပြဋ္ဌာန်းခဲ့ကြပြန်သည်။ ခုခံကာကွယ်ရေးစစ်ပွဲများ *(defensive wars)* နှင့် လွတ်မြောက်ရေးစစ်ပွဲများ *(war of liberation)* အားလုံးသည် တရားသော စစ်ပွဲများ ဖြစ်သည်ဟု ဥပဒေပညာရှင် အများစုက သတ်မှတ် ပြဋ္ဌာန်းခဲ့ကြပြန်သည်။

၁၉၂၈ ခုနှစ်က ပြင်သစ်နိုင်ငံ ပါရီမြို့တော်တွင် ကျူးကျော်ရေး စစ်ပွဲများ *(aggressive wars)* ကို ရာဇဝတ်မှုများအဖြစ် သတ်မှတ်ကြောင်း နိုင်ငံတကာ စာချုပ်တစ်ရပ်ကို *Kellogg-Briand Pact* အဖြစ် ချုပ်ဆို လက်မှတ်ရေးထိုးခဲ့ကြ၏။ သို့သော် ဤစာချုပ်တွင် ကျူးကျော်သူဆိုသူမှာ မည်သူဖြစ်သည်ကို အဓိပ္ပာယ် သတ်မှတ်ဖော်ပြနိုင်ခဲ့ခြင်း လုံးဝမရှိခဲ့ပေ။ လက်နက် ဖျက်သိမ်းရေးမှာ အထူး လိုအပ်သည့်ကိစ္စ ဖြစ်ကြောင်းကိုလည်း ထိုစာချုပ်က အရေးပေး ဖော်ပြခဲ့ခြင်း မရှိပါ။

နိုင်ငံပေါင်းချုပ် အသင်းကြီးကလည်း ကျူးကျော်သည့်နိုင်ငံဟူသော အဓိပ္ပာယ်ဖွင့်ဆိုချက်ကို မရှင်းလင်းနိုင်ခဲ့ပေ။ သို့သော် ကမ္ဘာ့ ကုလသမဂ္ဂ အဖွဲ့ကြီးက စစ်ပွဲများကို တားဆီးရေးနှင့် လက်နက် ဖျက်သိမ်းရေး ကိစ္စနှစ်ရပ်စလုံးကို အဓိက အသားပေး ဖော်

ဖြကာ လက်တွေ့တွင်လည်း အကောင်အထည်ဖော် ဆောင်ရွက် လုပ်ကိုင်ခဲ့ကြသည်ကို လေ့လာတွေ့ရှိရပါသည်။

၁၉၃၃ ခုနှစ်တွင် နိုင်ငံတကာ လက်နက် ဖျက်သိမ်းရေး ညီလာခံ၌ ဆိုဗီယက်ပြည်ထောင်စုက ကျူးကျော်ရေးစစ်ပွဲ *(war of aggression)* ကို စတင် အဓိပ္ပာယ်ဖွင့်၍ တင်ပြခဲ့သည်။ ၁၉၅၀ ပြည့်နှစ် ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ဂရက် အစည်းအဝေးတွင် ဆိုဗီယက်တို့၏ ကျူးကျော်ရေးစစ်ပွဲနှင့် ပတ်သက်သော အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ကမ္ဘာ့နိုင်ငံ အများစုက ထောက်ခံ အားပေး လက်ခံခဲ့ကြပြန်သည်။

စစ်ပွဲကို စတင်ကျူးကျော်တိုက်ခိုက်သော နိုင်ငံကို ကျူးကျော်သူ *(aggressor)* ဟု ဆိုဗီယက် ယူနီယံက အဓိပ္ပာယ် ဖွင့်ဆိုခဲ့သည်။ စစ်ပွဲကို စတင်တိုက်ခိုက်သော နိုင်ငံအနေဖြင့် နိုင်ငံရေး၊ စီးပွားရေး မဟာဗျူဟာအရ မည်သည့် အကြောင်းပြချက်ကိုမျှ စစ်စတင်တိုက်ခိုက်ရသည့် အကြောင်းပြချက်များအဖြစ် ဆိုဗီယက်တို့က လက်မခံခဲ့ကြပေ။

နိုင်ငံတစ်နိုင်ငံက အခြားနိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးရာကိစ္စရပ်များတွင် ပါဝင်စွက်ဖက်ခြင်းအား သွယ်ဝိုက်၍ ကျူးကျော်တိုက်ခိုက်ခြင်း လုပ်ရပ် *(indirect aggression)* ဟု ဆိုဗီယက်တို့က အဓိပ္ပာယ် သတ်မှတ်ခဲ့ကြပြန်သေးသည်။ ၁၉၅၃ ခုနှစ်က ကျင်းပခဲ့သောနိုင်ငံတကာညီလာခံကြီးတွင် တင်ပြခဲ့ကြသောအချက် ဖြစ်၏။

နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းစီးပွားရေးတွင် ဝင်ရောက် စွက်ဖက် ကျူးကျော်သောနိုင်ငံကို စီးပွားရေးစစ်ပွဲ ကျူးကျော်သူ *(economic aggressor)* ဟု သတ်မှတ်ခဲ့ကြပြန်သည်။

နိုင်ငံတစ်နိုင်ငံအား စစ်ရေးအရ ကျူးကျော် တိုက်ခိုက်ရန် မီဒီယာမျိုးစုံ သုံး၍ ဝါဒဖြန့်ချိသော နိုင်ငံကိုလည်း စစ်ရေးအရ ကျူးကျော်တိုက်ခိုက်မှုကို အားပေးအားမြှောက်ပြုသော နိုင်ငံဟုပင် ဆိုဗီယက်တို့က သတ်မှတ်ကြောင်း ကမ္ဘာသို့ အတိအလင်း တင်ပြခဲ့ကြသည်။ စစ် ဖြစ်ပွားလာအောင် လှုံ့ဆော်နှိုးဆွ အားပေးအားမြှောက် ပြုလုပ်ကာ ဝါဒဖြန့်ချိပေးသော နိုင်ငံများကိုလည်း ကမ္ဘာ့နိုင်ငံအများအပြားနှင့်အတူ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ရှုတ်ချပြစ်တင်ခဲ့ပါသည်။

၁၉၄၇ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့တွင် ကုလသမဂ္ဂ အထွေထွေ ညီလာခံကြီးက စစ်ပွဲများ ဖြစ်ပွားလာအောင် လှုံ့ဆော်အားပေး ဝါဒဖြန့်ချိသော နိုင်ငံများအပေါ် အတိအလင်း ဝေဖန်ရှုတ်ချ ပြစ်တင်ခဲ့ကြပြန်သည်။ ကမ္ဘာ့ငြိမ်းချမ်းရေးကို ထိခိုက်စေသော မည်သည့်နိုင်ငံ၏ လုပ်ရပ်မျိုးကိုမဆို ကုလသမဂ္ဂ အဖွဲ့ကြီးက ပြစ်တင်ရှုတ်ချခဲ့ပြန်သည်။ စစ်ကို ပိတ်ပင်တားဆီးသည့် ဥပဒေများကို မိမိတို့ တစ်နိုင်ငံချင်းအလိုက် သင့်လျော်သလို ပြဋ္ဌာန်းပေးကြပါရန် ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက ကမ္ဘာ့နိုင်ငံ အားလုံးမှ ပါလီမန် လွှတ်တော်များကို တိုက်တွန်းနှိုးဆော်ခဲ့ကြပြန်သည်။ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို အထူးဂရုတစိုက် ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် စစ်ရာဇဝတ်မှုများကို တားမြစ်ရန် အထူးလိုအပ်ကြောင်းကိုပါ ကမ္ဘာ့နိုင်ငံ အားလုံးကို ကုလသမဂ္ဂ အဖွဲ့ကြီးက တစ်ဆက်တည်း အလေးအနက် တိုက်တွန်း နှိုးဆော်ခဲ့ကြသည်။

၁၉၅၁ ခုနှစ် မတ်လ ၁၂ ရက်နေ့တွင် ဆိုဗီယက်ယူနီယံက 'ငြိမ်းချမ်းရေးကို ကာကွယ်စောင့်ရှောက်သောဥပဒေ' *(law in*

*defence of peace)* ကို ပြဋ္ဌာန်းပေးခဲ့ကြ၏။ ဤဥပဒေထဲတွင် စစ်ပွဲကို လှုံ့ဆော်အားပေး ဝါဒဖြန့်ချိပေးသူများကို စစ်ရာဇဝတ်မှု ကျူးလွန်သူများအဖြစ် သတ်မှတ်ဖော်ပြခဲ့ကြသည်။ ဆိုရှယ်လစ်နိုင်ငံ အများအပြားကလည်း အလားတူ စစ်ကို တားဆီးသည့် ဥပဒေများ ပြဋ္ဌာန်းပေးခဲ့ကြသေးသည်။

အခန်း (၂)

# ကြည်းကြောင်းစစ်ပွဲများဆိုင်ရာ လိုက်နာရမည့် စစ်ဥပဒေသများ

စစ်ပွဲများ တိုက်ခိုက်ဆင်နွှဲရာတွင် စစ်တိုက်ခိုက်ပုံ နည်းလမ်းများနှင့် သုံးစွဲရမည့် လက်နက်များကို စစ်ပြိုင်နိုင်ငံများက မိမိတို့ စိတ်တိုင်းကျ သို့မဟုတ် အလိုကျအတိုင်း တိုက်ခိုက်သုံးစွဲခွင့် မရှိခြင်း ဆိုသည့် 'ပဓာနကျသော အခြေခံသဘောတရား' မှာ စစ်ဥပဒေများအားလုံး၏ အခြေခံ အုတ်မြစ်ပင် ဖြစ်သည်။ ရှေးခေတ် စစ်ပွဲများတွင်လည်း သူ့ခေတ်သူ့အခြေအနေနှင့် ဆီလျော်ကိုက်ညီသော စစ်ပွဲများ ဆင်နွှဲတိုက်ခိုက်ရာတွင် လိုက်နာကြရမည့် စစ်ဥပဒေသများကို ပြဋ္ဌာန်းခဲ့ကြကြောင်း လေ့လာတွေ့ရှိကြရ၏။ ဥပမာ ရန်သူ့မြစ်ချောင်းများနှင့် ရေတွင်းရေကန်များကို အဆိပ်ခတ်ခြင်းအား ခရစ်မပေါ်မီခေတ်ကာလများကပင် စစ်ပြိုင်နိုင်ငံများက တားဆီးလိုက်နာ ကျင့်သုံးခဲ့ကြသည်။

မျက်မှောက်ခေတ်တွင် စစ်ပွဲများ၌ လိုက်နာ ကျင့်သုံးကြရမည့် စည်းမျဉ်းဥပဒေသများကို နိုင်ငံတကာစာချုပ်များ ချုပ်ဆို၍

ပြဋ္ဌာန်း လိုက်နာ ကျင့်သုံးစေခဲ့ကြကြောင်း လေ့လာတွေ့ရှိရသည်။ အောက်ပါ နိုင်ငံတကာ စာချုပ်များသည် နိုင်ငံများ စပ်ကြား ဖြစ်ပွားသော စစ်ပွဲများတွင် စစ်ပြိုင်တပ်ဖွဲ့များ လေးစားလိုက်နာ ကျင့်သုံးကြရမည့် စည်းမျဉ်း စည်းကမ်းများအဖြစ် တိကျပြတ်သားစွာ ပြဋ္ဌာန်း ကျင့်သုံးလိုက်နာစေခဲ့ကြသည်-

(၁) ၁၈၅၆ ခုနှစ် ဧပြီလ ၁၆ ရက်နေ့က ရေကြောင်းစစ်ပွဲများတွင် လိုက်နာကျင့်သုံးရမည့် ဥပဒေသများအဖြစ် ကမ္ဘာ့ရေတပ်အင်အားကြီးနိုင်ငံများစပ်ကြား ရေးသားချုပ်ဆို လက်မှတ်ရေးထိုးခဲ့သော စာချုပ်၊

(၂) တိုက်ပွဲများအတွင်း ဒဏ်ရာရရှိခဲ့ကြသော ကြည်းတပ်ဖွဲ့ဝင် စစ်သည်တော်များအား ကောက်ယူကယ်ဆယ်ဆေးဝါးကုသပေးခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်သော ၁၈၆၄ ခုနှစ် ဩဂုတ်လ ၂၂ ရက်နေ့က ဂျီနီဗာမြို့တွင် ချုပ်ဆိုခဲ့ကြသော နိုင်ငံတကာ စာချုပ်၊

(၃) အပြင်းအထန် ပေါက်ကွဲစေတတ်သော ခဲယမ်းများနှင့် မီးလောင်ဗုံးများကို ကြည်းကြောင်းစစ်ပွဲများတွင် သုံးစွဲနေခြင်းများအား တားမြစ်ပိတ်ပင်သော ၁၈၆၈ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်နေ့က ရုရှားနိုင်ငံ *St. Petersberg* မြို့တော်တွင် ချုပ်ဆိုခဲ့ကြသည့် နိုင်ငံတကာ စာချုပ်၊ (*St. Petersberg* ကြေညာချက် ဟူ၍လည်း လူသိများခဲ့ကြသည်)

(၄) စူးရှသော ကျည်ဆန်များ မသုံးစွဲရေး နိုင်ငံတကာ စာချုပ်၊ (*Hague* မြို့တော်တွင် ၁၈၉၉ ခုနှစ်က ချုပ်ဆိုခဲ့ကြသည်)

(၅) ဆေးရုံသင်္ဘောများအား စစ်ပွဲ ဖြစ်ပွားနေစဉ် ကာလအတောအတွင်း ဆိပ်ကမ်းခွန်များ ကောက်ခံခြင်းမှ ကင်းလွတ်ခွင့် ပေးအပ်ခြင်းဆိုင်ရာ ၁၉၀၄ ခုနှစ် *Hague* အပြည်ပြည်ဆိုင်ရာ စာချုပ်၊

(၆) ဒဏ်ရာရထားသော စစ်သည်တော်များအား စစ်မြေပြင်မှ ကယ်ထုတ်ကာ ဆေးဝါးကုသပေးခြင်းအား ခွင့်ပြုစေခြင်းနှင့် ပတ်သက်သော ၁၉၀၆ ခုနှစ် *Hague* အပြည်ပြည်ဆိုင်ရာစာချုပ်၊

(၇) (က) ၁၉၀၇ ခုနှစ် *Hague* ကြည်းကြောင်း စစ်ပွဲများတွင် လိုက်နာရမည့် စည်းမျဉ်းများကို ပြဋ္ဌာန်းပေးထားသော နိုင်ငံတကာ စာချုပ်၊

(ခ) ကြည်းကြောင်းစစ်ပွဲများတွင် နိုင်ငံအစိုးရများနှင့် တိုက်ပွဲဝင် စစ်သည်များက လိုက်နာ ကျင့်သုံးကြရမည့် တာဝန်နှင့် ဝတ္တရားများ၊

(ဂ) စစ်ပွဲဖြစ်ပွားစဉ် ကုန်သည်များနှင့် ကုန်သင်္ဘောပိုင်ရှင်များက လိုက်နာရန် တာဝန် ရှိသော ဝတ္တရားများ၊

(ဃ) ကုန်သင်္ဘောများကို စစ်သင်္ဘောများအဖြစ် ပြောင်းလဲလိုက်ခြင်းနှင့် ပတ်သက်သော လိုက်နာရန် စည်းမျဉ်းများ၊

(င) ပင်လယ်ပြင်တွင် အလိုအလျောက် ထိကွဲမိုင်းများ ချထားခြင်းဆိုင်ရာ လိုက်နာကြရမည့် စည်းမျဉ်း ဥပဒေသများ၊

(စ) စစ်ပွဲများ ကာလအတွင်း စစ်သင်္ဘောများက အမြောက်ပစ်ခတ်ခြင်းနှင့် ပတ်သက်၍ လိုက်နာ ရမည့် စည်းကမ်းများ၊

(ဆ) ဂျီနီဗာ စစ်ရေးသဘောတူစာချုပ်ကို ရေကြောင်း စစ်ပွဲများအတွက်ပါ အသုံးပြု အကျုံးဝင် ပတ် သက်စေမည့်ကိစ္စ၊

(ဇ) ရေကြောင်းစစ်ပွဲများအတွင်း ရန်သူ့သင်္ဘောများ ကို ဖမ်းဆီး ထိန်းသိမ်းရာတွင် လိုက်နာရမည့် စည်းမျဉ်းဥပဒေသများ၊

(ဈ) ရန်သူ့သင်္ဘောများနှင့် ကုန်စည်များကို သိမ်းပိုက် ခွင့်များ၊

(ည) ရေကြောင်းစစ်ပွဲများ ကာလအတွင်း ကြားနေ နိုင်ငံများ၏ အခွင့်အရေးနှင့် တာဝန်များ၊

(ဋ) လေသင်္ဘောများမှ ဒုံးကျည်နှင့် ဗုံးများ၊ ပေါက်ကွဲ စေသော လက်နက်များကို ကြဲချခြင်းအား တား မြစ် ပိတ်ပင်ခြင်း ကိစ္စ၊

(ဌ) ၁၉၀၉ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်နေ့တွင် ရေကြောင်း စစ်ပွဲများတွင် လိုက်နာကြရမည့် ဥပဒေများနှင့် ပတ်သက်သည့် ကြေညာစာတမ်း၊

(လန်ဒန်မြို့ ညီလာခံတွင် ထုတ်ပြန်ကြေညာခဲ့ကြသည်)

(ဍ) ၁၉၂၅ ခုနှစ်က ဂျီနီဗာမြို့တော်တွင် ချုပ်ဆိုခဲ့ကြသော ဓာတု၊ အဆိပ်ဓာတ်ငွေ့နှင့် ဇီဝပိုးမွှား ရောဂါပိုး လက်နက်များအား စစ်ပွဲများတွင် သုံးစွဲခြင်းအား တားမြစ် ပိတ်ပင်သည့် နိုင်ငံတကာ စာချုပ်၊

(ဎ) ၁၉၂၉ ခုနှစ် ဂျီနီဗာမြို့တွင် ချုပ်ဆိုခဲ့ကြသော စစ်မြေပြင်မှ ဒဏ်ရာရသူများ အားလုံးကို ကယ်ဆယ် ဆေးဝါးကုသပေးရေးဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်၊

(ဏ) ၁၉၂၉ ခုနှစ်က ချုပ်ဆိုခဲ့ကြသော စစ်သုံ့ပန်းများ အပေါ် ကောင်းမွန်စွာ ဆက်ဆံပြုစု ကုသပေးရေး နိုင်ငံတကာ စာချုပ်၊

(တ) ၁၉၃၆ ခုနှစ် နိုဝင်ဘာလ ၆ ရက်နေ့က လန်ဒန်မြို့တွင် ချုပ်ဆိုခဲ့ကြသော စစ်ပွဲကာလအတွင်း ကုန်သင်္ဘောများကို မိမိ ရေငုပ်သင်္ဘောများက တိုက်ခိုက်ရာတွင် လိုက်နာ ကျင့်သုံးရမည့် စည်းမျဉ်း ဥပဒေသများဆိုင်ရာ နိုင်ငံတကာ စာချုပ်၊

(ထ) ၁၉၄၉ ခုနှစ်က ဂျီနီဗာမြို့တော်တွင် ချုပ်ဆိုခဲ့ကြသော စစ်မြေပြင်မှ ဒဏ်ရာရထားသည့် စစ်သည်များအား ကယ်ထုတ် ကုသ ကူညီပေးရေးဆိုင်ရာ

သံတမန် ညီလာခံတွင် ချုပ်ဆိုခဲ့ကြသော နိုင်ငံတကာ စာချုပ် လေးခု၊

(ဒ) ပင်လယ်ပြင်တွင် သင်္ဘောပျက်၍ မျောပါနေသော ရန်သူ့ရေတပ်ဖွဲ့ဝင်များအား ကယ်ဆယ်ကူညီရေးဆိုင်ရာ နိုင်ငံတကာစာချုပ်၊

(ဓ) စစ်ပွဲကာလ အတောအတွင်း အရပ်သားများကို လိုအပ်သော ကူညီကာကွယ်မှုများ ပေးအပ်ရေးသဘောတူစာချုပ်၊

(န) ယဉ်ကျေးမှု အမွေအနှစ် အဆောက်အအုံများကို စစ်ဘေးဒဏ်မှ ကာကွယ် စောင့်ရှောက်ပေးရေးဆိုင်ရာ ၁၉၅၄ ခုနှစ် မေလ ၁၄ ရက်နေ့က ချုပ်ဆိုခဲ့ကြသော နိုင်ငံတကာစာချုပ်။

ကုလသမဂ္ဂတပ်ဖွဲ့များက စစ်ရေးအရ ပါဝင် တိုက်ခိုက်ရာတွင်လည်း ကုလသမဂ္ဂ ပဋိညာဉ် စာပိုဒ် ၄၂ အရ အထက်ပါ နိုင်ငံတကာ စစ်ရေးနှင့် ပတ်သက်သော စာချုပ်စာတမ်းများအတိုင်း တိကျစွာ လေးစား လိုက်နာ ဆောင်ရွက်ကြရန် တာဝန်ရှိလာပါသည်။

# အခန်း (၃)

## ပင်လယ်ရေကြောင်းစစ်ပွဲနှင့် ကြားနေရေး မူဝါဒဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ

စစ်ပွဲကာလများအတောအတွင်း ကြားနေနိုင်ငံများ၏ ကုန်သင်္ဘောများအား အခွင့်အရေးတစ်ရပ်အနေဖြင့် အကာအကွယ် ပေးကြပါရန် ကမ္ဘာ့နိုင်ငံများအား ၁၇၈၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့က ရုရှားနိုင်ငံက မေတ္တာရပ်ခံ တောင်းဆိုခဲ့သည်။

၁၈၅၆ ခုနှစ်က ပါရီမြို့တော်တွင် ကျင်းပပြုလုပ်ခဲ့ကြသော နိုင်ငံတကာ ညီလာခံကြီးက ကြားနေနိုင်ငံများမှ ကုန်သွယ် ရေကြောင်းဆိုင်ရာ သင်္ဘောများ၏ လွတ်လပ်စွာ သယ်ယူပို့ဆောင်ခုတ်မောင်းသွားလာခြင်းဆိုင်ရာ အခွင့်အရေးကို ကမ္ဘာ သိအောင် ကြေညာ၍ အသိအမှတ် ပြုပေးခဲ့ကြသည်။ တားမြစ် ပိတ်ပင်ထားသော စစ်ဘက်တွင် အသုံးပြုနိုင်ခြေရှိသည့် ကုန်ပစ္စည်းများမှလွဲ၍ ကြားနေနိုင်ငံများပိုင် ကုန်သင်္ဘောများပေါ်ရှိ ရန်သူ့နိုင်ငံပိုင် ပစ္စည်းများကို သိမ်းဆည်းယူငင်ခြင်းကို စစ်ပြိုင်နိုင်ငံမှ ရေတပ်သင်္ဘော

များအား ခွင့်မပြုခဲ့ကြပါ။ ရန်သူ့အလံ လွှင့်ထူ ခုတ်မောင်းနေသော သင်္ဘောများပေါ်မှ စစ်နှင့် မပတ်သက်သော ကုန်ပစ္စည်းများကိုပင် စစ်ပြိုင်နိုင်ငံ၏ ရေတပ်သင်္ဘောများက သိမ်းဆည်း ရယူခြင်း မပြုရန် အဆိုပါ ပါရီညီလာခံကြီးက တားမြစ်ပိတ်ပင်ခဲ့ပေသည်။ သို့သော် ရန်သူ့ဆိပ်ကမ်း မြို့ကြီးများအား အခြားနိုင်ငံမှ သင်္ဘောများ ဝင်ထွက်သွားလာ ကုန်သွယ်ခြင်း မပြုနိုင်အောင် တားဆီးဝိုင်းရံ ပိတ်ဆို့ခွင့် *(naval blockade)* ကိုမူ ထိုညီလာခံကြီးက အသိအမှတ် ပြုပေးခဲ့ပါသည်။

၁၈၆၄ ခုနှစ်တွင် ဟင်နရီ ဒူးနန့် *(Henri Dunant)* က ကမ္ဘာ့စစ်မြေပြင်များပေါ်မှ ဒဏ်ရာရစစ်သည် ဟူသမျှကို ရန်သူ/မိတ်ဆွေ မခွဲခြားဘဲ လူနာ သယ်ယူခေါ်ထုတ်ပြီး ဆေးဝါးကုသခွင့်ပြုရန် ကမ္ဘာသို့ မေတ္တာရပ်ခံကာ အရေးဆိုခဲ့ရာ ကမ္ဘာ့နိုင်ငံများက လိုက်လျောခဲ့ကြပြန်သည်။

၁၈၉၉ ခုနှစ်တွင် ရုရှားနိုင်ငံက စတင် တိုက်တွန်းနှိုးဆော်ခဲ့မှုကြောင့် ပထမအကြိမ် *Hague* ညီလာခံကို ကျင်းပ၍ နိုင်ငံတကာက လိုက်နာကြရမည့် စစ်ရေးဆိုင်ရာ ဥပဒေကြမ်းများကို ရုရှားပညာရှင်များက အစပျိုး၍ တင်ပြဆွေးနွေးလာခဲ့ကြသည်။ ၁၉၀၇ ခုနှစ်တွင် ထိုကိစ္စများအတွက် ဒုတိယအကြိမ် ညီလာခံ တစ်ရပ်ကို *Hague* မြို့တော်တွင် ထပ်မံခေါ်ယူ ကျင်းပခဲ့ကြပြန်သည်။ ၁၉၂၂ ခုနှစ် *Genoa* မြို့တွင် ရက်စက်ကြမ်းကြုတ်သော စစ်ဆင်တိုက်ခိုက်နည်းများ၊ အဆိပ်ဓာတ်ငွေ့ သုံးစွဲတိုက်ခိုက်ခြင်းများနှင့် လူနေအိမ်ခြေများကို လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခြင်း မပြုကြပါရန် ရုရှားနိုင်ငံက တင်ပြခဲ့သဖြင့် ၁၉၂၅ ခုနှစ် ဂျီနီဗာ *Protocol* တွင် ဓာတု

နှင့် ဇီဝပိုးမွှားလက်နက်များကို စစ်ပွဲများတွင် မသုံးစွဲကြရန် နိုင်ငံအများစု ပါဝင် လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ကြသည်။ စုစုပေါင်း ၄၉ နိုင်ငံက ပါဝင်လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ကြသော်လည်း နိုင်ငံအချို့ကသာ ဥပဒေအဖြစ် ပြဋ္ဌာန်း အတည်ပြု လက်ခံခဲ့ကြသည်။ သို့သော် ဒုတိယကမ္ဘာစစ်ကြီးအတွင်းတွင် ဓာတုနှင့် ဇီဝပိုးမွှားလက်နက်များ မသုံးစွဲကြရန် ကာကွယ်ဟန့်တားပေးနိုင်ခဲ့ကြသည်။

## သိမ်းပိုက်ခံ ရန်သူ့နယ်မြေတွင် ပြုလုပ်ခွင့်မရှိသော လုပ်ရပ်များ

(က) သိမ်းပိုက်ခံ နယ်မြေဒေသအတွင်းရှိ ပြည်သူလူထုအား သိမ်းပိုက်ရေး ပြည်ပတပ်ဖွဲ့ဝင်များက နှိပ်စက် ညှဉ်းပန်းခြင်း မပြုရပါ။

(ခ) ကြီးလေးသောပြစ်ဒဏ် (သေဒဏ်) များ ချမှတ်ခြင်း မပြုရပါ။

(ဂ) ဒေသခံပြည်သူများ၏ ကိုယ်ခန္ဓာကို ပျက်စီးစေရန်နှင့် ဇီဝပိုးမွှားများဖြင့် ဆေးဝါး ဖော်စပ်ရာတွင် စမ်းသပ်ရန် လုံးဝခွင့်မပြုခဲ့ပါ။

(ဃ) သိမ်းပိုက်သည့် နိုင်ငံအတွင်းသို့ သိမ်းပိုက်ခံနယ်မြေမှ ဒေသခံများကို ဖမ်းဆီးခေါ်ဆောင်သွားခွင့် မရှိပါ။

(င) သိမ်းပိုက်ခံနယ်မြေ ဒေသခံများအား ရပ်ဝေးသို့ နှင်ထုတ်ခွင့် မရှိပါ။ အခြားနိုင်ငံများသို့ ထွက်ခွာသွားရန်လည်း နှင်ထုတ်ပိုင်ခွင့် လုံးဝမရှိပါ။

(စ) သိမ်းပိုက်ခံ နယ်မြေပေါ်မှ ပုဂ္ဂလိကပိုင်နှင့် အစိုးရပိုင် (အများပြည်သူပိုင်) အဆောက်အအုံများနှင့် ပစ္စည်း

များကို ဖျက်ဆီးဖောက်ခွဲခြင်း၊ လုယက်ခြင်း၊ သိမ်းယူခြင်း ပြုပိုင်ခွင့် မရှိပါ။ စစ်ရေးအရ အရေးတကြီး မလိုအပ်ပါဘဲလျက်နှင့် မည်သည့် ရန်သူနိုင်ငံပိုင် အဆောက်အအုံကိုမျှ ဖျက်ဆီးဖြိုလှဲ ဖောက်ခွဲပိုင်ခွင့် မရှိပါ။

(ဆ) ဒဏ်ရာရထားသူများနှင့် ဖျားနာနေသူများကို ထိခိုက်နစ်နာစေရန်နှင့် အသက်အန္တရာယ်ဖြစ်စေရန် ပြုလုပ်ခွင့် မရှိပါ။

(ဇ) ဒဏ်ရာ ရထားသူများကို ညှဉ်းပန်းမှု မပြုရသည့်အပြင် ဆေးဝါးကုသ ပြုစုပေးရန် တာဝန်ရှိသည်။

(ဈ) စစ်သုံ့ပန်းများအား ကျန်းမာရေး ထိခိုက်စေခြင်း၊ ရက်စက်မှု ပြုခြင်းနှင့် သတ်ဖြတ်ခြင်းများ လုံးဝပြုလုပ်ခွင့် မရှိပါ။

(ည) ဂျီနီဗာကွန်ဗင်းရှင်း ချိုးဖောက်ကျူးလွန်သူများအား ပြစ်ဒဏ် ချမှတ်ရန်အတွက် ဥပဒေများ ပြဋ္ဌာန်းပေးခဲ့ပါသည်။

(ဋ) စစ်ဘေးဒုက္ခသည် အရပ်သားများကို ကာကွယ်စောင့်ရှောက်ပေးရပါသည်။

၁၉၅၂ ခုနှစ်တွင် ကမ္ဘာ့ကြက်ခြေနီ ညီလာခံကြီးက တိုရန်တိုမြို့တွင် ၁၉၂၅ ခုနှစ်က ချုပ်ဆိုခဲ့သောဂျီနီဗာစစ်ရေးဆိုင်ရာ စည်းမျဉ်းဥပဒေသများကို ထပ်လောင်းအတည်ပြု လက်ခံခဲ့ကြသည်။

*Hague* မြို့တွင် ၁၉၅၄ ခုနှစ်က ကျင်းပခဲ့ကြသော နိုင်ငံတကာ ညီလာခံကြီးတွင် ရုရှား၊ ယူကရိန်းနှင့် ဘိုင်လိုရုရှားတို့က

ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ် အဆောက်အအုံများကို စစ်ဘေးဒဏ် အန္တရာယ်များနှင့် ဖျက်ဆီးခြင်းများမှ ကာကွယ်စောင့်ရှောက်ပေးကြပါရန် အဆိုပြု တင်သွင်းခဲ့ကြသည်။ ချူကလီးယား လက်နက်များ အားလုံးနှင့် ပြည်ပရှိ စစ်စခန်းများကို နိုင်ငံအားလုံးက ဖျက်သိမ်းကြပါရန် ဆိုဗီယက်ယူနီယံက ထပ်တလဲလဲ တိုက်တွန်းပြောကြားခဲ့ကြသည်။ ချူကလီးယားလက်နက်များ စမ်းသပ်ဖောက်ခွဲခြင်းများကို လုံးဝပိတ်ပင် ရပ်စဲကြရန်နှင့် စစ်တပ်ဖွဲ့များကို နိုင်ငံတိုင်းက ဖျက်သိမ်းပေးပါရန်ကိုပါ ဆိုဗီယက်အုပ်စုက အနောက်နိုင်ငံများအပေါ် တောင်းဆိုခဲ့ကြသည်။

၁၉၃၈ ခုနှစ် ဇွန်လ ၁၇ ရက်နေ့က အကာအကွယ် ကင်းမဲ့နေခဲ့သော တရုတ်မြို့ကြီးများအပေါ် ဂျပန်ဘုရင့်လေတပ်က ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းကိစ္စကို ဆိုဗီယက်တို့က အပြင်းအထန် ကန့်ကွက်ရှုတ်ချခဲ့ကြသေးသည်။ တရုတ်မြို့များရှိ အရပ်ဘက် အဆောက်အအုံများကို ဂျပန်ကြည်းတပ်က အမြောက်ကြီးများဖြင့် အပြင်းအထန် ပစ်ခတ်ခဲ့ခြင်းကိုလည်း ထပ်တလဲလဲ ရှုတ်ချပြစ်တင်ခဲ့သည်။ အရပ်သူ အရပ်သားများ၊ စစ်နှင့် မပတ်သက်သူများကို တိုက်ခိုက်ခြင်း မပြုရန် ဆိုဗီယက်တို့က အရေးဆိုခဲ့ကြခြင်း ဖြစ်၏။

၁၉၀၇ ခုနှစ် အထူးနိုင်ငံတကာစာချုပ်အရ နိုင်ငံတစ်နိုင်ငံက အခြားနိုင်ငံ တစ်နိုင်ငံအပေါ် စစ်ရေးအရ အရေးယူ တိုက်ခိုက်ပိုင်ခွင့် လုံးဝ မရှိပါ။ ၁၉၀၄ ခုနှစ်တွင် ဂျပန်ဘုရင့်ကြည်းတပ်နှင့် ရေတပ်များက ရုရှားနိုင်ငံကို စစ်မကြေညာဘဲ ဝင်ရောက်တိုက်ခိုက်ခဲ့ကြသည်။ စစ်မကြေညာဘဲ စစ်တိုက်ခြင်းလုပ်ရပ်သည် နိုင်ငံတကာဥပဒေကို ပြောင်ကျကျ အတိအလင်း ချိုးဖောက်ခြင်း ဖြစ်သည်ဟု

ဥပဒေရှုထောင့်မှ မှတ်ယူပါသည်။ စစ်မကြေညာဘဲ တိုက်ခိုက်သော နိုင်ငံကို နိုင်ငံတကာ ဥပဒေက ကျူးကျော်သူ *(aggressor)* ဟူ၍ သတ်မှတ်ပါသည်။

စစ်ကြေညာသည် ဖြစ်စေ၊ စစ်မကြေညာသည်ဖြစ်စေ စစ်ပွဲတစ်စုံတစ်ရာ ဖြစ်ပွား ပေါ်ပေါက်လာခဲ့ပါက စစ်ပြိုင်နိုင်ငံများမှ တပ်ဖွဲ့များ အားလုံးသည် နိုင်ငံတကာ စစ်ဥပဒေပါ စည်းကမ်းစည်းမျဉ်းများနှင့်အညီ တိကျစွာ လိုက်နာကြရန် တာဝန်အသီးသီး ရှိကြပါသည်။ စစ် ဖြစ်သည်နှင့် တစ်ပြိုင်နက် သံတမန်များကို မိမိတို့၏ မိခင်နိုင်ငံ အသီးသီးသို့ ချက်ချင်း ပြန်သွားခွင့် ပြုကြရန် စစ်ပြိုင်နိုင်ငံအားလုံးတွင် တာဝန်ရှိလာ၏။

အခန်း (၄)

## စစ်ဖြစ်လာချိန်တွင် စစ်ပြိုင်နိုင်ငံများစပ်ကြား ချုပ်ဆိုထားသော စာချုပ်များ အသက်မဝင် ဖြစ်လာခြင်းကိစ္စ

စစ်ဖြစ်လာသည်နှင့် တစ်ပြိုင်နက် စစ်ပြိုင်နိုင်ငံများ စပ်ကြားတွင် ချုပ်ဆိုထားသော နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ စာချုပ်စာတမ်းများသည် တရားဝင် ခိုင်မာမှု မရှိတော့ဘဲ စည်းနှောင်အား ကင်းမဲ့သွားကာ ဥပဒေသဘောအရ အသက်မဝင်ဘဲ ဖြစ်လာခဲ့သည်။

စစ်ပြိုင်နိုင်ငံများ စပ်ကြား စာတိုက်နှင့် ကြေးနန်းဆိုင်ရာ ချုပ်ဆိုထားခဲ့သော စာချုပ်များမှာလည်း ယာယီ ရပ်ဆိုင်းသွားကြ၏။ စစ်ပြီးသွားမှ ပြန်လည် အသက်ဝင် ခိုင်မာလာကြသည်။ သို့သော် စစ်နှင့်ဆိုင်သော သဘောတူစာချုပ်များမှာ ပျက်ပြယ်သွားခြင်း မရှိဘဲ တိကျစွာ လေးစား လိုက်နာကြရန် စစ်ပြိုင်နိုင်ငံများ စပ်ကြားတွင် ပို၍ တာဝန်ရှိလာကြသည်။

ကြားနေနိုင်ငံများအဖြစ် သတ်မှတ် ချုပ်ဆိုထားသော နိုင်ငံများ၏ ကြားနေရပ်တည်မှုကို စစ်ပြိုင်နိုင်ငံများက ထိပါးနှောင့်ယှက်ပိုင်ခွင့် လုံးဝမရှိပါ။ စစ်ပြိုင်နိုင်ငံများ စပ်ကြားရှိ ကုန်သွယ်ရေးစာချုပ်များမှာ ပျက်ပြယ်ရပ်ဆိုင်းသွားသည်။ ရန်သူ နိုင်ငံသားများသည် မိမိနိုင်ငံအတွင်း လွတ်လပ်စွာ လှုပ်ရှား သွားလာခွင့် မရှိတော့ပေ။

## စစ်ပြိုင်နယ်မြေ *(Theatre of military operations)*

စစ်ပြိုင် နိုင်ငံများက စစ်မက် ပြိုင်ဆိုင် တိုက်ခိုက်သော မြေပြင်၊ ရေပြင်နှင့် လေထုများကို စစ်ပြိုင်နယ်မြေ *(theatre of military operations)* ဟု နိုင်ငံတကာ စစ်ဥပဒေက သတ်မှတ်ပေးထားသည်။ သို့ရာတွင် ကြားနေနိုင်ငံများမှ ကုန်သင်္ဘောများ နိုင်ငံတကာရေပြင်တွင် လွတ်လပ်စွာ ခုတ်မောင်း သွားလာနေခြင်းကို ထိပါးနှောင့်ယှက်စေခြင်း မရှိစေရပါ။

## ကြားနေနိုင်ငံများ၏ ပိုင်နက်နယ်မြေများပေါ်တွင် စစ်နယ်မြေတည်ထောင်ခွင့် လုံးဝမရှိခြင်း

ကြားနေနိုင်ငံဟု ကြေညာထားသော မည်သည့် ကြားနေနိုင်ငံ၏ မြေပြင်၊ ရေပြင်နှင့် လေပြင်ထဲတွင် စစ်ပြိုင်နိုင်ငံများက စစ်ပွဲဝင်ရောက် ကျူးကျော် ဆင်နွှဲပိုင်ခွင့် မရှိစေရပါဟု နိုင်ငံတကာစစ်ဥပဒေက ပြဋ္ဌာန်းပေးထားသည်။ မည်သည့် စစ်ပွဲမျိုးတွင်မဆိုလက်နက်မဲ့ အရပ်သူ အရပ်သားများအပေါ် မည်သည့်စစ်ပြိုင်နိုင်ငံ၏ တပ်ဖွဲ့များကမှ တိုက်ခိုက်ခြင်း လုံးဝ ပြုပိုင်ခွင့် မရှိပါ။

ရန်သူ၏ ပြောက်ကျား တော်လှန်ရေး တပ်ဖွဲ့ဝင်များမှာမူ စစ်သည်များဟု သတ်မှတ်ခြင်း ခံရသဖြင့် ၄င်းတို့အား တစ်ဖက် တပ်ဖွဲ့များက တိုက်ခိုက်ခွင့် ရှိပါသည်။ ပြောက်ကျားရန်သူစစ်သည် များကို ဖမ်းဆီးရမိပါက ၄င်းတို့အား စစ်သုံ့ပန်းများ၏ ရပိုင်ခွင့် အတိုင်း အပ်နှင်း၍ ကျွေးမွေး စောင့်ရှောက်ကာ ဆေးဝါး ကုသပေးရန် တစ်ဖက်တပ်ဖွဲ့များတွင် တာဝန်ရှိလာပါသည်။ *(၁၉၄၉ ခုနှစ် ဂျီနီဗာ နိုင်ငံတကာ သဘောတူညီချက် Article 4 ၏ ပြဋ္ဌာန်းထားချက် အရ ဖြစ်ပါသည်။)*

# အခန်း (၅)

# ကြည်းကြောင်းစစ်ပွဲ ဆင်နွှဲရန် ပြဋ္ဌာန်းထားသော နည်းလမ်းများ

(၁) ရက်စက်လွန်းသော နည်းလမ်းများဖြင့် ရန်သူ့တပ်ဖွဲ့များကို တိုက်ခိုက်ခွင့် မရှိပါ။ အဆိပ်ဓာတ်ငွေ့ လက်နက်နှင့် ဓာတုပစ္စည်းများကိုလည်း လုံးဝသုံးစွဲခွင့် မရှိပါ။

(၂) လက်နက်ချ အညံ့ခံပြီးသား ရန်သူ့စစ်သည်များကို လုံးဝ ဘေးအန္တရာယ် ပြုလုပ်ခွင့် မရှိပါ။

(၃) မလိုအပ်ဘဲ ရန်သူပိုင် ပစ္စည်းများကို သိမ်းဆည်းခွင့် မရှိပါ။

(၄) ရန်သူ့နိုင်ငံသားများကို ၄င်းတို့၏မိခင်နိုင်ငံအား ပြန်လည်တိုက်ခိုက်ရန် လုံးဝ အမိန့်ပေး စေခိုင်းခွင့် မရှိပါ။ ရန်သူ့နိုင်ငံမှ စစ်သားဟောင်းများကိုလည်း ၄င်းတို့မိခင်နိုင်ငံကို ပြန်လည်တိုက်ခိုက်ရန် အမိန့်ပေး စေခိုင်းပိုင်ခွင့် လုံးဝမရှိပါ။

(၅) အကာအကွယ်မဲ့ ဖြစ်နေသော ရန်သူ့ မြို့ရွာများရှိ လူနေရပ်ကွက်များကို အမြောက်များဖြင့် ပစ်ခတ်ဖြိုခွင်း တိုက်ခိုက်ခွင့် မရှိပါ။ အကယ်၍ မလွှဲသာမရှောင်သာ ရန်သူ့မြို့ရွာများကို မိမိဘက်မှ အမြောက်များဖြင့် ပစ်ခတ် တိုက်ခိုက်ရန် လိုအပ်မည် ဆိုပါကလည်း မိမိ၏တပ်မှူးကြီးဖြစ်သူသည် ရန်သူ့ အရပ်သားများအား မြို့ရွာများမှ အမြန်ဆုံး ထွက်ခွာသွားကြရန် သတိပေး နှိုးဆော်ပြီးမှသာ မိမိဘက်မှ ၎င်း မြို့ရွာများကို အမြောက်လက်နက်များဖြင့် ပစ်ခတ်ဖြိုခွင်းခွင့် ရှိပါသည်။

(၆) စစ်ပြိုင်နိုင်ငံများမှ စစ်သည်များသည် မိမိနိုင်ငံ၏ စစ်တပ်ဖွဲ့များ၏ တံဆိပ်အမှတ်အသားများကို အဝေးမှ သဲကွဲစွာ မြင်နိုင်သည့် စစ်ဝတ်စုံများ *(uniforms)* ကို ဝတ်ဆင်ပြီးမှ တိုက်ပွဲဝင်ကြရမည်။

(၇) အမြောက်ပစ်ခတ်သော တပ်ဖွဲ့များအနေဖြင့် အတတ်နိုင်ဆုံး တစ်ဖက်ရန်သူနိုင်ငံ၏ အထွတ်အမြတ် ထားရှိရာ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ သိပ္ပံဓာတ်ခွဲခန်းနှင့် သိပ္ပံသုတေသန ဌာနများ၊ ယဉ်ကျေးမှုဆိုင်ရာနှင့် ရှေးဟောင်း အဆောက်အအုံများ၊ သမိုင်းဝင် အဆောက်အအုံများ၊ ဆေးရုံ၊ ဆေးခန်း၊ ဆေးပေးခန်းများနှင့် စစ်ရေးနှင့် မပတ်သက်သည့် နေရာမှန်သမျှကို ရှောင်ကွင်း ပစ်ခတ်ကြရန် တာဝန်ရှိကြပါသည်။

သို့သော် ဒေသခံပြည်သူလူထုကလည်း ဖော်ပြပါ အဆောက်အအုံများကို ရန်သူ့တပ်ဖွဲ့များက အဝေးမှ သဲကွဲထင်ရှားစွာ မြင်နိုင်စေရန်အတွက် သဲကွဲခြားနားသော အထိမ်းအမှတ် လက္ခဏာများကို ပြသပေးထားကြရန် တာဝန်အသီးသီး ရှိကြပါသည်။

၁၉၄၉ ခုနှစ် ဂျီနီဗာ စာချုပ်အရ သိမ်းပိုက်ရေးတပ်ဖွဲ့များသည် သိမ်းပိုက်ခံနယ်မြေများမှ ဒေသခံပြည်သူများကို နှိပ်စက်ညှဉ်းပန်းခြင်း၊ မတရား အနိုင်အထက် ပြုကျင့်ခြင်း၊ ဓားစာခံများအဖြစ် ဖမ်းဆီး ထိန်းသိမ်းထားပိုင်ခွင့် လုံးဝမရှိပါ။

၁၈၆၈ ခုနှစ် *St. Petersburg* သဘောတူစာချုပ်အရ စူးရှဖောက်ဝင်မှု ပြင်းထန်သော ခဲယမ်းနှင့် မီးလောင်ကျွမ်းစေသည့် လက်နက်ခဲယမ်းများကို စစ်ပွဲများတွင် သုံးစွဲခွင့် လုံးဝမရှိပါ။ ၁၉၅၄ ခုနှစ် မေလ ၁၄ ရက်နေ့က ချုပ်ဆိုခဲ့သော အထူး နိုင်ငံတကာစာချုပ်အရ ယဉ်ကျေးမှုဆိုင်ရာ အဆောက်အအုံများအား လုံးဝဖျက်ဆီး တိုက်ခိုက်ခွင့် မရှိပါ။

သိမ်းပိုက်ခံနယ်မြေမှ ဒေသခံပြည်သူများအား ၎င်းတို့နိုင်ငံတပ်ဖွဲ့များ၏ စစ်သတင်းများကို နှိပ်စက်ညှဉ်းပန်း၍ အကျပ်ကိုင်မေးမြန်းခွင့် မရှိပါ။

**မှတ်ချက်။** နိုင်ငံတကာ စစ်ဥပဒေများကို ချိုးဖောက်ခဲ့ကြသော ဂျာမန်နှင့် ဂျပန် စစ်ဘက်အရာရှိကြီးများကို *Nuremberg* နှင့် တိုကျို စစ်ခုံရုံးက စစ်ဆေးပြီး ပြစ်မှုထင်ရှားသူများကို ပြစ်ဒဏ်အသီးသီး ချမှတ်ခဲ့ကြပါသည်။

အခန်း (၆)

# သိမ်းပိုက်ထားခြင်းခံရသော နယ်မြေကို အုပ်ချုပ်စီမံ ခန့်ခွဲခြင်းဆိုင်ရာကိစ္စ

နိုင်ငံခြားစစ်ပြိုင်တပ်ဖွဲ့များ၏ တိုက်ရိုက်ထိန်းချုပ်ကွပ်ကဲမှုအောက်တွင် ရှိနေသော နယ်မြေတစ်ရပ်ကို 'သိမ်းပိုက်ထားခြင်းခံရသော နယ်မြေ' ဟု နိုင်ငံတကာ ဥပဒေက သတ်မှတ်ထားပါသည်။ သိမ်းပိုက်ထားသော တပ်မှူးက မိမိတပ်ဖွဲ့များ သိမ်းပိုက်ထားသော နယ်မြေအတွင်း တရားဥပဒေ စိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားရေးကို ပိုင်နိုင်စွာ ထိန်းချုပ် စီမံခန့်ခွဲပေးရန် တာဝန်ရှိပါသည်။ နယ်မြေလုံခြုံရေးကို ပိုင်နိုင်စွာ ထိန်းသိမ်းပေးရန်လည်း တာဝန်ရှိပါသေးသည်။ နယ်မြေအတွင်း မူလက တည်ရှိဆဲ တရားဥပဒေများကိုလည်း ဆက်လက် တည်တံ့ ခိုင်မြဲစေရပါမည်။ သိမ်းပိုက်ခံနယ်မြေမှ လူထုက မိမိတို့ကို သိမ်းပိုက်ထားသည့် တပ်များအပေါ် သစ္စာခံ

ရန် တိုက်တွန်း အကျပ်ကိုင်ခြင်း ပြုခွင့်မရှိပါ။ ထိုနယ်မြေခံ ပြည်သူတို့၏ ပုဂ္ဂလိကပိုင် ပစ္စည်းများကို သိမ်းယူခြင်း သို့မဟုတ် ခိုးယူခြင်း ပြုလုပ်ပါက ရာဇဝတ်မှုမြောက်သည်ဟု နိုင်ငံတကာ စစ်ဘက်ဆိုင်ရာ ဥပဒေက ပြဋ္ဌာန်းထားပါသည်။

## သိမ်းပိုက်ခံနယ်မြေတွင် အကောက်ခွန် ကောက်ခံပိုင်ခွင့်

မိမိတို့ သိမ်းပိုက်ထားသောနယ်မြေ၏ စည်ပင်သာယာရေးကိစ္စများ၊ သန့်ရှင်းရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် လမ်းများ ပြုပြင်ရေး၊ မိလ္လာနှင့် မီးတိုင်များ၊ တယ်လီဖုန်းတိုင်များ တပ်ဆင်ထိန်းသိမ်းရေးကိစ္စများ ဆောင်ရွက်ပေးနိုင်ရန်အတွက် လိုအပ်သော စည်ပင်သာယာဆိုင်ရာ အခွန်အခများကို သိမ်းပိုက်ထားသော တပ်ဖွဲ့မှူးများက ကောက်ခံ သုံးစွဲပိုင်ခွင့် ရရှိထားကြပါသည်။ ထိုသို့ အခွန်ကောက်ခံမည်ဖြစ်ကြောင်း သိမ်းပိုက်တပ်ဖွဲ့များ၏ စစ်ဦးစီးချုပ်က စာဖြင့် ရေးသားကာ လက်မှတ်ရေးထိုး၍ အမိန့် ထုတ်ပြန်ပေးရန် လိုအပ်ပါသည်။ အခွန်ထမ်းဆောင်ပြီးသူများကိုလည်း အခွန်ထမ်းဆောင်ပြီးကြောင်း ပြေစာ ထုတ်ပေးရန် တာဝန်ရှိ၏။

## ရန်သူနိုင်ငံ အစိုးရပိုင် ငွေကြေး၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို သိမ်းယူသုံးစွဲပိုင်ခွင့်ရရှိခြင်း

ရန်သူ့နယ်မြေကို သိမ်းပိုက်ထားသောတပ်ဖွဲ့များသည် ရန်သူ့အစိုးရက ပိုင်ဆိုင်သောငွေကြေး၊ ရန်ပုံငွေများနှင့် စစ်ပွဲအတွက်အထောက်အပံ့ ဖြစ်စေနိုင်သော ရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို စစ်

အတွက် အရေးပေါ် သုံးစွဲပိုင်ခွင့် ရရှိပါသည်။ ရန်သူ့စစ်လက်နက် တိုက်များ၊ ခဲယမ်းများ၊ စစ်ဘက် အသုံးအဆောင် ပစ္စည်းများကို သိမ်းယူပိုင်ခွင့်ရှိပြီး လိုအပ်လျှင် ပုဂ္ဂလိက ရေယာဉ်နှင့် ကားများကို ပါ သိမ်းယူခွင့်ရှိ၏။ ရန်သူ့ ရေအောက် ကြေးနန်း ဆက်သွယ်ရေး လိုင်းများကို စစ်ရေးအရ အရေးပေါ် လိုအပ်လာပါက ဖြတ်တောက် ဖျက်ဆီးပိုင်ခွင့် ရှိသေး၏။ သို့သော် စစ်ပွဲပြီးဆုံးသွားပါက ပြန်လည် တပ်ဆင် ပြုပြင်ပေးရန် တာဝန်ရှိပြန်ပါသည်။

ရန်သူနိုင်ငံပိုင် အစိုးရ အဆောက်အအုံများ၊ သစ်တောနှင့် သစ်တောထွက်ပစ္စည်းများ၊ စိုက်ပျိုးမြေများကို ယာယီ ထိန်းသိမ်း အုပ်ချုပ်စီမံခန့်ခွဲပိုင်ခွင့်ရရှိကြပါသည်။ သို့သော် ဆေးရုံများ၊ ကျောင်းများ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ လှူဒါန်း ဆောက်လုပ်ထားသော အဆောက်အအုံများ၊ သိပ္ပံနှင့်နည်းပညာ ဆိုင်ရာ အဆောက်အအုံများကို သိမ်းပိုက်ရေးတပ်ဖွဲ့များက ကာ ကွယ် စောင့်ရှောက်ပေးရန်လည်း တာဝန်အသီးသီး ရှိကြသည်။

## ရေကာတာနှင့် တာတမံများအား ဗုံးကြဲဖျက်ဆီးပိုင်ခွင့် မရှိကြောင်း နိုင်ငံတကာ စစ်ဥပဒေ၏ ပိတ်ပင်တားမြစ်ချက်

နိုင်ငံတကာ စစ်ဥပဒေက ရန်သူနိုင်ငံပိုင် ရေကာတာကြီးများနှင့် ဆည်မြောင်း တာတမံကြီးများကို ဗုံးကြဲတိုက်ခိုက် ဖျက်ဆီးပိုင်ခွင့် မရှိကြောင်း အတိအလင်း ကြေညာ ဟန့်တား ပိတ်ပင်တားဆီး ထားပြီး ဖြစ်၏။

သို့သော် ၁၉၆၈ ခုနှစ် မေလ ၂၆ ရက်နေ့တွင် မြောက် ဗီယက်နမ်နိုင်ငံ ရေအားထိန်းသိမ်းရေး ဝန်ကြီးဌာနမှ ဟန္နိုင်းမြို့

တော် ပတ်ဝန်းကျင်နှင့် အခြားခရိုင် ခုနစ်ခုရှိ တာတမံများအပေါ် အမေရိကန် စစ်လေယာဉ်များက ဗုံးများ ၄၂ ကြိမ် ကြဲချခဲ့ကြောင်း နေရာနှင့် ရက်စွဲများဖြင့် အတိအကျ ဖော်ပြပြီး ကမ္ဘာကို ကြေညာခဲ့သည်။

အကြောင်းမှာ ဆည်ကြီးများနှင့် တာတမံကြီးများသည် မဟာဗျူဟာအရ အရေးပါသော ပစ်မှတ်များ ဖြစ်ပြီး ၎င်းတို့ကို ဗုံးကြဲတိုက်ခိုက်ခဲ့ပါက အရပ်သားများ ထောင်သောင်းမက သေကျေပျက်စီးကြရမည် ဖြစ်ခြင်းကြောင့်ပင် ဖြစ်ပေသည်။

၁၉၆၈ ခုနှစ် ဇူလိုင်လတွင် အမေရိကန်လေတပ်က မြောက်ဗီယက်နမ်ရှိ တာတမံများကို ၁၇၃ ကြိမ် ထပ်မံ၍ ဗုံးကြဲတိုက်ခိုက်ခဲ့ကြပြန်သည်။ တာတမံ ၁၄၉ ခု ထိမှန်ပြီး အကြီးအကျယ် ပျက်စီးခဲ့ကြရသည်ဟု ဆို၏။ ၁၉၄၅ ခုနှစ်တွင် ဂျပန်တပ်များက ဗီယက်နမ် တာတမံများကို တိုက်ခိုက်ဖျက်ဆီးခဲ့ကြသဖြင့် ဗီယက်နမ်လူမျိုး နှစ်သန်းကျော် သေဆုံးခဲ့ကြရသည်ဟု ဆိုပါသည်။

ထိုစဉ်က ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဖြစ်ခဲ့သူ ကတ်ဝါးဟိန်း *(Kurt Walhein)* က မြောက်ဗီယက်နမ်နိုင်ငံရှိ တာတမံများအား အမေရိကန် လေတပ်က ဗုံးကြဲတိုက်ခိုက် ဖျက်ဆီးနေသည်ကို ရပ်ဆိုင်းပေးပါရန် မေတ္တာရပ်ခံခဲ့သည်။

ကမ္ဘာ့ခရစ်ယာန် ဝတ်ပြုကျောင်းများကောင်စီ *(World Council of Churches)* မှ အထွေထွေ အတွင်းရေးမှူး *Dr. Eugene Carson Blake* က တာတမံများကို ဗုံးကြဲနေခြင်းကို ရပ်ဆိုင်းပေးပါရန် အမေရိကန် သမ္မတ နစ်ဆင်အား ပန်ကြားခဲ့ပြန်သည်။

မြောက်ဗီယက်နမ်နိုင်ငံအတွင်းရှိ တာတမံကြီးများအား အမေရိကန် လေယာဉ်များက ဗုံးကြဲဖျက်ဆီးထားခဲ့သည့် ဓာတ်ပုံများနှင့် ရုပ်ရှင်များကို နယူးယော့ခ်မြို့ သတင်းစာရှင်းလင်းပွဲများတွင် ပြည်သူများအား သက်သေခံ အထောက်အထားများဖြင့် တင်ပြခဲ့ကြသည်။

**ဗီယက်နမ် စစ်ရာဇဝတ်မှု စုံစမ်းရေးအဖွဲ့၏ တွေ့ရှိချက် *(International Commission for Inquiry into U.S. War Crimes in Indochina)***

အမေရိကန်ပြည်ထောင်စုမှ ရှေ့နေချုပ်ဟောင်း ရမ်ဆေး ကလပ်ခ် *(Mr. Ramsey Clark)* နှင့် အိုင်ယာလန် သမ္မတနိုင်ငံမှ ဝန်ကြီးဟောင်း ရှောင် မက်ဘရိုက်ဒ် *(Sean Mc. Bride)* တို့ ပါဝင်သော ပုဂ္ဂိုလ် ရှစ်ဦးဖြင့် ဖွဲ့ထားသည့် အမေရိကန် စစ်ရာဇဝတ်မှုများ စုံစမ်းရေး နိုင်ငံတကာ ကော်မရှင်သည် အင်ဒိုချိုင်းနား စစ်ပွဲဖြစ်ပွားရာ မြောက်ဗီယက်နမ်နိုင်ငံသို့ ရက်သတ္တပတ် နှစ်ပတ်ကြာ သွားရောက်၍ မျက်မြင်ကိုယ်တွေ့ လေ့လာစုံစမ်း စစ်ဆေးမှုများ ပြုလုပ်ခဲ့ကြသည်။ ထိုသို့ လေ့လာစုံစမ်းခဲ့ကြရာတွင် အောက်ဖော်ပြပါ အရေးပါသော အချက်များကို ဆန်းစစ်ဖော်ထုတ် တွေ့ရှိခဲ့ကြရ၏-

(၁) ဗုံးကြဲတိုက်ခိုက်မှုများမှာ တမင်ရည်ရွယ်၍ ပြုလုပ်ထားခဲ့ကြခြင်း ဖြစ်သည်၊

(၂) အမေရိကန်တို့က ဗုံးကြဲရန် ရွေးချယ်သတ်မှတ်ထားသော နေရာဒေသနှင့် ပစ်မှတ်များမှာ ရေပေးဝေရေး

စနစ်များကို ပျက်စီးစေပြီး ရေလွှမ်းမိုးမှုများကိုပါ ဖြစ်စေနိုင်သော နေရာများ ဖြစ်သည်၊

(၃) ဗုံးကြဲခံရသော ဗီယက်နမ်နိုင်ငံ၏ နယ်မြေဒေသများမှာ စားနပ်ရိက္ခာ ထုတ်လုပ်ရာ အဓိကဒေသများ ဖြစ်ကြပြီး လူနေ ထူထပ်သော ဒေသများသာ ဖြစ်နေကြောင်း တွေ့ရသည်၊

(၄) ဗုံးကြဲချထားသော ပုံစံများမှာ ပြန်လည် ပြင်ဆင်ရန် ခက်ခဲအောင် တမင် ရည်ရွယ်ကြဲချခဲ့ကြောင်း တွေ့ခဲ့ကြရသည်၊

(၅) အမေရိကန် လေတပ်က ဗုံးကြဲ တိုက်ခိုက်ခဲ့ကြသော နေရာများမှာ စစ်ရေး ပစ်မှတ်များ၊ စစ်ရေးအတွက် အသုံးပြု၍ မရသော နေရာများဖြစ်ကြောင်း တွေ့ရှိခဲ့ကြရသည်။

(၆) အင်ဒိုချိုင်းနားဒေသ တစ်ခုလုံးဖြစ်သော ဗီယက်နမ်နိုင်ငံ၊ လောနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံများအပေါ်သို့ အမေရိကန် လေတပ်က ကြဲချခဲ့ကြသော ဗုံးတန်ချိန် စုစုပေါင်းမှာ ဒုတိယကမ္ဘာစစ် ကာလအတွင်းက အသုံးပြုခဲ့ကြသည့် ဗုံးတန်ချိန် စုစုပေါင်း၏ သုံးဆထက် ပို၍ များပြားကြောင်း လေ့လာတွေ့ရှိခဲ့ကြသည်၊

(၇) ၁၉၆၈ ခုနှစ် ဧပြီလမှ ဇူလိုင်လအတွင်း အမေရိကန်နိုင်ငံက ဗီယက်နမ်နိုင်ငံအတွင်း ဗုံးများ အပြင်းအထန် ကြဲချခဲ့ကြသဖြင့် မူလတန်းကျောင်း ၁၀၀ ကျော်၊

အထက်တန်းကျောင်းပေါင်း ၆၀ ကျော်၊ ဆေးရုံ ၂၂ ရုံ၊ ဘုရားရှိခိုးကျောင်း ၃၀ ကျော်နှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း အမြောက်အမြား လုံးဝ ပျက်သုဉ်း ဆုံးရှုံးခဲ့ကြရသည်။

## ဗီယက်နမ်နိုင်ငံအပေါ် အမေရိကန်နိုင်ငံက မိုးလေဝသ စစ်ဆင်ရေးတစ်ရပ် ဆင်နွှဲခဲ့ခြင်း

အမေရိကန်နိုင်ငံက ဗီယက်နမ်နိုင်ငံအပေါ် မိုးသည်းထန်စွာ ရွာသွန်းစေရန်အတွက် ၁၉၆၃ ခုနှစ်ကတည်းက သိပ္ပံနှင့် နည်းပညာ အသုံးပြု၍ မိုးတိမ်များ ပိုမိုဖြစ်ထွန်း ပေါ်ပေါက်လာအောင် ပြုလုပ်ခဲ့ကြကြောင်း *New York Times* သတင်းစာ (အမေရိကန်နိုင်ငံမှ သတင်းစာ) ကပင် အကျယ်တဝင့် ရေးသားဖော်ပြခဲ့သည်။ ထိုသို့ ပြုလုပ်ခဲ့မှုကြောင့် ဗီယက်နမ် ခြေလျင်တပ်ဖွဲ့များ ချီတက်ရာတွင် ရွှံ့နွံဗွက်များ ထူပြောလာသဖြင့် များစွာ ခက်ခဲလာခဲ့ကြရသည်။

## ရန်သူစစ်သည်များအား ပြစ်မှု ကျူးလွန်ကြောင်း တရားခွင်တွင် စုံစမ်းစစ်ဆေးမှုမရှိဘဲ သေဒဏ်စီရင်ခွင့် မရှိခြင်း

ရန်သူသူလျှိုများမှလွဲ၍ ရန်သူစစ်သည်များအပေါ် ပြစ်မှု အသေးအဖွဲ့ကလေးများ ကျူးလွန်ကာမျှဖြင့် သေဒဏ် အပြစ်ပေး စီရင်ပိုင်ခွင့် မရှိကြပေ။ *(၁၉၄၉ ခုနှစ် ဂျီနီဗာသဘောတူစာချုပ် Article 2 အရ ဖြစ်သည်။)*

**ငြိမ်းချမ်းရေးစကား ကမ်းလှမ်းရန် လာရောက်ကြသော စစ်သည်များအား ဘေးအန္တရာယ်ပြုခွင့် မရှိခြင်း *(Protection of Flag-bearers for negotiation)***

၁၉၀၇ ခုနှစ်က ချုပ်ဆိုခဲ့ကြသော စတုတ္ထအကြိမ်မြောက် *Hague* နိုင်ငံတကာ သဘောတူစာချုပ်အရ ကြည်းတပ်ဆိုင်ရာ စစ်ဥပဒေသများနှင့် ပတ်သက်၍ တစ်ဖက် စစ်ပြိုင်နိုင်ငံအုပ်စုမှ ညှိနှိုင်းဆွေးနွေးရန် သို့မဟုတ် အပစ်အခတ် ရပ်စဲရန် သို့မဟုတ် ငြိမ်းချမ်းရေးစကားကမ်းလှမ်းရန် တာဝန်ပေးအပ်ခြင်းခံရသဖြင့် မိမိထံသို့ လာရောက်သော ရန်သူဘက်မှ စစ်သည်နှင့်အရာရှိများအား ပစ်ခတ်တိုက်ခိုက်ခွင့် မရှိပါ။ လာရောက်သော ရန်သူစစ်သည်များကလည်း အပစ်အခတ် ခေတ္တရပ်စဲထားရန် အလံလွှင့်ထူကာ သိသာထင်ရှားသော အထိမ်းအမှတ်လက္ခဏာ ပြသ၍ ရန်သူ့စစ်စခန်းကို လာရောက်ရန် အထူးလိုအပ်ပေသည်။

အကယ်၍ ထိုသို့ အလံဖြူကိုင်ကာ လာရောက်သူသည် မိမိရရှိထားသည့် အခွင့်အရေးကို ချိုးဖောက်ပြီး ရန်သူ့စခန်းများ၊ တပ်ဖွဲ့များ၏ အခြေအနေကို စုံစမ်း ထောက်လှမ်း အကဲဖြတ်ရန် လာရောက်ခြင်းမျိုး ဖြစ်ပါက ၎င်းအား တစ်ဖက်ရန်သူတပ်ဖွဲ့မှ ခေတ္တဖမ်းဆီး ထိန်းသိမ်းထားခွင့် ရှိပါသည်။ သစ္စာဖောက်ဖျက်ပြီး သူလျှိုလုပ်ငန်း လုပ်ကိုင်လာခဲ့ပါက ၎င်းအပေါ် မူလက ပေးအပ်ထားသော အကာအကွယ်နှင့် အထူး အခွင့်အရေး ဟူသမျှကို လက်လွှတ် ဆုံးရှုံးသွားလိမ့်မည်ဖြစ်သည်။

လက်နက်ကိုင် တပ်ဖွဲ့များ၏ တပ်မှူးကြီးက တစ်ဖက်မှ အလံဖြူ ကိုင်ဆောင်လာသူများအား အမြဲတမ်း ကိုယ်တိုင်လက်ခံ

တွေ့ဆုံရန် တာဝန်မရှိပါ။ အလံဖြူကိုင်ဆောင်လာသူက မိမိတပ်ဖွဲ့များနှင့် ပတ်သက်၍ သတင်းထောက်လှမ်းမှုများ လုံးဝမပြုလုပ်နိုင်စေရန်အတွက် လိုအပ်သော ကြိုတင် ကာကွယ်မှု အမျိုးမျိုးကို လုပ်ဆောင် စီမံခန့်ခွဲထားပိုင်ခွင့် အပြည့်အဝ ရရှိထားပြီးဖြစ်၏။

ရန်သူ့စခန်းသို့ ညှိနှိုင်း ဆွေးနွေးရန် သွားရောက်ခြင်းမပြုမီ မိမိဘက်မှ ရေဒီယို ဆက်သွယ်ရေး ကိရိယာမှတစ်ဆင့် ရန်သူ့ဌာနချုပ်သို့ မိမိတို့ ညှိနှိုင်းဆွေးနွေးရန် လာမည်ဖြစ်ကြောင်း ကြိုတင် အကြောင်းကြားရန် တာဝန်ရှိပါသည်။

## ကင်းထောက်ခြင်းနှင့် လှည့်ကင်းများမှ စစ်သည်များကို သူလျှိုများဟု သတ်မှတ်ပိုင်ခွင့် မရှိခြင်း

မိမိတပ်ဖွဲ့ဆိုင်ရာ စစ်ဝတ်စုံများကို သတ်မှတ်ပြဋ္ဌာန်းပေးထားသော နည်းလမ်းများအတိုင်း ပြည့်စုံစွာ ဝတ်ဆင်၍ ရန်သူ့စစ်ကြောင်းအတွင်းသို့ ထိုးဖောက် ဝင်ရောက်ကာ ကင်းလှည့်ထောက်လှမ်းကြည့်ရှုရန်ရောက်လာကြသော စစ်သည်များကို တစ်ဖက်မှ ဖမ်းဆီးရမိပါက ၎င်းတို့အား သူလျှိုများဟု သတ်မှတ်ပိုင်ခွင့် လုံးဝမရှိပေ။

တစ်ဖက်ရန်သူစခန်းသို့ တရားဝင်လာရောက်၍ အကြောင်းကြားစာများ ပေးပို့သော စစ်သည် သို့မဟုတ် အရပ်သားကိုလည်း သူလျှို ဟူ၍ သတ်မှတ်ပိုင်ခွင့် မရှိပါ။ လေယာဉ်ဖြင့် တစ်ဆင့်လာရောက် စာပို့သူများနှင့် လေကြောင်းမှတစ်ဆင့် စာများပေးပို့သော တပ်သားများကိုလည်း သူလျှိုများဟု သတ်မှတ်၍ မရပါ။

ကင်းထောက်စစ်သားများအား နိုင်ငံတကာ စစ်ဥပဒေအရ ကာကွယ်မှု အပြည့်အဝ ပေးထားပြီး ဖြစ်သည်။

## သူလျှိုများ (*Spies*)

နိုင်ငံခြား ရန်သူ့တပ်ဖွဲ့များအတွင်းသို့ ရုပ်ဖျက်၍ဖြစ်စေ၊ တစ်နည်းနည်း ဟန်ဆောင်၍ဖြစ်စေ ထိုးဖောက်ဝင်ရောက်လာပြီး ရန်သူ့စစ်ဘက်ဆိုင်ရာ သတင်းအချက်အလက်များကို လျှို့ဝှက် ထောက်လှမ်း စုဆောင်းရယူကာ မိမိနိုင်ငံ သို့မဟုတ် မိမိတပ်ဖွဲ့များထံသို့ လျှို့ဝှက်စွာ ပြန်လည် သတင်းပို့သော လျှို့ဝှက်ထောက်လှမ်းရေး သမားများကိုသာ နိုင်ငံတကာ စစ်ဥပဒေအရ လျှို့ဝှက်သူလျှိုများ ဟု သတ်မှတ်ပါသည်။ သူလျှိုများ ကျူးလွန်သော ပြစ်မှုကို စစ်ဆေးပြီးနောက် ပြစ်မှုထင်ရှားပါက ၎င်းတို့မှာ သေဒဏ်စီရင်ခြင်း ခံကြရလေသည်။

ထွက်ပြေး လွတ်မြောက်သွားသော သူလျှိုတစ်ဦးသည် မိမိတပ်ဖွဲ့တွင် ပြန်လည်စစ်မှုထမ်းနေစဉ် ရန်သူက ဖမ်းဆီး ရမိပါက ယခင်က ၎င်းကျူးလွန်ခဲ့သော သူလျှိုမှုအတွက် ပြစ်ဒဏ်ချမှတ်၍ မရပါ။

## စစ်သုံ့ပန်းများ (*Prisoners of War*)

ရန်သူဘက်မှ ဖမ်းဆီးရမိထားသော ရန်သူစစ်သည်များ၊ အပျော်တမ်း တပ်ဖွဲ့ဝင်များ (*volunteers*)၊ လွတ်မြောက်ရေးတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ အခြားတစ်နိုင်ငံအတွက် တော်လှန်ရေး တိုက်ပွဲများတွင် ပါဝင်သော စစ်သည်များအားလုံးကို 'ရန်သူ့စစ်သုံ့ပန်းများ' ဟူ၍ နိုင်ငံတကာ စစ်ဥပဒေက သတ်မှတ်ပြဋ္ဌာန်းပေးထား၏။ ၁၉၀၇ ခုနှစ် စတုတ္ထအကြိမ်မြောက် *Hague* နိုင်ငံ

တကာ သဘောတူစာချုပ်၊ ၁၉၂၉ နှင့် ၁၉၄၉ ခုနှစ်များက ချုပ်ဆိုခဲ့သော စစ်သုံ့ပန်းများအပေါ် ဆက်ဆံရေးနှင့် ပတ်သက်သည့် ဂျီနီဗာ သဘောတူ စာချုပ်များက စစ်သုံ့ပန်းများကို ကာကွယ်စောင့်ရှောက် ကျွေးမွေးကာ ဆေးဝါးကုသပေးရန် ဖမ်းဆီးထားသော တပ်ဖွဲ့များတွင် တာဝန်ရှိကြောင်းနှင့် စစ်သုံ့ပန်းများကို နှိပ်စက် ညှဉ်းပန်း ရိုက်နှက်ခွင့် လုံးဝမရှိကြောင်းကို အတိအလင်း သတ်မှတ် ပြဋ္ဌာန်းပေးထားကြပြီး ဖြစ်၏။

စစ်သုံ့ပန်းများသည် မိမိနိုင်ငံ အစိုးရကိုသာ သစ္စာခံကြရန် ဖြစ်ပြီး မိမိအား ဖမ်းဆီးထားသော ရန်သူ့တပ်ဖွဲ့များထံ သစ္စာခံရန် မလိုပါ။ စစ်သုံ့ပန်းများအပေါ် လူသား ပီသစွာ ဆက်ဆံကြရန် ဖမ်းဆီးထားသော ရန်သူတပ်ဖွဲ့ဝင်များ အားလုံးတွင် အသီးသီး ကိုယ်စီကိုယ်င တာဝန်ရှိကြပါသည်။

လက်နက်ခဲယမ်းများမှလွဲ၍ စစ်သုံ့ပန်းများသည် မိမိတို့ပိုင် ပစ္စည်းပစ္စယများကို ကိုယ်တိုင် သိမ်းဆည်း သုံးစွဲပိုင်ခွင့် ရှိသည်။ သို့သော် စစ်ရေးစစ်ရာနှင့် ပတ်သက်သော စာရွက်စာတမ်းများကိုမူ မိမိတို့လက်ဝယ် ထိန်းသိမ်းထားရှိပိုင်ခွင့် လုံးဝမရှိတော့ပါ။

စစ်သုံ့ပန်းများကို ရန်သူပိုင်နက်နယ်မြေ အတွင်းရှိ မြို့ရွာဒေသများ၊ ခံတပ်များ၊ သံဆူးကြိုး ကာရံထားသော စခန်းများ၊ အကာအရံ မရှိသော ကွင်းပြင်များတွင် ထိန်းသိမ်းထားခွင့် ရှိပြီး ၎င်းတို့အနေဖြင့် သတ်မှတ်ပေးထားသော စည်းဝိုင်းအပြင်ဘက်သို့ ထွက်ခွင့် လုံးဝမရှိပါ။ စစ်သုံ့ပန်းများ၏ လွတ်လပ်မှုအား လုံခြုံရေးအရ လိုအပ်သမျှအထိသာ ထိန်းချုပ် ကန့်သတ်ပိုင်ခွင့် ရှိကြပါသည်။

ဖမ်းဆီးထားသော ရန်သူ့တပ်ဖွဲ့များက အရာရှိအဆင့် စစ်သုံ့ပန်း ပုဂ္ဂိုလ်များအား ကာယအလုပ်များ၊ အလုပ်ကြမ်းများကို လုံးဝ စေခိုင်းပိုင်ခွင့် မရှိပါ။ ရဲဘော်များကိုမူ ကာယဗလကို သုံးစွဲ၍ လုပ်ကိုင်ရသော စစ်ရေးနှင့် မပတ်သက်သည့် အလုပ်များကို စေခိုင်းခွင့် ရရှိပါသည်။ (ဥပမာ - ရေမြောင်းတူးဖော် ဖောက်လုပ်ခြင်း ကိစ္စ စသည်များ ဖြစ်၏) သို့သော် အလွန်ခက်ခဲကြမ်းတမ်း ပင်ပန်းသော အလုပ်များကိုမူ ရန်သူ့စစ်သုံ့ပန်း ရဲဘော်များကိုပင် စေခိုင်းခွင့် မရှိပါ။

စစ်သုံ့ပန်းများ၏ လစာအချို့အဝက်ကို ၎င်းတို့ နေထိုင်ရာ နေရာ၏ တိုးတက်ကောင်းမွန်ရေးအတွက် သုံးစွဲခွင့်ရှိပြီး ကျန်ငွေများကို ၎င်းတို့လက်သို့ အရောက်ပေးအပ်ရန် ရန်သူ့တပ်ဖွဲ့များတွင် တာဝန်ရှိကြပါသည်။ စစ်သုံ့ပန်းများအား အာဟာရ ပြည့်ဝစွာ ကျွေးမွေးရန်နှင့် ဖမ်းဆီးထားသူများ၌ မိမိတပ်ဖွဲ့များနည်းတူ အဆင့်အတန်းတူညီစွာ ထားရှိကျွေးမွေးထားရန် တာဝန်ရှိပါသေးသည်။ *(၁၉၄၉ ခုနှစ် ဩဂုတ်လ ၁၂ ရက်နေ့က ချုပ်ဆိုခဲ့ကြသော ဂျီနီဗာ နိုင်ငံတကာ စာချုပ်၏ Article 25 အရ ဖြစ်ပါသည်။)*

စစ်သုံ့ပန်းများ အနေဖြင့် မိမိတို့အား ဖမ်းဆီးထားသော ရန်သူ့တပ်ဖွဲ့များ၏ စစ်စည်းကမ်းများကို တိကျစွာ လေးစား လိုက်နာကြရန် တာဝန်အသီးသီး ရှိကြ၏။ ထိုသို့ မလိုက်နာခဲ့ကြပါက စစ်သုံ့ပန်းများ ရထိုက်၊ ခံစားထိုက်သော အခွင့်အရေးအချို့ လက်လွတ် ဆုံးရှုံးကြရမည် ဖြစ်ကာ စစ်စည်းကမ်း ထိန်းသိမ်းရေး နည်းဥပဒေများအရလည်း အရေးယူခြင်း ခံကြရမည် ဖြစ်သည်။ ထို့ပြင် စစ်သုံ့ပန်း စခန်းမှ ထွက်ပြေးရန် ကြံစည်ပါက

စည်းကမ်းထိန်းသိမ်းရေး နည်းဥပဒေအရ အရေးယူခြင်း ခံရမည် ဖြစ်သည်။

စစ်သုံ့ပန်းများ၏ သတင်းကို ဖမ်းဆီး ထိန်းသိမ်းထားသော နိုင်ငံအစိုးရက သက်ဆိုင်ရာနိုင်ငံသို့ ပုံမှန် သတင်းပေးပို့ရန် တာဝန်ရှိသည်။ စစ်သုံ့ပန်းများထံ ပေးပို့သော စာနှင့် ပါဆယ်ထုပ်များ အပေါ် တံဆိပ်ခေါင်း ကပ်ရန် တာဝန်မှ ကင်းလွတ်ခွင့် ပြုပေးထားကြသည်။ ထိုစာနှင့် ပါဆယ်ထုပ်များ ဖြတ်သန်းသွားကြသည့် နိုင်ငံများ အားလုံးကလည်း စာတိုက်တံဆိပ်ခေါင်း ကပ်ထားရန် တာဝန်မှ ကင်းလွတ်ခွင့် ပြုကြရ၏။

စစ်သုံ့ပန်းများအတွက်ပေးပို့သော ပစ္စည်းပစ္စယများသယ်ယူ ပို့ဆောင်ပေးရန်အတွက် မီးရထားခများကို ကင်းလွတ်ခွင့်ပြု၍ အခမဲ့ သယ်ယူပို့ဆောင်ပေးရန် နိုင်ငံတိုင်းတွင် တာဝန်ရှိသည်ဟု စစ်သုံ့ပန်းများဆိုင်ရာ နိုင်ငံတကာ စစ်ဥပဒေက တိကျစွာ ပြဋ္ဌာန်း သတ်မှတ် ဖော်ပြပေးထားကြ၏။

စစ်သုံ့ပန်း အရာရှိများအား ဖမ်းဆီးထားသောနိုင်ငံက မိမိ နိုင်ငံ တပ်ဖွဲ့များမှ အဆင့်တူ အရာရှိများနည်းတူ လစာပေးထားကြရပြီး စစ်ပြီးဆုံးမှသာ သက်ဆိုင်ရာနိုင်ငံထံမှ မိမိတို့ စိုက်ထုတ်ပေးထားခဲ့သော စစ်ဘက်အရာရှိ လစာငွေ (စစ်သုံ့ပန်း အရာရှိများ၏ လစာငွေ) ကို ပြန်လည်တောင်းခံ ရယူပိုင်ခွင့် ရှိသည်။

စစ်သုံ့ပန်းများသည် ရန်သူ့စခန်းများအတွင်း ထိန်းသိမ်းခံထားရစဉ် ကာလအတောအတွင်း၌ မိမိတို့ သက်ဝင် ယုံကြည်ရာ ဘာသာကို လွတ်လပ်စွာ လက်ခံယုံကြည်ခွင့်၊ ကျင့်သုံး ဆောက်တည်ခွင့်နှင့် ဘုရားရှိခိုးခွင့်များ အပြည့်အဝ ရရှိကြရမည် ဖြစ်

သည်။ ခရစ်ယာန်ဘာသာဝင်များက ဘုရားရှိခိုးကျောင်း *(church)* သို့ သွားရောက်ခွင့် ရရှိကြသကဲ့သို့ အစ္စလာမ် ဘာသာဝင် စစ်သုံ့ ပန်းများကလည်း ဗလီဝတ်ကျောင်းတော်များသို့ သွားရောက်ခွင့် ရရှိကြသည်။

စစ်သုံ့ပန်းများက ရေးသားထားခဲ့သော သေတမ်းစာ *(will)* များကို ရန်သူ့တပ်ဖွဲ့ စစ်ရေးအရာရှိများက ထိန်းသိမ်း စောင့် ရှောက်ပေးထားကြရန်လည်း တာဝန်ရှိကြပါသေးသည်။ စစ်သုံ့ပန်း များ သေဆုံးလျှင် မြေမြှုပ်သင်္ဂြိုဟ်ပေးရန် တာဝန်ရှိပြီး သေစာရင်း လက်မှတ်ပါ ထုတ်ပေးရန် ထိန်းသိမ်းထားသော တပ်ဖွဲ့၏ တပ်မှူး တွင် တာဝန်ရှိသည်။

စစ်ပွဲ ပြီးဆုံး၍ ငြိမ်းချမ်းရေး စာချုပ်ကို စတင် အကောင် အထည် ဖော်ချိန်မှ စ၍ စစ်သုံ့ပန်းများကို ဖမ်းဆီးထားသောနိုင်ငံ များ အသီးသီးက သက်ဆိုင်ရာ စစ်သုံ့ပန်းများ၏ မိခင်နိုင်ငံများ အသီးသီးထံ အတတ်နိုင်ဆုံး ဆောလျင်စွာ ပြန်ပို့ပေးရန် တာဝန်ရှိ ပါသေးသည်။

အဲလ်ဂျီးရီးယားလူမျိုး တော်လှန်ရေးတပ်သား စစ်သုံ့ပန်းများ ကို ပြင်သစ်နယ်ချဲ့တပ်ဖွဲ့များက ရက်စက်ခဲ့ပုံများနှင့် ဗီယက်နမ် စစ်သုံ့ပန်းများအပေါ် ပြင်သစ်နှင့် အမေရိကန်တပ်ဖွဲ့များက ရက် စက်စွာ ဆက်ဆံခဲ့ကြပုံများမှာ ကမ္ဘာ့သမိုင်းတွင် မှတ်တမ်း ကျန်ရစ် ခဲ့သည်။ အလားတူ ဂျပန် ဖက်ဆစ်တပ်များက ဒတ်(ချ်)၊ အင်္ဂလိပ်နှင့် ပြင်သစ်အပြင် ဩစတြေးလျ စစ်သုံ့ပန်းများအပေါ် ရက်စက် ကြမ်းကြုတ်မှုများကို စင်ကာပူ နိုင်ငံတကာ တရားရုံး က ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင် သေမင်းတမန်တံတား (သံဖြူ

ရပ် ရထားလမ်း) တွင် အမွေ စေခိုင်းမှုများအတွက် ထိုက်သင့်သော ပြစ်ဒဏ်များ ချမှတ် စီရင်ခဲ့ကြသည်။

ပြည်တွင်း စစ်ပွဲများ၌လည်း ဒဏ်ရာ ရထားသည့် ရန်သူ့ရဲဘော်များ၊ ဖျားနာနေသည့် ရန်သူ့စစ်သည်များကို ဆေးဝါးကုသပေးရန် တာဝန်ရှိသည်။ *(၁၉၂၉ နှင့် ၁၉၄၉ ခုနှစ်များက ချုပ်ဆိုခဲ့ကြသော ဂျီနီဗာ နိုင်ငံတကာဆိုင်ရာ သဘောတူစာချုပ် ပြဋ္ဌာန်းချက်များအရ ဖြစ်ပါသည်။)*

ကြားနေနိုင်ငံများကလည်း စစ်ပြိုင်နိုင်ငံများမှ ဖျားနာနေသော သို့တည်းမဟုတ် ဒဏ်ရာ ရထားသော စစ်သည်များကို ဆေးဝါးကုသ ပြုစုစောင့်ရှောက်၍ နေရပ် ပြန်ပို့ပေးရန် တာဝန် အသီးသီး ရှိကြသည်။ ထို့အပြင် ဒဏ်ရာရထားသော စစ်သည်များအပေါ် ဆေးဝါးအသစ်အဆန်းများ အောင်မြင်ထိရောက်မှု ရှိမရှိ သိရှိရအောင် စမ်းသပ် အသုံးချခွင့် လုံးဝမရှိပေ။ လူမဆန်သော နှိပ်စက်ညှဉ်းပန်းမှုနှင့် ဆက်ဆံမှုမျိုးကိုပါ လုံးဝ ရှောင်ကြဉ်ကြရန် တာဝန်ရှိပါသေးသည်။

စစ်မြေပြင် နောက်ပိုင်းတွင် ကျန်ရစ်နေခဲ့ကြသော ရန်သူ့တပ်ဖွဲ့မှ ဒဏ်ရာ ရထားသော စစ်သည်များနှင့် နာမကျန်း ဖြစ်နေသော စစ်သည်များကို မိမိဘက်မှ ဆေးဝါးကုသ ပြုစု စောင့်ရှောက် ကျွေးမွေးထားရန်အတွက် စစ်ပြိုင်နိုင်ငံ အားလုံးတို့တွင် တာဝန် အသီးသီး ရှိကြ၏။

စွန့်ခွာဆုတ်ပြေးရသော တပ်ဖွဲ့များကလည်း ဒဏ်ရာရထားသော စစ်သည်များကို ဆေးဝါးကုသ ပြုစုပေးရန် ဆေးတပ်သား

များ၊ ဆေးဝါးနှင့် အခြားလိုအပ်သော ပစ္စည်းကိရိယာများနှင့် ရိက္ခာများကိုပါ ချန်ထားပေးပြီးမှ ဆုတ်ခွာသွားရမည်ဖြစ်သည်။

ထိုသို့ ကျန်ရစ်ခဲ့သော ဒဏ်ရာ ရထားသည့် စစ်သားများ၊ နာမကျန်းဖြစ်နေသော စစ်သည်များနှင့် ဆေးတပ်သားများသည် ရန်သူ့တပ်များထံသို့ စစ်သုံ့ပန်းများအဖြစ် ကျရောက်သွားကြသည်။ ထို့နောက် ဆန့်ကျင်ဘက် စစ်ပြိုင်နိုင်ငံထံသို့ မိမိတို့ ထိန်းသိမ်းရမိထားသော စစ်သုံ့ပန်းများ၏ အမည်၊ ကိုယ်ပိုင်အမှတ်၊ တပ်ဖွဲ့၊ ရာထူးအဆင့် စသည်များကို အမြန်ဆုံး အပြန်အလှန် သတင်းပေးပို့ဖလှယ်ကြရန်လည်း တာဝန်ရှိပါသည်။

ကျဆုံးသွားသော ရန်သူ့စစ်သည်များ၏ ကျန်ရစ်ခဲ့သော ကိုယ်ပိုင်ပစ္စည်းများကိုပါ လိုက်လံကောက်ယူ သိမ်းဆည်း၍ စစ်ပြီးသောအခါ ရန်သူ့နိုင်ငံသို့ ပြန်လည်ပေးပို့ပေးရန်လည်း တာဝန်ကျန်ရှိနေသေး၏။ သေဆုံးသွားသော ရန်သူ့ စစ်သည်များ၏ အလောင်းများကို သိက္ခာရှိစွာဖြင့် သင်္ဂြိုဟ်ပေးရန်လည်း တာဝန်ရှိပါသည်။ ရန်သူ့စစ်သည်များ၏ သင်္ချိုင်းအုတ်ဂူများကို စနစ်တကျနှင့် မပျောက်ပျက်အောင် ထိန်းသိမ်းထားရှိပေးထားရသည်။

ရန်သူ့ဆေးတပ်ဖွဲ့ဝင်များကို တိုက်ခိုက်ရန်ပြုခွင့် လုံးဝ မရှိပါ။ ၄င်းတို့အား တစ်ဖက်ရန်သူ့တပ်ဖွဲ့များက ကာကွယ် ကူညီစောင့်ရှောက်ပေးကြရန်သာ တာဝန်ရှိနေပါသည်။ ရန်သူ့လက်တွင်းသို့ ကျရောက်သွားခဲ့ရသော ဆေးတပ်ဖွဲ့ဝင်များကို စစ်သုံ့ပန်းများဟူ၍ သတ်မှတ်ပိုင်ခွင့် မရှိပါ။ *(၁၉၄၉ ခုနှစ်က ချုပ်ဆိုခဲ့ကြသော ဂျီနီဗာ နိုင်ငံတကာစာချုပ်၏ Article 28 အရ ပြဋ္ဌာန်းထားခဲ့ကြခြင်း ဖြစ်သည်။)*

လူနာကောက်ရသော ဆေးအရန်တပ်ဖွဲ့ဝင်များ အားလုံး အပေါ်တွင်လည်း အလားတူ စစ်သုံ့ပန်းအဖြစ် ဖမ်းဆီးခြင်းမှ ကင်းလွတ်ခွင့် ပြုထားကြရပါသည်။ ၎င်းအပျော်တမ်းနှင့် အရန် ဆေးတပ်ဖွဲ့ဝင်များအား တွေ့ရှိခဲ့ရပါက ဖမ်းဆီးခြင်း မပြုဘဲ စစ်ရေးအခြေအနေအရ ပြန်ပို့နိုင်သည်နှင့်·တစ်ပြိုင်နက် ၎င်းတို့၏ သက်ဆိုင်ရာ နိုင်ငံများသို့ ပြန်လည်စေလွှတ် ပို့ပေးကြရန် တာဝန် ရှိပါသည်။ ၎င်းတို့အား ထိန်းသိမ်းထားရမည့် အခြေအနေမျိုး ပေါ် ပေါက်နေခဲ့ပါကလည်း ထိုဆေးတပ်သားများအား ၎င်းတို့၏ နိုင်ငံ သား ဒဏ်ရာရ စစ်သည်များနှင့် နာမကျန်း ဖြစ်နေသော စစ်သည် များအား ပြုစုကုသ စောင့်ရှောက်ပေးရန် ကိစ္စများအတွက်သာ တာဝန်ပေးခွင့် ရှိပါသည်။

ထို စစ်ပြိုင်နိုင်ငံမှ ဆေးတပ်သားများ အားလုံးအတွက် ကောင်းမွန်သော နေရာထိုင်ခင်းများ၊ စားနပ်ရိက္ခာများနှင့် လစာ ငွေများကို မိမိဆေးတပ်သားများအား ခံစားခွင့် ပေးထားသည့်နည်း တူ ခံစားခွင့်ပြုထားကြရမည် ဖြစ်ပါသည်။ ၎င်းတို့၏ ဆေးဝါးအသုံး အဆောင်ပစ္စည်းများ၊ ဆေးကုသ ခွဲစိတ်ရေး ကိရိယာများကိုလည်း ဖမ်းဆီးထားသော တပ်ဖွဲ့များက သိမ်းဆည်း ရယူပိုင်ခွင့် လုံးဝ မရှိပါ။

သို့သော် အရေးပေါ် ဆေးဝါး ကုသမှုလုပ်ငန်း ဟူသရွေ့ အတွက်မူ မည်သည့် ဆေးဝါးကုသမှုကိစ္စအတွက်မဆို၊ မည်သည့် တပ်သားများအတွက်မဟူ ကုသပေးရန် ရန်သူ တပ်မှူးကြီးတွင် အမိန့်ပေး စီမံခန့်ခွဲပိုင်ခွင့် ရရှိပါသည်။ စေတနာ့ဝန်ထမ်း ဆေးဝါး ကုသရေးအဖွဲ့ဝင်များ ပိုင်ဆိုင်သော ပစ္စည်းများသည် ပုဂ္ဂလိကပိုင်

ပစ္စည်းများသာ ဖြစ်၍ ရန်သူ့တပ်ဖွဲ့များက ရယူ သိမ်းဆည်း ယူငင် ထားပိုင်ခွင့် လုံးဝမရှိကြပါ။ ဆေးရုံလေယာဉ်များကို ရန်သူဘက်မှ သိမ်းဆည်းယူငင်ခြင်း လုံးဝ မပြုလုပ်ကြပါရန် ဂျီနီဗာ နိုင်ငံတကာ စစ်ရေးဆိုင်ရာ လိုက်နာရမည့် စည်းကမ်း ဥပဒေများအရ တားမြစ် ပိတ်ပင်ထားပါသည်။

ဆေးရုံနှင့် လူနာသယ် လေယာဉ်များကို အဖြူရောင်ဆေး သုတ်လိမ်းပြီး ဆေးရုံ လူနာသယ် လေယာဉ်ဖြစ်ကြောင်း အထိမ်း အမှတ်လက္ခဏာများ သဲကွဲပီပြင်စွာ ရေးသားဖော်ပြထားရန် အထူး လိုအပ်ပါသည်။ ဥပမာ ကြက်ခြေနီ သို့မဟုတ် လခြမ်းနီ တံဆိပ် များကို သဲကွဲရှင်းလင်း ပြတ်သားစွာ အဝေးမှ မြင်နိုင်စေရန် ခြယ် မှုန်းရေးဆွဲ ပြသထားရန် လိုအပ်သည်။

အချို့ ဆေးရုံလေယာဉ်များတွင် နောက်ခံ အဖြူရောင်ပေါ်၌ အနီရောင် ခြသေ့ရုပ်ပုံ သို့မဟုတ် အနီရောင်စက်ဝိုင်းပုံကို ထင် ထင်ရှားရှား ဆေးခြယ် ပြသထားလေ့ရှိကြ၏။

အခန်း (၇)

# ရေကြောင်းစစ်ပွဲများဆိုင်ရာ ဥပဒေသများ

ရှေးခေတ်ကာလများကပင် ထိုခေတ် ရေတပ်ဖွဲ့များက သူတို့ခေတ် သူတို့ကာလနှင့်အညီ ဖြစ်သော လိုက်နာစောင့်ထိန်းကြရမည့် ကမ္ဘာ့ရေကြောင်းစစ်ပွဲများဆိုင်ရာ စည်းကမ်းဥပဒေများ ပြဋ္ဌာန်းကာ လက်တွေ့လိုက်နာကျင့်သုံးခဲ့ကြသည်ဟု သမိုင်းသုတေသန ပြုချက်များအရ သိရှိရပါသည်။ ဥပမာ နစ်မြုပ်သွားသော ရန်သူ့ စစ်သင်္ဘောများမှ ရန်သူ ရေတပ်သားများ၏ အသက်ကို ကယ်ဆယ်ပေးရန် မလုပ်မနေရ တာဝန်အပ်နှင်းပေးထားသည့် ကိစ္စမျိုး ဖြစ်ပါသည်။

## ကြည်းကြောင်းစစ်ပွဲဆိုင်ရာ ဥပဒေသများသည် ရေကြောင်းစစ်ပွဲများအတွက်ပါ အကျုံးဝင် သက်ဆိုင်ခြင်းအကြောင်း

၁၉၀၇ ခုနှစ် *Hague* မြို့တော်တွင် ကျင်းပ ပြုလုပ်ခဲ့ကြသော ဒုတိယအကြိမ်မြောက် 'နိုင်ငံတကာ ငြိမ်းချမ်းရေးဆိုင်ရာ ညီလာခံကြီး' က အပြီးသတ်ဥပဒေတစ်ခု ရေးဆွဲပြဋ္ဌာန်း သတ်မှတ်ပေးခဲ့ကြ

ရာတွင် နိုင်ငံတကာ ကြည်းကြောင်းစစ်ပွဲများအတွက် လိုက်နာရန် သတ်မှတ် ပြဋ္ဌာန်းထားသော စည်းမျဉ်း စည်းကမ်း ဥပဒေသများ အားလုံးကို အတတ်နိုင်ဆုံး ရေကြောင်း စစ်ပွဲများအတွက်လည်း တစ်ပြေးညီ အလားတူစွာ ပြဋ္ဌာန်း လိုက်နာ ကျင့်သုံးစေကြရမည်ဟု ဖော်ပြခဲ့ကြသည်။

၁၇၈၀ ပြည့်နှစ်တွင် ရုရှားနိုင်ငံက 'ကြားနေနိုင်ငံများ၏ ရေတပ်ဖွဲ့များဆိုင်ရာ အခွင့်အရေးများနှင့်ပတ်သက်သည့် ကြေညာစာတမ်း' တစ်ရပ်ကို ကမ္ဘာအား ထုတ်ပြန်ကြေညာခဲ့ကြပြီး ဗြိတိန်နိုင်ငံနှင့် အခြား ရေတပ်အင်အားကြီး နိုင်ငံများက နိုင်ငံတကာ ပင်လယ်ပြင်ပေါ်တွင် ဗိုလ်ကျ လွှမ်းမိုး ကြီးစိုးနေမှု လုပ်ရပ်များကို ဟန့်တားရန် ကြိုးပမ်း ဆောင်ရွက်ခဲ့ကြသည်။ စစ်ပွဲများ ဖြစ်ပွားနေစဉ် ကာလများ အတောအတွင်း ကြားနေနိုင်ငံများမှ ကုန်သွယ်ရေကြောင်းသင်္ဘောများ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များကို အတိအလင်း ထုတ်ပြန်ကြေညာပေးခဲ့ကြောင်း လေ့လာ တွေ့ရှိရသည်။ ၁၈၅၆ ခုနှစ်သို့ အရောက်တွင် ကမ္ဘာ့နိုင်ငံ အတော်များများက ဖော်ပြပါ ရေကြောင်းစစ်ပွဲများ ဖြစ်ပွား ပေါ်ပေါက်နေကြစဉ် ကာလများ အတောအတွင်း၌ 'ကြားနေနိုင်ငံများ၏ စစ်သင်္ဘောနှင့် ကုန်သင်္ဘောများ'၏ အခွင့်အရေး၊ ရပိုင်ခွင့်နှင့်တာဝန်များကို လေးစားလိုက်နာရန် တာဝန်ရှိကြောင်း အသိအမှတ်ပြုလာခဲ့ကြသည်။

## ရေတပ်ဖွဲ့များဆိုင်ရာ အဓိပ္ပာယ် သတ်မှတ်ချက်

နိုင်ငံတကာ ရေပြင်နှင့် မိမိပိုင်နက် ရေပြင်ပေါ်တွင် ရေကြောင်း စစ်ပွဲများဆင်နွှဲရန် လိုအပ်သော လက်နက်များ ပြည့်စုံစွာ တပ်ဆင်

ပေးထားသည့် တိုက်ခိုက်ရေး သင်္ဘောအုပ်စုများကို ရေတပ်ဖွဲ့များဟု သတ်မှတ်ပါသည်။

၁၈၅၆ ခုနှစ် ရေကြောင်းစစ်ပွဲများဆိုင်ရာ ကြေညာစာတမ်းတွင် ပုဂ္ဂလိက လက်နက် တပ်ဆင်ထားသော ကိုယ်ပိုင် ကုန်သင်္ဘောများသည် ရန်သူ့သင်္ဘောများနှင့် ကြားနေနိုင်ငံပိုင် သင်္ဘောများကို လုံးဝ ဖမ်းဆီးပိုင်ခွင့် မရှိတော့ကြောင်း အတိအလင်း ပြဋ္ဌာန်း သတ်မှတ်ပေးခဲ့သည်။

သို့သော် ထိုခေတ် ထိုအခါကာလများတွင် မိမိကိုယ်မိမိ ခုခံကာကွယ်ရန်အလို့ငှာ ကုန်သင်္ဘောများတွင် လက်နက်များ (အထူးသဖြင့် စစ်သုံးအမြောက်များ) တပ်ဆင် သယ်ဆောင် အသုံးပြုနေသော ဓလေ့ထုံးတမ်းကို နိုင်ငံအတော်များများက သဘောတူ လက်ခံ လိုက်နာကျင့်သုံးခဲ့ကြသည်။ သို့သော် ယခုခေတ်တွင်မူ ဤလုပ်ရပ်ကို မည်သည့်နိုင်ငံကမျှ လက်ခံကျင့်သုံး လိုက်နာခြင်း မရှိတော့သကဲ့သို့ ခွင့်လည်း မပြုကြတော့ပါ။

## သတ္တမအကြိမ်မြောက် *Hague* နိုင်ငံတကာ ရေကြောင်းစစ်ပွဲများဆင်နွှဲပုံနည်းလမ်းဆိုင်ရာ သဘောတူညီချက် (၁၉၀၇ ခုနှစ်)

အောက်တွင် ဆက်လက်ဖော်ပြပါရှိသည့် အခြေအနေများနှင့် ကိုက်ညီမည် ဆိုပါက ကုန်သင်္ဘောများကို စစ်သင်္ဘောများ အဖြစ်သို့ ပုံစံပြောင်းလဲ တည်ဆောက်အသုံးပြုခွင့် ရှိသည်ဟု ၁၉၀၇ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့ကြသော နိုင်ငံတကာ ရေကြောင်းစစ်ပွဲများဆိုင်ရာ *Hague* နိုင်ငံတကာ သဘောတူညီချက်များအရ နိုင်ငံအများစုက သဘောတူ လက်ခံခဲ့ကြသည် -

(၁) ထိုကုန်သင်္ဘောသည် မိမိသင်္ဘော အလံလွှင့်ထူထားသော နိုင်ငံအစိုးရ လက်အောက်၌ တာဝန်ထမ်းဆောင်နေရမည် ဖြစ်ကာ ထို နိုင်ငံအစိုးရက တိုက်ရိုက် အနီးကပ် ချုပ်ကိုင် လွှမ်းမိုးမှု အောက်တွင် ရှိနေရမည်ဖြစ်သည်၊

(၂) ထို ကုန်သင်္ဘောတွင် အစိုးရတာဝန် ထမ်းဆောင်နေသော စစ်သင်္ဘော ဖြစ်ကြောင်း မိမိ အမျိုးသားအလံ၊ ရေတပ်ဆိုင်ရာ အထိမ်းအမှတ်များနှင့် အမျိုးသားဆိုင်ရာ တံဆိပ်အမှတ်အသားများကို အဝေးမှ မြင်ရအောင် သဲကွဲ ပြတ်သားစွာ ရေးဆွဲ ဖော်ပြထားရန် တာဝန်ရှိသည်၊

(၃) ထိုသင်္ဘော၏ ဦးစီးအရာရှိကို ထိုနိုင်ငံမှ တာဝန်ရှိကာကွယ်ရေးဝန်ကြီးဌာန သို့မဟုတ် ရေတပ်ဝန်ကြီးဌာနမှ ခန့်အပ်ရန် အခွင့်အာဏာ အပ်နှင်းထားခြင်းခံရသူက တရားဝင်ပြန်တမ်းတွင် ရေတပ်အရာရှိ ဖြစ်ကြောင်း အမည်နာမ၊ ရာထူးအဆင့်နှင့်တကွ အရာရှိကိုယ်ပိုင်အမှတ်များဖြင့် တိကျစွာ ဖော်ပြ စာရင်းသွင်းထားသူ ဖြစ်ရန် အထူးလိုအပ်သည်။ တစ်နည်းအားဖြင့် ရေယာဉ် ဦးစီးမှူးသည် သက်ဆိုင်ရာ နိုင်ငံ၏ ရေတပ်ပြန်တမ်းဝင် အရာရှိအဖြစ် ခန့်အပ်ခံထားရသူ ဖြစ်ရန်လိုအပ်သည်၊

(၄) ထို ခန့်အပ်ခံထားရသော ရေတပ်အရာရှိသည် ရေကြောင်း စစ်ပွဲများတွင် ပါဝင်ဆင်နွှဲ တိုက်ခိုက်ရာ၌

နိုင်ငံတကာ ရေကြောင်းစစ်ပွဲ တိုက်ခိုက်ဆင်နွှဲရာတွင် လိုက်နာ ကျင့်သုံးရန် ပြဋ္ဌာန်းသတ်မှတ်ပေးထားသော နိုင်ငံတကာ စစ်ဥပဒေများကို တိကျ ပြတ်သားစွာ လိုက်နာကျင့်သုံးရန် လုံးဝ တာဝန်ရှိကြပါသည်၊

(၅) ထိုသင်္ဘောမှ သင်္ဘောသားများအားလုံးသည် ရေတပ်ဆိုင်ရာ စည်းမျဉ်း စည်းကမ်း ဥပဒေများကို တိကျစွာ လေးစားလိုက်နာ ကျင့်သုံးကြရန် တာဝန်အသီးသီး ရှိကြသည်။

## ရေကြောင်းစစ်ပွဲဆိုင်ရာ မိုင်းစစ်ဆင်ရေးနှင့် ပတ်သက်သော ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ

ပင်လယ်ရေကြောင်းပေါ်တွင် သင်္ဘောတိုက်ဖျက်ရေး မိုင်းများ ချထားခြင်းကိစ္စနှင့် ပတ်သက်ပြီး အဋ္ဌမအကြိမ်မြောက် ၁၉၀၇ ခုနှစ် *Hague* နိုင်ငံတကာသဘောတူစာချုပ်အရ အလိုအလျောက် ထိကွဲမိုင်းများ *(automatic contact mines)* ချထားခြင်းကို အောက်ပါအတိုင်း တားမြစ်ပိတ်ပင်ခဲ့ကြသည် -

(၁) မိုင်း ချထားပြီးနောက် တစ်နာရီ အတွင်း အလိုအလျောက် ပေါက်ကွဲသွားခြင်း မရှိသည့် ရေမြုပ်မိုင်းများကို ကျောက်ဆူးဖြင့် ချိတ်ဆွဲထားခြင်း မရှိဘဲ ချထားပိုင်ခွင့် မရှိပါ၊

(၂) ချိတ်ဆွဲထားသောကြိုး ပြုတ်ထွက်သွားသည်နှင့်တစ်ပြိုင်နက် ချက်ချင်း ပေါက်ကွဲသွားခြင်း မရှိသော မိုင်းများ ချထားခွင့် မရှိပါ၊

(၃) ပစ်မှတ်ကို လွဲချော်သွားပြီးနောက် ဆက်လက်၍ အန္တရာယ် ဖြစ်စေနိုင်သေးသော တော်ပီဒို *(torpedo)* လက်နက်များ သုံးစွဲပိုင်ခွင့် မရှိပါ။

## ရေတပ်သင်္ဘောများက အမြောက်များဖြင့် ပစ်ခတ် တိုက်ခိုက်ရာတွင် လိုက်နာရမည့် ဥပဒေ စည်းမျဉ်းများ

၁၉၀၇ ခုနှစ် *Hague* နိုင်ငံတကာ သဘောတူ စာချုပ်များအရ စစ်ပွဲကြီးများ တိုက်ခိုက် ဖြစ်ပွားနေစဉ် ကာလအတောအတွင်း လက်နက်များဖြင့် ခုခံကာကွယ်ပေးထားခြင်း မရှိသော ရန်သူနိုင်ငံ၏ အကာအကွယ်မဲ့ဖြစ်နေသည့် ဆိပ်ကမ်းများ၊ မြို့ရွာလူနေအိမ်ခြေများ၊ ကျေးရွာရပ်ကွက်အုပ်စုများ၊ လူနေထိုင်ရာ သီးသန့်ဖန်တီးပေးထားသော အရပ်ဒေသနယ်မြေများ၊ လူနေထိုင်ရာ အဆောက်အအုံများကို ရေတပ်သင်္ဘောများ၏ အမြောက်များ၊ ဒုံးကျည်များဖြင့် ပစ်ခတ်ဖြိုခွင်း တိုက်ခိုက်ဖျက်ဆီးပိုင်ခွင့် လုံးဝမရှိပါ။

သို့သော် ရေတပ် စစ်သင်္ဘောများသည် စစ်ဘက်ဆိုင်ရာ အလုပ်ရုံ စက်ရုံများ၊ လက်နက်ခဲယမ်းထုတ်လုပ်ရာ အလုပ်ရုံ စက်ရုံများ၊ ကြည်းတပ်ဖွဲ့များ၊ ရေတပ်ဖွဲ့များနှင့် သက်ဆိုင်သည့် စစ်ရေးဆိုင်ရာ အဆောက်အအုံများ၊ ကြည်းတပ်နှင့် ရေတပ်ဆိုင်ရာ လက်နက်ခဲယမ်း သိုလှောင်ရုံများ၊ စစ်ပစ္စည်း သိုလှောင်ရုံများ၊ ဂိုဒေါင်များ၊ လက်နက်ပစ္စည်းများ မွမ်းမံ ပြင်ဆင် ပြုပြင်သည့် အဆောက်အအုံများ၊ စက်ရုံအလုပ်ရုံများ၊ ရေတပ်ဆိုင်ရာ သင်္ဘောကျင်းများ၊ ဆိပ်ကမ်းတွင် ဆိုက်ကပ် ရပ်နားထားသော ရန်သူ့စစ်သင်္ဘောများကိုမူ မိမိ၏ ရေတပ် အမြောက်ကြီးများ၊ ဒုံးကျည်လက်နက်များဖြင့် ပစ်ခတ်ဖြိုခွင်း တိုက်ခိုက်ဖျက်ဆီးခွင့် ရှိပါသည်။

ထို့အပြင် မိမိ၏ ရေတပ်အတွက် ရိက္ခာနှင့် လောင်စာများ ဖြည့်တင်းပေးရန် ငြင်းဆန်သော ရန်သူ့ဆိပ်ကမ်းများကို ပစ်ခတ်တိုက်ခိုက်ခွင့် ရှိသည်။ သို့သော် မိမိရေတပ်သင်္ဘောများက ရန်သူ့ကမ်းခြေကို အမြောက်များ၊ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ရာတွင် သမိုင်းဝင် ရှေးဟောင်း အဆောက်အအုံများ၊ သမိုင်းဝင် ရှေးဟောင်း အမွေအနှစ်များ၊ ဘာသာရေးအရ အထွတ်အမြတ်ထားရှိရာ အဆောက်အအုံနှင့် ဝတ်ကျောင်းတော်များ၊ ယဉ်ကျေးမှုအမွေအနှစ်များကို မပျောက်မပျက်ရအောင် ထိန်းသိမ်း စောင့်ရှောက်ထားကြရသော အဆောက်အအုံများ၊ သိပ္ပံပညာ စူးစမ်းလေ့လာ သင်ကြားပို့ချပေးရာ အဆောက်အအုံများ၊ ဘာသာရေးကိစ္စအတွက် ဆောက်လုပ်လှူဒါန်းထားသည့် အဆောက်အအုံများ၊ ဆေးရုံနှင့် ဆေးပေးခန်းများကိုမူ ထိမှန် ပျက်စီးခြင်း မရှိအောင် အတတ်နိုင်ဆုံး ရှောင်လွှဲ ပစ်ခတ်ရန် ရေတပ်မတော်တိုင်းတွင် တာဝန်ကိုယ်စီ ရှိကြပါသည်။

ကမ်းခြေရှိ ရန်သူနိုင်ငံများကလည်း ဆေးရုံများ၊ ကျောင်းများ၊ သမိုင်းဝင် ရှေးဟောင်းအဆောက်အအုံများ၊ သိပ္ပံပညာ သင်ကြား ပို့ချပေးသည့် တက္ကသိုလ် စာသင်ခန်းများ၊ လူမမာများကို ပြုစု ကုသပေးနေသည့် အဆောက်အအုံများ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ စသည်တို့ကို ရန်သူ့စစ်သင်္ဘောများက အလွယ်တကူ ကြည့်လင် ပြတ်သားစွာ အဝေးမှ မြင်နိုင်စေရန်အလို့ငှာ ထင်ရှားပြတ်သားသော အထိမ်းအမှတ်လက္ခဏာများ ရှင်းလင်းစွာ ပြသပေးထားကြရန် တာဝန်ရှိပြန်သည်။

## ရေတပ်ဖြင့် ဆိပ်ကမ်းများကို ဝိုင်းရံပိတ်ဆို့တားမြစ်ထားခြင်း *(Naval Blockade)*

ရန်သူ့ကမ်းခြေတစ်လျှောက် အခြားနိုင်ငံမှ သင်္ဘောများ ဝင်ရောက်ဆိုက်ကပ်ခြင်း မပြုနိုင်စေရန်သော်လည်းကောင်း၊ ကြားနေနိုင်ငံများမှ သင်္ဘောများက မိမိရန်သူ့ဆိပ်ကမ်းများသို့ သွားရောက်၍ ကုန်စည်ရိက္ခာ၊ လက်နက်ခဲယမ်းနှင့် အခြား စစ်အတွက် လိုအပ်သော ပစ္စည်း ဟူသရွေ့တို့ကို သွားရောက် ပေးကမ်း ထောက်ပံ့ခြင်း မပြုနိုင်စေရန်အတွက်သော်လည်းကောင်း၊ မိမိပိုင် ရေတပ်သင်္ဘောများက ရန်သူ့ကမ်းရိုးတန်းနှင့် ဆိပ်ကမ်းများ၏ သင်္ဘောဝင်လမ်းထွက်လမ်းနှင့် ရေကြောင်းလမ်း ဟူသရွေ့တို့ကို ဝိုင်းရံပိတ်ဆို့ ဟန့်တားထားသည့် လုပ်ရပ်အား ရန်သူ့ဆိပ်ကမ်းနှင့် ရေပြင်ကို ပိတ်ဆို့ဟန့်တားထားခြင်း *(Naval Blockade)* ဟု ခေါ်ဆိုပါသည်။

ဤလုပ်ရပ်အား ၁၉၀၉ ခုနှစ်က ပြဋ္ဌာန်း အတည်ပြုခဲ့ကြသော ရေကြောင်းစစ်ပွဲများဆိုင်ရာ ဥပဒေ *(Law of Naval War)* နှင့် ၁၉၀၉ ခုနှစ် လန်ဒန်ရေကြောင်းစစ်ပွဲဆိုင်ရာ ကြေညာစာတမ်း *(The Declaration of London on Naval War - 1909)* တွင် တိကျစွာ ပြဋ္ဌာန်းရေးသား ဖော်ပြထားခဲ့ကြ၏။ ဤကြေညာစာတမ်းပါ ပြဋ္ဌာန်းချက်များ၏ အဓိက စည်းမျဉ်းများမှာ နိုင်ငံတကာဥပဒေနှင့် ဆီလျော်ကိုက်ညီခဲ့သည်။

ရေတပ်ဖြင့် ပိတ်ဆို့မှု အောင်မြင်စေရန် ထိရောက်သော ရေကြောင်းပိတ်ဆို့မှု *(effective blockade)* ဖြစ်ရန် အထူးလိုအပ်သည်။ မိမိရေတပ်က လုံလောက်သော သင်္ဘောအရေအတွက်အင်အားကို သုံးစွဲနိုင်မှသာလျှင် ရန်သူ့ဆိပ်ကမ်းများနှင့် ကမ်းရိုး

တန်းများကို ပြည်ပသင်္ဘောများ လုံးဝ အဝင်အထွက် မပြုလုပ်နိုင်စေရန် ပိတ်ဆို့ ဟန့်တားပေးထားနိုင်လိမ့်မည် ဖြစ်သည်။

ရေကြောင်း ပိတ်ဆို့မှု ပြုလုပ်လိုက်ပြီ ဆိုပါက သက်ဆိုင်ရာနိုင်ငံများနှင့် သင်္ဘောများ အားလုံးကို ကြိုတင် သတိပေးအကြောင်းကြားထားရန် ရေတပ်ဖြင့် ပိတ်ဆို့သော နိုင်ငံတွင် တာဝန်အထူးရှိလာပါသည်။ မည်သည့် အချိန်နာရီ၊ မည်သည့်နေ့ရက်တွင် ရေတပ်ဖြင့် ပိတ်ဆို့ထားလိုက်ပြီဖြစ်ကြောင်းကို သက်ဆိုင်ရာနိုင်ငံအသီးသီးနှင့် သက်ဆိုင်သူများအားလုံးကို အချိန်လုံလောက်စွာပေး၍ ကြိုတင်အကြောင်းကြားထားပေးရန် လိုအပ်ပါသည်။ ရေတပ်ဖြင့် ပိတ်ဆို့ထားသော ပင်လယ်ရေပြင် အကျယ်အဝန်း အတိုင်းအတာများနှင့် ပတ်သက်သည့် လတ္တီတွဒ်နှင့် လောင်ဂျီတွဒ် မျဉ်းများ *(naval blockade area coordinates)* နှင့် သင်္ဘောများ ရန်သူ့ဆိပ်ကမ်းများမှ နောက်ဆုံး ထွက်ခွာပေးရမည့် အချိန်နာရီ အတိအကျကိုပါ ကြေညာချက် ထုတ်ပြန်ပေးရန် မိမိရေတပ်တွင် တာဝန်ရှိသည်။

ထိုကြေညာချက်အား ကြားနေနိုင်ငံများ၏ သံတမန်အရာရှိများ၊ သံရုံးများ၊ ကောင်စစ်ဝန်ချုပ်ရုံးများနှင့် တရားဝင် ကိုယ်စားလှယ် ရုံးများထံ တရားဝင် စာပို့ပြီး အကြောင်းကြားပေးရမည်ဖြစ်သည်ဟု ပြဋ္ဌာန်းထား၏။ အထူးသဖြင့် ပိတ်ဆို့မည့် ရေတပ်ဖွဲ့များ၏ ရေကြောင်းဗိုလ်ချုပ်ကြီးက လက်မှတ်ရေးထိုး၍ အကြောင်းကြား ကြေညာပေးရန် ဖြစ်ပါသည်။

ရေတပ်ဖြင့် ပိတ်ဆို့ထားသော ရေပြင်ဧရိယာအတွင်း မည်သည့်နိုင်ငံအလံ လွှင့်ထူထားသည် ဖြစ်စေ အကျိုးသက်ရောက်မှုမှာ အတူတူပင် ဖြစ်ပြီး ဘက်လိုက် ခွဲခြားထားခြင်း မရှိပေ။

**ရေတပ်ဖြင့် ပိတ်ဆို့ထားသော သတ်မှတ်ရေပြင် ဧရိယာထဲသို့ တမင်သက်သက် ချိုးဖောက်ဝင်ရောက်ခြင်း၏ ဥပဒေအကျိုးဆက်**

အကယ်၍ ရေတပ်ဖြင့် ပိတ်ဆို့ထားသော ရေပြင်အတွင်းသို့ တမင်သက်သက် ရည်ရွယ်၍ ထိုးဖောက် ဝင်ရောက်လာသော မည်သည့် သင်္ဘောကိုမဆို ဝိုင်းရံ ပိတ်ဆို့ထားသည့် ရန်သူ့ရေတပ်ဖွဲ့ဝင် သင်္ဘောများက ဖမ်းဆီးကာ သင်္ဘောကိုသာမက ထိုသင်္ဘောပေါ်တွင် တင်ဆောင် ပါရှိလာသော ကုန်ပစ္စည်းများ အားလုံးကိုပါ ဝိုင်းရံထားသော ရေတပ်သင်္ဘောများ၏ သိမ်းဆည်းခြင်း ခံကြရမည် ဖြစ်သည်။

**ရေငုပ်သင်္ဘောများ စစ်ဆင်တိုက်ခိုက်ရေးတွင် လိုက်နာရန် လိုအပ်သည့် ဥပဒေသ စည်းမျဉ်းများ** ***(London Submarine Protocol of 1936)***

ရေငုပ်သင်္ဘောများဖြင့် ရန်သူနိုင်ငံပိုင် ကုန်သင်္ဘောများကို ပစ်ခတ်တိုက်ခိုက် နှစ်မြှုပ်ရာတွင် နိုင်ငံတကာ ဥပဒေ ပြဋ္ဌာန်းချက်များအတိုင်း တိကျစွာ လိုက်နာ ကျင့်သုံး ဆောင်ရွက်ကြရန် ကမ္ဘာ့ရေတပ်မတော်တိုင်းအပေါ်တွင် တာဝန်များ အသီးသီး ရှိနေကြပါသည်။

မိမိရေတပ်ပိုင် ရေငုပ်သင်္ဘော သို့တည်းမဟုတ် ရေပြင်ပေါ်သွား စစ်သင်္ဘောတစ်စီးက ရန်သူ့ကုန်သင်္ဘော တစ်စင်းအား ရပ်တန့်၍ အစစ်ဆေးခံရန် အမိန့်ပေးခြင်းကို မနာခံဘဲ တစိုက်မတ်မတ် ငြင်းဆန်၍ ဆက်လက်ခုတ်မောင်းသွားနေသော သင်္ဘောကိုသာ မိမိရေတပ်မတော်မှ ရေပြင်သွားစစ်သင်္ဘော *(Surface naval*

*vessel)* သို့မဟုတ် ရေငုပ်သင်္ဘောက ထိုရန်သူ့ကုန်သင်္ဘောကို ပင်လယ်ပြင်တွင် ဆက်လက် ခုတ်မောင်းသွားလာခြင်းမပြုဘဲ ရပ်ဆိုင်းသွားစေရန် ပစ်ခတ်တိုက်ခိုက်ခြင်း သို့မဟုတ် အခြေအနေအရ လိုအပ်လာပါက နှစ်မြှုပ်ပစ်ခြင်းများ ပြုလုပ်ခွင့် ရှိလာပါသည်။

ထိုသို့ ရန်သူ့ကုန်သင်္ဘောတစ်စင်းအား ပစ်ခတ် တိုက်ခိုက်နှစ်မြှုပ်ရတော့မည် ဆိုလျှင် ထိုသင်္ဘောပေါ်တွင် လိုက်ပါလာခဲ့ကြသော ခရီးသည်များ၊ သင်္ဘောသားနှင့် သင်္ဘောအမှုထမ်းများ၊ ထိုသင်္ဘောနှင့် စပ်ဆိုင်ပတ်သက်သမျှသော စာရွက်စာတမ်းများကို လုံခြုံသောနေရာသို့ လွှဲပြောင်း ပို့ဆောင်ပြီးမှ တိုက်ခိုက် နှစ်မြှုပ်ခွင့် ရရှိလာပါသည်။

ပင်လယ်ပြင် ရာသီဥတုနှင့် လှိုင်းဒဏ် အခြေအနေများအပေါ် မူတည်၍ ခရီးသည်နှင့် သင်္ဘောအမှုထမ်းများကို အသက်ကယ်လှေများဖြင့် ပင်လယ်ထဲသို့ စေလွှတ်ပေးရမည် ဖြစ်ပြီး ပင်လယ်ထဲတွင် လှိုင်းလေ ပြင်းထန်နေပါက ရန်သူ့ကုန်သင်္ဘောပေါ်မှ ခရီးသည်နှင့် သင်္ဘောဝန်ထမ်းများကို အသက်ကယ်လှေငယ်ကလေးများဖြင့် စေလွှတ်၍ မရဘဲ မိမိသင်္ဘောပေါ်တွင်ပင် လုံခြုံစွာ ကာကွယ်စောင့်ရှောက်ပေးထားရန် တာဝန်ရှိသည်။

ကမ်းခြေနှင့် နီးကပ်သောနေရာ ရောက်မှ ထိုသင်္ဘောပေါ်မှ ခရီးသည်များနှင့် သင်္ဘောဝန်ထမ်းများကို အသက်ကယ်လှေများပေါ်သို့ တင်ပေးကာ သွားလိုရာ ကမ်းခြေသို့ သွားရောက်ခွင့်ပြုရပါမည်။ သို့တည်းမဟုတ် အခြားကြားနေနိုင်ငံ သင်္ဘောတစ်စင်းက အနီးအနားသို့ ရောက်ရှိလာပြီး ကယ်ဆယ်သွားရန် သဘောတူခဲ့ပါမှ လွှတ်ပေးလိုက်ရမည် ဖြစ်၏။ ထိုပုဂ္ဂိုလ်များ၏ အသက်

အန္တရာယ်နှင့် ပင်လယ်ပြင်၏ ဘေးဒုက္ခများမှ ကာကွယ်ပေးရန် အတွက် လုပ်ဆောင်ပေးကြရခြင်း ဖြစ်ပါသည်။

## ရန်သူပိုင် သင်္ဘောနှင့် ကုန်ပစ္စည်းများကို သိမ်းပိုက်ခြင်းကိစ္စ *(Application of PRIZE court jurisdiction)*

ကမ္ဘာ့ရေကြောင်းစစ်ပွဲများတွင် ကျင့်သုံးသော ဥပဒေအရ ပုဂ္ဂလိကပိုင် ပစ္စည်းများကို လွတ်ငြိမ်း ချမ်းသာခွင့်နှင့် ကင်းလွတ်ခွင့် မပြုပေ။ အကယ်၍ ရေတပ်ဖြင့် ပိတ်ဆို့ထားခြင်း *(naval blockade)* ကို ချိုးဖောက်ခဲ့သော ရန်သူ့ ကုန်သင်္ဘောများသာမက ကြားနေနိုင်ငံများမှ ကုန်သင်္ဘောများကိုပါ ဖမ်းဆီးခြင်း၊ သိမ်းပိုက်ခြင်း ခံကြရပါမည်။ အထူးသဖြင့် ကြားနေနိုင်ငံများမှ ကုန်သင်္ဘောများသည် တားမြစ်ထားသော ရန်သူ့နိုင်ငံ၏ စစ်ရေး တည်ဆောက်မှုများအတွက် လိုအပ်သော စက်ကိရိယာများ၊ ကုန်ကြမ်းများ၊ လက်နက် ခဲယမ်းများ၊ စစ်သုံးပစ္စည်းများ၊ လောင်စာများ၊ သတ္တုရိုင်းများကို သယ်ဆောင်လာပြီး ရန်သူနိုင်ငံ၏ စစ်ရေးကိစ္စများကို ကူညီပါက သင်္ဘောရော ထိုကြားနေနိုင်ငံပိုင် သင်္ဘောပေါ်ရှိ တားမြစ်ထားသော ကုန်ပစ္စည်းများ အားလုံးပါ သိမ်းဆည်းခြင်း ခံကြရပေလိမ့်မည်။

## ၁၉၀၇ ခုနှစ်က ချုပ်ဆိုခဲ့သော *Hague* နိုင်ငံတကာစာချုပ်အရ ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရသော သင်္ဘောအမျိုးအစားများ

ရေတပ်ဖြင့် ပိတ်ဆို့ထားခြင်းခံရသောနိုင်ငံမှ ပိုင်ဆိုင်သော သေးငယ်သည့် ငါးဖမ်းသင်္ဘောများ၊ ပြည်တွင်းကုန်သွယ်ရေးတွင်သာ

အသုံးပြုနေကြသည့် လှေများနှင့် မော်တော်ဘုတ်ကလေးများ၊ ကုန်သင်္ဘောငယ်ကလေးများ၊ သိပ္ပံ သုတေသန ပြုလုပ်လျက်ရှိသော သင်္ဘောငယ်ကလေးများ၊ ဘာသာရေးလုပ်ငန်းများအတွက် အသုံးပြုသော သင်္ဘောငယ်ကလေးများအား ဝိုင်းရံပိတ်ဆို့ထားသော မြို့ပ ရေတပ်သင်္ဘောများက လုံးဝ ဖမ်းဆီးသိမ်းပိုက်နိုင်ခွင့် မရှိကြပါ။

စစ်ပွဲမဖြစ်ပွားမီကတည်းက ပင်လယ်ထဲသို့ ရောက်ရှိနေခဲ့ပြီး ဆိပ်ကမ်းသို့ ပြန်လာခဲ့ကြသော သင်္ဘောများကို ကြိုတင် အကြောင်းကြားထားခြင်း မရှိခဲ့ပါက စစ်ပွဲ ပြီးဆုံးသွားသည့်အချိန်အထိ ဝိုင်းရံပိတ်ဆို့ထားသော နိုင်ငံခြား ရေတပ်ဖွဲ့များက ခေတ္တ ထိန်းသိမ်းကာ သုံးစွဲပိုင်ခွင့် ရရှိသွားမည် ဖြစ်၏။ ရန်သူ့ဆိပ်ကမ်းများတွင် စစ်ပွဲမစတင်မီက ရောက်ရှိနေခဲ့ကြပြီး မိမိဆိပ်ကမ်းသို့ ပြန်လာခဲ့ကြသော သင်္ဘောများမှာလည်း အထက်ဖော်ပြပါ နည်းလမ်းအတိုင်း ရန်သူ့ရေတပ်က စစ်ပွဲ ပြီးဆုံးသည့်အချိန်အထိ ထိန်းသိမ်းထားပြီး အရေးပေါ်ကိစ္စများအတွက် အသုံးပြုခွင့် ရရှိသွားကြလိမ့်မည် ဖြစ်၏။ *(၁၉၀၇ ခုနှစ် ဆဋ္ဌမအကြိမ်မြောက် Hague နိုင်ငံတကာ သဘောတူညီချက်အရ ဖြစ်သည်။)*

၁၉၅၄ ခုနှစ် *Hague* နိုင်ငံတကာ သဘောတူစာချုပ် (၁၄-၅-၁၉၅၄ နေ့က ချုပ်ဆိုသည့်စာချုပ်) အရ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် အထိမ်းအမှတ်ပစ္စည်းများကို မည်သည့်သင်္ဘောများထံမှမဆို သိမ်းဆည်းရယူပိုင်ခွင့် မရှိဟု သတ်မှတ်ပြဋ္ဌာန်းခဲ့ကြသည်။ သို့သော် ဤစာချုပ်မှာ ဝိုင်းရံထားသော စစ်သင်္ဘောများမှ သက်ဆိုင်ရာ အရာရှိများက အထိန်းသိမ်းခံသင်္ဘောများပေါ်သို့ တက်ရောက်ကြည့်ရှုစစ်ဆေးခြင်း လုပ်ရပ်ကိုမူ တားဆီးပိတ်ပင်ခြင်း မရှိပေ။

သင်္ဘောတစ်စင်းကို မည်သည့်နိုင်ငံက ပိုင်ဆိုင်ထားသည်ဆိုခြင်းကို ၎င်းသင်္ဘောပေါ်တွင် လွှင့်ထူထားသော အလံက သက်သေပြသည်။ သင်္ဘောပေါ်တွင် မည်သို့သော ကုန်ပစ္စည်း အမျိုးအစားများ တင်ဆောင်လာခဲ့သည် ဆိုခြင်းကိုမူ သင်္ဘောပေါ်တွင် ယူဆောင်လာသော ကုန်ပစ္စည်းဆိုင်ရာ စာရွက်စာတမ်းများ *(manifest)* က သက်သေပြသည်။

သင်္ဘောနှင့် ကုန်ပစ္စည်းများကို သိမ်းယူသင့် မသင့်ကို *Prize Court* ခေါ် ရေကြောင်းတရားရုံးများက စစ်ဆေးစီရင် ဆုံးဖြတ်ပေးကြရပါသည်။ *Prize* တရားရုံးများ၏ စစ်ဆေးစီရင်ပုံ လုပ်ထုံးလုပ်နည်းများနှင့် သင်္ဘောနှင့် ကုန်ပစ္စည်းများကို သိမ်းဆည်းပုံ လုပ်ထုံးလုပ်နည်းများမှာ တစ်နိုင်ငံနှင့် တစ်နိုင်ငံ မတူညီဘဲ ကွဲပြားခြားနားမှု ရှိကြသည်။

*Prize* တရားရုံးများအား အောက်ပါအတိုင်း အဆင့်နှစ်ဆင့်ခွဲ၍ ထားရှိကြသည် -

(၁) *Prize* အောက်ရုံး
(ဆိပ်ကမ်းများတွင်သာ ဖွင့်လှစ်တည်ထောင်ထားကြသည်) *(Lower Prize Court-Port)*၊

(၂) *Prize* အထက်တရားရုံး
(အချို့က *Prize* တရားရုံးချုပ် ဟူ၍လည်း ခေါ်ဝေါ်သုံးနှုန်းတတ်ကြပါသည်) *(Supreme Prize Court)*။

၁၉၀၇ ခုနှစ်က နိုင်ငံတကာ *Prize* တရားရုံး တည်ထောင်ရန် ကြိုးပမ်းအားထုတ်မှုများမှာ အောင်မြင်မှု မရရှိခဲ့ကြပေ။

## ၁၉၀၉ ခုနှစ်က ထုတ်ပြန်ခဲ့သော လန်ဒန် ကြေညာစာတမ်း အခန်း (၄) ၏ ပြဋ္ဌာန်းထားရှိချက် *(Declaration of London of 1909. Chapter IV)*

၁၉၀၉ ခုနှစ် လန်ဒန် ကြေညာစာတမ်းက ကြားနေနိုင်ငံ သင်္ဘောများအား ဖျက်ဆီးတိုက်ခိုက်ခြင်းကိစ္စကို ပိတ်ပင်တားမြစ်ခဲ့ကြသည်။ ကြားနေနိုင်ငံ သင်္ဘောတစ်စင်းကို ဖမ်းဆီးမည် ဆိုပါက ဆိပ်ကမ်းအတွင်းသို့ ခုတ်မောင်းစေကာ လိုအပ်သော စုံစမ်းစစ်ဆေးရေးကိစ္စရပ်များ ပြုလုပ်ဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းပေးထားသည်။ သို့သော် ကြားနေနိုင်ငံ၏သင်္ဘောက အစစ်ဆေးခံရန် ရပ်တန့်မပေးဘဲ ငြင်းဆန်ခဲ့ပါက ထိုသင်္ဘောကို တစ်ဖက် ရေတပ်သင်္ဘောက ပစ်ခတ် ဖျက်ဆီးခွင့် ရရှိသွားပါသည်။ အကြောင်းမှာ ထိုသို့ ပစ်ခတ်ဖျက်ဆီးခြင်း မပြုဘဲ ထားရှိပါက မိမိ၏ ရေကြောင်းစစ်ဆင်ရေးရည်မှန်းချက်များ ပျက်ပြားဆုတ်ယုတ်သွားနိုင်ဖွယ်ရာ ရှိနေသောကြောင့်ပင် ဖြစ်၏။

ထိုကဲ့သို့ ကြားနေနိုင်ငံ၏ သင်္ဘောကို ပစ်ခတ်ဖျက်ဆီးပစ်ရန် လိုအပ်လာမည် ဆိုပါက ထိုသင်္ဘောပေါ်မှ လိုက်ပါလာသူ အားလုံးအား လုံခြုံစိတ်ချရသည့်နေရာသို့ ရွှေ့ပြောင်းပို့ဆောင်ပေးရန် တိုက်ခိုက်နှစ်မြှုပ် ဖျက်ဆီးပစ်သော ရေတပ်သင်္ဘောများတွင် တာဝန်ရှိလာပါသည်။ ထို့အပြင် ထို သင်္ဘောနှင့် ပတ်သက်နေသမျှသော စာရွက်စာတမ်း အားလုံးကိုလည်း ပစ်ခတ် ဖျက်ဆီးသော သင်္ဘောက သိမ်းဆည်းရယူထားပြီး တရားရုံးတွင် တင်ပြအစီရင်ခံနိုင်ရန် အဆင်သင့် ပြုလုပ်ပေးထားကြရမည် ဖြစ်သည်။ သို့မှသာ သင်္ဘောအား ဖမ်းဆီးခြင်းကိစ္စမှာ တရားဝင်မည် သို့မဟုတ် တရားမဝင်

မည်ကို နောင်တွင် တရားရုံးတော်က ထည့်သွင်း စဉ်းစား ဆုံးဖြတ်နိုင်လိမ့်မည် ဖြစ်သည်။

## ရေကြောင်းဆိုင်ရာ စစ်သုံ့ပန်းများ၊ ဒဏ်ရာအနာတရ ဖြစ်နေသော ရေတပ်သားများ၊ ဖျားနာနေသော ရေတပ်သားများ၊ သင်္ဘောသား ဝန်ထမ်း အရာရှိများနှင့် ပတ်သက်၍ ပြဋ္ဌာန်းပေးထားသော ဥပဒေသ စည်းမျဉ်းများ

သာမန်အားဖြင့် ကြည်းတပ်ဆိုင်ရာ စစ်သုံ့ပန်းများအပေါ် ဆက်ဆံရမည့် စည်းမျဉ်းစည်းကမ်းများသည် ရေတပ်စစ်သည် စစ်သုံ့ပန်းများအပေါ် ထားရှိရမည့် ဆက်ဆံရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းရပ်များနှင့် ကွဲပြား ခြားနားမှု မရှိပေ။ ဖျားနာပြီး ဒဏ်ရာရထားသော စစ်သည်များနှင့် ရေတပ်သားများအပေါ် ဆေးဝါး ကုသပြုစု စောင့်ရှောက် ကျွေးမွေးရန်ရှိသော တာဝန်ဝတ္တရားများမှာလည်း ကွဲပြား ခြားနားမှု မရှိပေ။ ဒသမအကြိမ်မြောက် ၁၉၀၇ ခုနှစ် *Hague* နိုင်ငံတကာ သဘောတူညီချက်စာချုပ်ပါ စည်းကမ်းချက်များကို **'ရေကြောင်းစစ်ပွဲများနှင့် ပတ်သက်သော ဂျီနီဗာနိုင်ငံတကာ သဘောတူညီချက်'** နှင့် တူညီမှုရှိအောင် ညှိနှိုင်းရေးဆွဲကာ ပြဋ္ဌာန်းသတ်မှတ်ပေးခဲ့ကြခြင်း ဖြစ်သည်။

ဒဏ်ရာရထားသော စစ်သည်နှင့် ရေတပ်သားများ၊ ဖျားနာလျက် ရှိကြသော စစ်သည်နှင့် ရေတပ်သားများအား အဓိကဆေးဝါး ကုသ ပြုစုစောင့်ရှောက်ပေးရန် တည်ဆောက်ထားသော ပုဂ္ဂလိကပိုင် ဆေးရုံသင်္ဘောများနှင့် အစိုးရပိုင် ဆေးရုံသင်္ဘောများ

ကို မည်သည့် ရေတပ်သင်္ဘောကမျှ ဖမ်းဆီးခြင်း သို့မဟုတ် သိမ်းဆည်း ဟန့်တားထားခြင်း လုံးဝ ပြုပိုင်ခွင့် မရှိပါ။

**ဆေးရုံသင်္ဘောမှန်သမျှတွင် မဖြစ်မနေ ကွဲပြားရှင်းလင်းစွာ ရေးဆွဲ ဖော်ပြထားရမည့် သင်္ကေတ အမှတ်အသားများ**

ဆေးရုံသင်္ဘောများသာ ဖြစ်ပါကြောင်း အဝေးကပင် သဲကွဲထင်ရှားရှင်းလင်းစွာ တွေ့မြင်နိုင်ကြစေရန်အတွက် သက်ဆိုင်ရာ ဆေးရုံသင်္ဘောများက အောက်ဖော်ပြပါ သင်္ကေတ အမှတ်အသားများကို ရေးဆွဲ ဖော်ပြ ဆေးရောင်ခြယ်၍ ပြသပေးထားရန် တာဝန်အသီးသီး ရှိကြပါသည် -

(၁) စစ်တပ်ပိုင် ဆေးရုံသင်္ဘောများ၏ ရော တစ်ဖက်တစ်ချက် *(hulls)* များအပေါ်၌ ငါးပေခန့် အလျားရှိ အစိမ်းရောင် ကြက်ခြေခတ် အမှတ်အသားကို အဖြူရောင် နောက်ခံပေါ်တွင် ရေးဆွဲပြသထားရမည်၊

(၂) ပုဂ္ဂလိကပိုင် ဆေးရုံသင်္ဘောများနှင့် ကြားနေနိုင်ငံပိုင် ဆေးရုံသင်္ဘောများ၏ ဧရာဘေး တစ်ဖက်တစ်ချက်ပေါ်တွင် (*hulls* များအပေါ်တွင်) အဖြူရောင် နောက်ခံ ဆေးသားအပေါ်၌ အနီရောင်ကြက်ခြေခတ် အမှတ်အသားများကို ထင်ရှားစွာ ရေးဆွဲ ဖော်ပြထားရမည်၊

(၃) စစ်ပြိုင်နိုင်ငံများက ပိုင်ဆိုင်သော ဆေးရုံသင်္ဘောများပေါ်တွင် မိမိနိုင်ငံ၏ အမျိုးသားအလံတော်နှင့် ဂျီနီဗာအလံ နှစ်ခုစလုံးကို တစ်ပြိုင်နက်တည်း လွှင့်ထူပြသထားရမည်၊

(၄) ကြားနေနိုင်ငံများ ပိုင်ဆိုင်သော ဆေးရုံသင်္ဘောများ ပေါ်တွင် အလံသုံးမျိုး လွှင့်ထူပြသထားရမည် ဖြစ်၏။ မိမိနိုင်ငံ၏ အမျိုးသား အလံတော်၊ ဂျီနီဗာအလံနှင့် မိမိ အမိန့်နာခံ၍ လုပ်ဆောင်ပေးနေရသော စစ်ပြိုင် နိုင်ငံ၏ အလံကိုပါ တစ်ပြိုင်နက်တည်း လွှင့်ထူ ပြသ ပေးထားရန် လိုအပ်သည်။

ဒသမအကြိမ်မြောက် *Hague* နိုင်ငံတကာ သဘောတူ စာချုပ်၏ ပြဋ္ဌာန်းချက်အရ ဒဏ်ရာရ စစ်သည်နှင့် ရေတပ်သား များ၊ ဖျားနာနေသော စစ်သည်နှင့် ရေတပ်သားများအပြင် သင်္ဘော ပျက်၍ ပင်လယ်တွင် မျောပါလျက်ရှိသော စစ်သည်နှင့် ရေတပ် သားများကိုပါ ကယ်တင် စောင့်ရှောက်ပေးရန် တာဝန်ရှိကြောင်း ဖော်ပြပါရှိသည်။

## ၁၉၄၉ ခုနှစ် ဂျီနီဗာ နိုင်ငံတကာ သဘောတူစာချုပ်၏ တားမြစ်ချက်

၁၉၄၉ ခုနှစ်က ရေးဆွဲအတည်ပြု ပြဋ္ဌာန်းခဲ့ကြသော ဂျီနီဗာ နိုင်ငံ တကာဆိုင်ရာ သဘောတူစာချုပ်၏ ဖော်ပြထားချက်အရ မည် သည့် စစ်သင်္ဘောကမျှ စစ်ဘက်ဆိုင်ရာ ဆေးရုံသင်္ဘောများအား တိုက်ခိုက်ခွင့် သို့တည်းမဟုတ် ဖမ်းဆီး ထိန်းသိမ်းခွင့် မရှိပေ။ ထိုစာချုပ်က အမျိုးသားကြက်ခြေနီ အသင်းအဖွဲ့များက ပိုင်ဆိုင် သော ပုဂ္ဂလိကပိုင် ဆေးရုံသင်္ဘောများကိုလည်း တိုက်ခိုက် ဖျက်ဆီး ခြင်း၊ ဖမ်းဆီးထိန်းသိမ်းပိုင်ခွင့် မရှိကြောင်း အတိအလင်း ကြေညာ

ပိတ်ပင် တားဆီးထားပါသေးသည်။ အကြောင်းမှာ ထိုပုဂ္ဂလိကပိုင် ကြက်ခြေနီသင်္ဘောများသည် နိုင်ငံသား ခွဲခြားခြင်း အလျဉ်းမရှိဘဲ ဒဏ်ရာရထားသော စစ်သည်နှင့် ရေတပ်သားများ၊ သင်္ဘောပျက်၍ ပင်လယ်ထဲတွင် မျောပါလျက် ဒုက္ခရောက်နေကြသော စစ်သည်နှင့် ရေတပ်သားများအား အသက်ဘေးမှ ကယ်တင်စောင့်ရှောက်ကာ ဆေးဝါးကုသ ပြုစု ကျွေးမွေးပေးနေကြသောကြောင့်ပင် ဖြစ်၏။

စစ်ပြိုင်နိုင်ငံများသည် ပုဂ္ဂလိကပိုင် ကြက်ခြေနီသင်္ဘောများကို စစ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စစ်ဆင်ရေး ကိစ္စရပ်များတွင် လုံးဝ အသုံးပြုပိုင်ခွင့် မရှိပေ။ အဝေး ပင်လယ်ပြင်မှဖြစ်စေ၊ လေထုထဲတွင် ပျံသန်းလျက်ရှိသော လေယာဉ်ပျံများမှ ဖြစ်စေ အလွယ်တကူ ထင်ထင်ရှားရှား တွေ့မြင် သိရှိနိုင်ရန် ထိုပုဂ္ဂလိကပိုင် ကြက်ခြေနီ ဆေးရုံသင်္ဘောများကို ဆေးအဖြူရောင် သုတ်ပြီး ကြက်ခြေနီ အမှတ်အသား သင်္ကေတ လက္ခဏာကို သိသာထင်ရှားစွာ ဖော်ပြပေးထားရန် လိုအပ်ပါသည်။

ထိုကြက်ခြေနီ ပုဂ္ဂလိကပိုင် ဆေးရုံသင်္ဘောများတွင် အမျိုးသား အလံတော်နှင့် ဂျီနီဗာအလံ နှစ်မျိုးစလုံးကို တစ်ပြိုင်နက်တည်း လွှင့်ထူ ပြသပေးထားကြရမည် ဖြစ်၏။ အကယ်၍ ထိုပုဂ္ဂလိကပိုင် ကြက်ခြေနီ ဆေးရုံသင်္ဘောများက ရန်သူအပေါ် ဘေးအန္တရာယ်ပြုလာပါက ၎င်းသင်္ဘောများအပေါ် စာချုပ်က အပ်နှင်းပေးထားသည့် ဥပဒေဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုများ အားလုံး လက်လွတ် ဆုံးရှုံးသွားလိမ့်မည် ဖြစ်သည်။

ဆေးရုံသင်္ဘောများပေါ်တွင် တာဝန် ထမ်းဆောင်နေကြသော သင်္ဘောဝန်ထမ်းများနှင့် အရာရှိများ၏ လုံခြုံရေးကို နိုင်ငံ

တကာ ဥပဒေက အကာအကွယ် အပြည့်အဝ ပေးထား၏။ သို့သော် ဒုတိယကမ္ဘာစစ်ကြီး အတွင်းက ဂျာမန်ရေတပ်မတော် စစ်သင်္ဘော များက ဆေးရုံသင်္ဘောများကို နှစ်မြှုပ်ခဲ့ကြပြီး ခိုင်းစစ်ဆင်ရေးကို ပင်လယ်တွင် အကန့်အသတ် မရှိ ဆင်နွှဲခဲ့ကြသည်ဟု ဆိုဗီယက် ယူနီယံက တင်ပြ အရေးဆိုခဲ့ဖူးသည်။

အခန်း (၈)

# နိုင်ငံတကာ လေကြောင်းစစ်ပွဲဆိုင်ရာ ဥပဒေသများ

နိုင်ငံတကာစစ်ပွဲများဆိုင်ရာ ယေဘုယျ ဥပဒေသများသည် နိုင်ငံတကာ လေကြောင်းစစ်ပွဲများ အပေါ်တွင်လည်း အလားတူ အကျိုးသက်ရောက်မှုနှင့် အာဏာသက်ရောက်မှုများ ရှိကြသည်။

၁၉၀၇ ခုနှစ် စတုတ္ထ ဂျီနီဗာ နိုင်ငံတကာ သဘောတူစာချုပ်၏ *Article 25* အရ စစ်ဘက်ဆိုင်ရာ ဗုံးကြဲလေယာဉ်များ အားလုံးက ရန်သူနိုင်ငံပိုင် စစ်ရေးအရ အကာအကွယ် ကင်းမဲ့လျက်ရှိနေကြသော မြို့ပြဒေသများ၊ ကျေးလက်ဒေသများ၊ လူနေ ရပ်ကွက်များနှင့် လူနေအိမ်ခြေ အဆောက်အအုံများကို ဗုံးကြဲ တိုက်ခိုက်ဖျက်ဆီးခြင်း မပြုကြရန် အတိအလင်း ကာကွယ်ပိတ်ပင် တားဆီးထားပြီး ဖြစ်၏။

**၁၉၀၉ ခုနှစ် လန်ဒန်ကြေညာချက် *Article 24* ၏ ပြဋ္ဌာန်းချက်**

ဗုံးကြဲတိုက်ခိုက်ရန် တီထွင်ပြုလုပ်ထားသော ဟီလီယံ ဓာတ်ငွေ့သုံး လေသဘောင်္ကြီးများ၊ ဗုံးကြဲလေယာဉ်များကို တားမြစ်ပိတ်ပင်ထား

သော အရာများဟု သတ်မှတ်ဖော်ပြခဲ့ကြသည်။ ၁၉၂၉ ခုနှစ်က ရေးဆွဲထားသော ဂျီနီဗာနိုင်ငံတကာသဘောတူစာချုပ်၏ *Article 18*၊ ၁၉၄၉ ခုနှစ်က ရေးဆွဲချုပ်ဆိုထားခဲ့ကြသော ဂျီနီဗာ နိုင်ငံတကာ သဘောတူစာချုပ်၏ *Article 35*၊ *36* နှင့် *37* တို့အရ ဆေးရုံ လေယာဉ်ပျံ၊ ဆေးဘက် ကုသရေးဆိုင်ရာ လေယာဉ်ပျံ၊ ဒဏ်ရာ ရထားသော စစ်သည်နှင့် နာမကျန်း ဖြစ်နေသော စစ်သည်များကို ကယ်ထုတ် သယ်ယူရန်ကိစ္စအတွက်သက်သက်သာ အသုံးပြုသော လေယာဉ်ပျံများ၊ ဆရာဝန်၊ သူနာပြုနှင့် ဆေးဝါး ကုသရေးဆိုင်ရာ ပစ္စည်းများနှင့် ဆေးဝါးများကိုသာ သီးသန့် သယ်ယူ ပို့ဆောင် ပျံသန်းပေးလျက်ရှိကြသော လေယာဉ်ပျံများကို တိုက်ခိုက် ပစ်ချခြင်းများ လုံးဝ မပြုလုပ်ရဟု အတိအလင်း ပြဋ္ဌာန်း သတ်မှတ်ထားပါသည်။

သို့ရာတွင် ဆေးဝါးကုသရေးနှင့် ဆေးရုံလေယာဉ်ပျံများသည် စစ်ပြိုင်နိုင်ငံများက သတ်မှတ် ပြဋ္ဌာန်းပေးထားသော အမြင့်ပေ၊ သတ်မှတ်ထားသော အချိန်နာရီ အပိုင်းအခြား၊ သတ်မှတ်ပေးထား သော လေယာဉ်ပျံသန်း ဦးတည်ရာ လမ်းကြောင်းများအတွင်း၌ သာ ပျံသန်းကြရမည်ဖြစ်ပြီး ထိုအချက်အလက်များကို စစ်ပြိုင်နိုင်ငံ များက ညှိနှိုင်းတိုင်ပင်၍ သတ်မှတ်ကြရမည် ဖြစ်သည်။ ထို ဆေး ရုံလေယာဉ်များသည် မိမိတို့မှာ ဆေးဘက်ဆိုင်ရာလုပ်ငန်းများကို သာ လုပ်ဆောင်လျက် ရှိကြောင်း လိုအပ်သော အထိမ်းအမှတ် လက္ခဏာ အမှတ်အသား သင်္ကေတများကို အဝေးမှ သဲကွဲစွာ မြင်နိုင်စေရန် လေယာဉ်၏ အပေါ်ပိုင်း၊ ဘေးဘက်နှင့် အောက် ဘက်တို့တွင် သဲကွဲရှင်းလင်းစွာ ရေးဆွဲဖော်ပြ အရောင်ခြယ် ပြသ

ထားကြရန် တာဝန်ရှိကြသည်။ မိမိနိုင်ငံတော် တံဆိပ် အထိမ်းအမှတ်နှင့် သင်္ကေတ အမှတ်အသားများကိုပါ သဲကွဲစွာ ရေးဆွဲပြသထားကြရမည် ဖြစ်၏။

အခြားသော သီးခြားသဘောတူညီထားခြင်းမျိုး မရှိခဲ့ပါလျှင် ဆေးရုံလေယာဉ်များသည် ရန်သူပိုင်နက် လေပြင်၊ ရန်သူက သိမ်းပိုက်ထားသော နယ်မြေအပေါ်ရှိ လေထုပိုင်နက်များအတွင်းသို့ ဖြတ်ကျော်ပျံသန်းခြင်း လုံးဝ ပြုလုပ်ပိုင်ခွင့် မရှိပါ။ အကယ်၍ မလွဲသာ မရှောင်သာ ရန်သူပိုင်နက်နယ်မြေ သို့မဟုတ် ရန်သူက သိမ်းပိုက်ထားဆဲ ဖြစ်သော ပိုင်နက်နယ်မြေ အတွင်းသို့ လေယာဉ်ဆင်းသက်ခဲ့ရပါက လေယာဉ်ပေါ်တွင် လိုက်ပါလာခဲ့ကြသော ဒဏ်ရာရ စစ်သည်များ၊ နာမကျန်း ဖြစ်နေသော စစ်သည်များနှင့် လေယာဉ်မှူးများ၊ လေယာဉ်အမှုထမ်းများအား စစ်သုံ့ပန်းများ အဖြစ် ရန်သူနိုင်ငံက ဖမ်းဆီးထိန်းသိမ်းထားခြင်း ခံကြရလိမ့်မည် ဖြစ်သည်။

သို့သော် လေယာဉ်ပေါ်တွင် ပါလာခဲ့ကြသော ဆရာဝန်၊ ဆရာဝန်မများ၊ သူနာပြုများ၊ ဆေးဝန်ထမ်း တပ်သားများကိုမူ ရန်သူနိုင်ငံက ဖမ်းဆီးထိန်းသိမ်းခွင့် လုံးဝ မရှိကြပါ။

ဆေးဘက်ဆိုင်ရာ လေယာဉ်များသည် ဆင်းသက်ရန် အမိန့်ပေးခြင်းခံရပါက ချက်ချင်းဆင်းသက်ကာ အစစ်ဆေးခံကြရန် တာဝန်ရှိကြ၏။ အကယ်၍ စစ်ဆေးခံပြီးနောက် လေယာဉ်နှင့်တကွ ထိုဆေးရုံလေယာဉ်ပေါ်တွင် လိုက်ပါလာခဲ့ကြသူပုဂ္ဂိုလ်များအားလုံးကို လွတ်လပ်စွာ ပြန်လည် ပျံသန်းထွက်ခွာခွင့် ပြုကြရမည် ဖြစ်၏။

စစ်ပြိုင်နိုင်ငံများက ပိုင်ဆိုင်သော ဆေးရုံလေယာဉ်ပျံများသည် ကြားနေနိုင်ငံများ၏ လေကြောင်းပိုင်နက်များအပေါ် ဖြတ်

ကျော်ပျံသန်းသွားခွင့်ကို ခွင့်တောင်းပြီးမှ ရရှိကြသည်။ စစ်ပြိုင်နိုင်ငံများမှ ဆေးရုံနှင့် ဆေးဝါးကုသရေး လေယာဉ်များသည် အရေးကြုံလာပါက ကြားနေနိုင်ငံများ အတွင်းရှိ လေယာဉ်ကွင်းများသို့ ကြိုတင် ခွင့်ပြုချက် တောင်းခံ၍ ဆင်းသက်ခိုလှုံခွင့် ရှိကြသည်။ ရေပြင်ပေါ်တွင် ဖြစ်စေ၊ မြေပြင်ပေါ်တွင်ဖြစ်စေ ကြားနေနိုင်ငံထံ ကြိုတင် အကြောင်းကြားပြီး ခွင့်ပြုချက် ရရှိပြီးမှ ယခုကဲ့သို့ အရေးပေါ် ဆင်းသက်ခွင့်ရမည် ဖြစ်ပါသည်။

ဆေးရုံလေယာဉ်များသည် တိုက်ခိုက်ပစ်ချခြင်း မခံကြရလေအောင် မိမိတို့အား ပျံသန်းရန် ကြိုတင် သတ်မှတ်ပေးထားသော လေယာဉ်ပျံသန်းရန် လေကြောင်းလမ်းများအတိုင်းသာ ပျံသန်းကြရန် အထူးတလည် တာဝန်ရှိကြသည်။ လေယာဉ်များ ပျံသန်းကြရမည့် အမြင့်ပေနှင့် အချိန်ကာလကို စစ်ပြိုင်နိုင်ငံများနှင့် ကြားနေနိုင်ငံများအကြား ကြိုတင်ညှိနှိုင်း တိုင်ပင်ဆွေးနွေးပြီး သတ်မှတ်ပေးထားရန်လည်း လိုအပ်ပါသည်။

ကြားနေနိုင်ငံများသည် စစ်ပြိုင်နိုင်ငံများ၏ ဆေးရုံလေယာဉ်များ မိမိတို့ ပိုင်နက်နယ်မြေအတွင်း ဆင်းသက်ခိုနားခွင့်၊ ပြင်ဆင်မွမ်းမံခွင့်များနှင့်ပတ်သက်၍ ကြိုတင်စည်းကမ်းချက်များ သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ လုပ်ပိုင်ခွင့် အပြည့်အဝ ရရှိထားကြ၏။ ကြားနေနိုင်ငံများသည် စစ်ပြိုင်နိုင်ငံများအားလုံးအတွက် အခွင့်အရေး၊ ကန့်သတ်ချက်နှင့် စည်းကမ်းများကို တစ်ပြေးညီ ချမှတ်ကျင့်သုံးပေးရန် တာဝန်ရှိကြ၏။

အကယ်၍ အခြားနည်း သဘောတူညီချက်များ ကြိုတင်သတ်မှတ်ထားခြင်း မရှိခဲ့ကြပါလျှင်မူ စစ်ပြိုင်နိုင်ငံများ၏ ဆေးရုံလေ

ယာဉ်များပေါ်မှ မြေပြင် ဆေးရုံများပေါ်သို့ ချပေးခဲ့သော ဒဏ်ရာရ စစ်သည်များနှင့် နာမကျန်း ဖြစ်နေသော စစ်သည်များကို စစ်ပွဲကြီး ရပ်ဆိုင်းပြီးဆုံးသည်အထိ ကြားနေနိုင်ငံများ၏ အာဏာပိုင်များက မိမိတို့ပိုင်နက်အတွင်း ထိန်းသိမ်းစောင့်ရှောက်ပေးထားကြရမည် ဖြစ်သည်။ ထိုသူများသည် စစ်ပွဲကြီး ပြီးဆုံးသွားသည်အထိ တိုက်ပွဲများတွင် ပါဝင်ဆင်နွှဲခွင့်၊ စစ်မှုထမ်းခွင့် ရရှိကြတော့မည် မဟုတ်ပေ။ ထိုစစ်သည်များအား ကျွေးမွေးပြုစု စောင့်ရှောက်ပေးရန်အတွက် စိုက်ထုတ်ကုန်ကျပေးခဲ့ရသမျှသော ငွေကြေးများကို စစ်ပွဲ ပြီးဆုံးသောအခါ ထို စစ်သည်တို့၏ မိခင်တိုင်းပြည်က စောင့်ရှောက်ပေးထားသော ကြားနေနိုင်ငံ အစိုးရထံ ပြန်လည်ပေးဆပ်ရန် တာဝန်ရှိသွားပါသည်။

ဒုတိယကမ္ဘာစစ်အတွင်းက နာဇီဂျာမနီနှင့် ဖက်ဆစ်ဂျပန်တပ်များက စစ်ပြိုင်နိုင်ငံများ၏ စစ်ဆေးရုံများ၊ ဆေးရုံသင်္ဘောများကို တိုက်ခိုက်ဖျက်ဆီးခဲ့သည်ဟု ဆို၏။ အရပ်ဘက် နေအိမ်အဆောက်အအုံများကိုလည်း ပြင်းထန်စွာ ဗုံးကြဲတိုက်ခိုက်ခြင်း၊ အမြောက်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများ ပြုလုပ်ခဲ့ကြသည်ဟု ဆိုသည်။ ကိုရီးယားစစ်ပွဲကာလ အတွင်းက အမေရိကန်စစ်လေယာဉ်များက မြောက်ကိုရီးယားနိုင်ငံရှိ လူနေအိမ်ခြေများ၊ မြို့များ၊ ကျေးလက်များကို တမင်ရည်ရွယ်ကာ ဗုံးကြဲ တိုက်ခိုက်ခဲ့ကြသည်ဟု ရုရှား ဥပဒေ ပညာရှင်များက ရေးသား ဖော်ပြခဲ့ကြသည်။

အလားတူ ၁၉၅၆ ခုနှစ်က အင်္ဂလိပ်၊ ပြင်သစ်နှင့် အစ္စရေး စစ်လေယာဉ်နှင့် အမြောက်တပ်ဖွဲ့များကလည်း *Suez* ဒေသရှိ

အီဂျစ်မြို့ရွာနှင့် ကျေးလက်ဒေသ အများအပြားရှိ လက်နက်မဲ့ အရပ်သူအရပ်သားများအပေါ် ပစ်ခတ်တိုက်ခိုက် သတ်ဖြတ်ခဲ့မှု များ ရှိခဲ့သည်ဟု ရေးသားဖော်ပြထားသည်ကိုလည်း လေ့လာတွေ့ ရှိရပြန်သည်။

အခန်း (၉)

# ကြားနေနိုင်ငံများက စောင့်ထိန်း လိုက်နာအပ်သော တာဝန် ဝတ္တရားများ၊ စည်းကမ်းစည်းမျဉ်းများနှင့် အခွင့်အရေးများ

ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း၏ *Article 48* တွင် ကြားနေနိုင်ငံများ၏ အခွင့်အရေး၊ တာဝန်နှင့် ရပိုင်ခွင့်များကို အကျယ်တဝင့် ဖော်ပြထား၏။

**အထွေထွေစည်းမျဉ်းများ**

(၁) အခြားနိုင်ငံများစပ်ကြား စစ်မက်ဖြစ်ပွား ပေါ်ပေါက်လာချိန်တွင် ထိုစစ်ပွဲတွင် ပါဝင်ပတ်သက်ခြင်း မရှိသော နိုင်ငံများသည် ကြားနေနိုင်ငံများ *(Neutral States)* ဖြစ်လာကြပြီး ထိုကြားနေနိုင်ငံများသည် မည်သည့် စစ်ပြိုင်နိုင်ငံများကိုမျှ အားပေးကူညီ ထောက်ခံခြင်း မပြုရဘဲ လုံးဝ တိတိကျကျ ကြားနေပေးရန် အထူးတလည် တာဝန်ရှိလာသည်။

(၂) လိုအပ်ပါက မိမိနိုင်ငံသည် စစ်ပွဲနှင့် မပတ်သက်သော ကြားနေနိုင်ငံ ဖြစ်ကြောင်း ကမ္ဘာသို့ ကြေညာထားရမည်။

(၃) မိမိကြားနေနိုင်ငံပိုင် နယ်နိမိတ်အတွင်းသို့ စစ်ပြိုင်နိုင်ငံများ၏ စစ်တပ်ဖွဲ့များ၊ လက်နက်ထောက်ပံ့ရေး လမ်းကြောင်းများ၊ ရိက္ခာထောက်ပံ့ရေး လမ်းကြောင်းများကို လုံးဝခွင့်ပြု ဖြတ်သန်း သွားလာစေခြင်း မပြုရပါ။

**မှတ်ချက်။** ဒုတိယကမ္ဘာစစ် ကာလအတွင်းက နာဇီဂျာမနီနိုင်ငံသည် ဥရောပတိုက်ရှိ ကြားနေနိုင်ငံ နယ်မြေများကို ဇွတ်အတင်း ကျူးကျော် သိမ်းပိုက် အသုံးပြုခြင်း၊ လေကြောင်း ပိုင်နက်များကို ဇွတ်အတင်း ဖြတ်ကျော်အသုံးပြုခြင်းနှင့် ထောက်ပံ့ပို့ဆောင်ရေး လမ်းကြောင်းများအဖြစ် အသုံးပြုခဲ့ခြင်းများ အကြိမ်ကြိမ် ပြုလုပ်ခဲ့ကြသည်ဟု ပညာရှင်များက ရေးသားဖော်ပြခဲ့ကြသည်။

၁၉၀၇ ခုနှစ်က ရေးသားချုပ်ဆိုခဲ့ကြသော ပဉ္စမအကြိမ် *Hague* နိုင်ငံတကာ သဘောတူညီချက်တွင် ကြားနေနိုင်ငံများ၏ အခွင့်အရေး၊ ရပိုင်ခွင့်များနှင့် တာဝန်များကို အောက်ပါအတိုင်း တိကျစွာ ဖော်ပြသတ်မှတ် ပြဋ္ဌာန်းပေးထားခဲ့ကြသည် -

(၁) စစ်ပြိုင်နိုင်ငံများ အနေဖြင့် ကြားနေ နိုင်ငံများ၏ ပိုင်နက်နယ်မြေများ အတွင်းသို့ ကျူးကျော်ဝင်ရောက် ဖြတ်သန်းသုံးစွဲ စခန်းချပိုင်ခွင့်များ လုံးဝ မရှိပါ။

(၂) စစ်ပြိုင်နိုင်ငံများက ကြားနေနိုင်ငံ ပိုင်နက်နယ်မြေများအတွင်း ဝင်ရောက် စစ်ပြိုင် တိုက်ခိုက်နိုင်ခွင့် လုံးဝမရှိပါ။

(၃) စစ်ပြိုင်နိုင်ငံများက ကြားနေနိုင်ငံပိုင်နက် နယ်မြေများအတွင်း ဖွတ်အတင်း ကျူးကျော်ဝင်ရောက်၍ စစ်သည်အင်အား ဖြည့်တင်းရန် စစ်ကြောင်းများ ချီတက် ဖြတ်သန်းခြင်း၊ စားနပ်ရိက္ခာ လက်နက်ခဲယမ်းများကို ဖြတ်သန်း သယ်ယူပို့ဆောင်ခြင်းများ ပြုလုပ်ခွင့် မရှိပါ။

(၄) စစ်ပြိုင်နိုင်ငံများက ကြားနေနိုင်ငံများ၏ ပိုင်နက် နယ်မြေများအတွင်း၌ မိမိတပ်ဖွဲ့များအတွက် ရေဒီယို ဆက်သွယ်ရေး စခန်းများ ဖွင့်လှစ် တည်ထောင်အသုံးပြုခြင်း၊ အခြားသော ဆက်သွယ်ရေးစခန်းများ ထူထောင်အသုံးပြုခြင်းများကို လုံးဝ အသုံးပြုခွင့် မရှိကြပါ။

(၅) ကြားနေနိုင်ငံများ၏ ပိုင်နက် နယ်နိမိတ်များအတွင်း စစ်ပြိုင် နိုင်ငံများက စစ်သားစုဆောင်းရေးစခန်းများ၊ ရုံးခန်းများ၊ ဌာနချုပ်များ ထူထောင်ဖွင့်လှစ် အသုံးပြုခြင်းများ လုံးဝပြုမူ ဆောင်ရွက်ခွင့် မရှိပါ။

(၆) ကြားနေ နိုင်ငံများမှ အပျော်တမ်း တပ်သားများက စစ်ပြိုင်နိုင်ငံများ၏ တပ်ဖွဲ့များတွင် ဝင်ရောက် တိုက်ခိုက် စစ်မှုထမ်းခြင်း ကိစ္စကို နိုင်ငံတကာ ဥပဒေက တားဆီး ပိတ်ပင်ထားခြင်း မရှိပါ။

(၇) ကြားနေနိုင်ငံ၏ အစိုးရများသည် ပုဂ္ဂလိက လူပုဂ္ဂိုလ်များက စစ်ပြိုင်နိုင်ငံများထံသို့ လက်နက်ခဲယမ်းနှင့်

စစ်ပစ္စည်းများအား တင်ပို့ သယ်ယူ ပို့ဆောင်ပေးခြင်းနှင့် ရောင်းချပေးခြင်း ကိစ္စရပ်များကို တားဆီးပိတ်ပင်ပိုင်ခွင့် လုံးဝမရှိပေ။ အကယ်၍ ကြားနေနိုင်ငံ အစိုးရများက အထက် ဖော်ပြပါ လုပ်ရပ်များကို ကန့်သတ်လိုက်မည် ဆိုပါက အားလုံးသော စစ်ပြိုင်နိုင်ငံများထံသို့ လက်နက်ခဲယမ်း၊ ရိက္ခာနှင့် စစ်ပစ္စည်းမျိုးစုံကို ပေးပို့ခြင်း၊ တင်ပို့ရောင်းချခြင်းဆိုင်ရာ ကိစ္စရပ်များ အားလုံးအပေါ် တစ်ပြေးညီ ပိတ်ပင်ဟန့်တား ကန့်သတ်ရမည်ဖြစ်၏။

(၈) ကြားနေနိုင်ငံ အစိုးရများ အနေဖြင့် စစ်ပြိုင် နိုင်ငံများ အားလုံးထံသို့ စစ်လက်နက် ခဲယမ်းများနှင့် စစ်နှင့် ပတ်သက်သမျှသော မည်သည့် ပစ္စည်းများကိုမျှ တင်ပို့ ရောင်းချခြင်း သို့တည်းမဟုတ် ကူညီထောက်ပံ့ ပေးကမ်းခြင်းများ လုံးဝ ပြုလုပ်ပိုင်ခွင့်မရှိပါ။

(၉) စစ်ပြိုင်နိုင်ငံများထံသို့ ကြားနေနိုင်ငံများက ငွေကြေးထုတ်ပေး ချေးငှားခြင်း ကိစ္စရပ်များကို ပိတ်ပင်ထားခြင်း မရှိပါ။

(၁၀) ကြားနေ နိုင်ငံများ အနေဖြင့် စစ်ပြိုင် နိုင်ငံများနှင့် ကြေးနန်း၊ တယ်လီဖုန်း၊ ကြိုးမဲ့ကြေးနန်းစက်များဖြင့် ဆက်သွယ်နိုင်ပြီး အစိုးရ၊ ပုဂ္ဂလိက ကုမ္ပဏီများနှင့် လူပုဂ္ဂိုလ်များ အားလုံး အနေဖြင့် လွတ်လပ်စွာ လုပ်ဆောင်ပိုင်ခွင့် ရှိကြပါသည်။

(၁၁) ကြားနေနိုင်ငံများသည် မိမိတို့အား လာရောက် တိုက်ခိုက်သော စစ်ပြိုင်နိုင်ငံများကို လက်နက်စစ်အင်အား အသုံးပြု၍ ခုခံ ကာကွယ်ပိုင်ခွင့် အပြည့်အဝ ရှိကြပါသည်။

(၁၂) အကယ်၍ ကြားနေနိုင်ငံများက မိမိနိုင်ငံ ပိုင်နက်နယ်နိမိတ်များအတွင်းသို့ စစ်ပြိုင်နိုင်ငံများမှ စစ်သည်များ ခိုလှုံဝင်ရောက်လာခဲ့ကြပါလျှင် ထိုဝင်ရောက်လာသော စစ်ပြိုင်နိုင်ငံများမှ စစ်သည်များကို ကြားနေနိုင်ငံများက စစ်ပြီးသည့် အချိန်အထိ ထိန်းသိမ်းထားရန် တာဝန်ရှိပါသည်။ ဖြစ်နိုင်ပါက စစ်မြေပြင်နှင့် ဝေးရာ အရပ်ဒေသများတွင် ထိန်းသိမ်းထားရမည် ဖြစ်၏။ ခံတပ်များ သို့မဟုတ် စစ်သုံ့ပန်း စခန်းများ ကဲ့သို့သော စခန်းများတွင်လည်း ထိန်းသိမ်း ထားရှိပိုင်ခွင့် ရှိကြသည်။

(၁၃) စစ်ပြိုင်နိုင်ငံများမှ ဒဏ်ရာ ရရှိထားသော စစ်သည်များနှင့် နာမကျန်းဖြစ်နေသော စစ်သည်များအား မိမိနိုင်ငံနယ်နိမိတ်ကို ဖြတ်ကျော်၍ ၎င်းတို့၏ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်ပို့ပေးနိုင်ခွင့်ရှိပါသည်။ သို့ရာတွင် ထိုလူမမာများ၊ ဒဏ်ရာ ရထားသော စစ်သည်များနှင့်အတူ ရောနှော၍ တိုက်ခိုက်ရေး စစ်သည်များ သို့မဟုတ် စစ်သုံးပစ္စည်း လက်နက်ခဲယမ်းများကို ပို့ဆောင် ဖြတ်သန်းခွင့်ပြု၍ မရပါ။ ထိုသို့ မပြုလုပ်နိုင်ရန်အတွက် ကြားနေနိုင်ငံအစိုးရ တာဝန်ရှိ ပုဂ္ဂိုလ်များက အနီးကပ်

စောင့်ကြည့် စစ်ဆေး ကြပ်မတ် ထိန်းချုပ်ပေးရန် တာဝန်ရှိသည်။

(၁၄) မဖြစ်မနေ လိုအပ်လာသော အခြေအနေ အကျပ်အတည်း အချိန်အခါများမှလွဲ၍ စစ်ပြိုင်နိုင်ငံများသည် ကြားနေနိုင်ငံများ၏ အစိုးရ သို့မဟုတ် ပုဂ္ဂလိကပိုင် ကုမ္ပဏီ သို့မဟုတ် လူပုဂ္ဂိုလ် တစ်ဦးချင်း ပိုင်ဆိုင်သော မီးရထားများကို လုံးဝသိမ်းပိုက်ရယူသုံးစွဲပိုင်ခွင့် မရှိပါ။ ယူသုံးမိပါကလည်း သက်ဆိုင်သူ ပိုင်ရှင်များလက်ထဲသို့ အမြန်ဆုံး ပြန်လည် ပေးပို့ရန် စစ်ပြိုင်နိုင်ငံများတွင် တာဝန်ကိုယ်စီ ရှိကြသည်။

## ရေကြောင်းစစ်ပွဲများတွင် ကျင့်သုံးရမည့် ကြားနေနိုင်ငံများ၏ တာဝန်ဝတ္တရားများနှင့် ရပိုင်ခွင့်များ

ပင်လယ်ပြင် စစ်ပွဲများတွင် ကြားနေရေး ကိစ္စရပ်များအတွက် အောက်ဖော်ပြပါ ၁၉၀၇ ခုနှစ်က ချုပ်ဆိုရေးဆွဲခဲ့ကြသော ၁၃ ကြိမ်မြောက် နိုင်ငံတကာ သဘောတူစာချုပ်တွင် ပါရှိသော ပြဋ္ဌာန်းချက်နှင့် စည်းမျဉ်းစည်းကမ်းများက လွှမ်းမိုးချုပ်ကိုင်ထားပါသည်-

(၁) စစ်ပြိုင်နိုင်ငံများက ကြားနေနိုင်ငံများ၏ မြေပြင်နှင့် ရေပြင်ပိုင်နက် နယ်ပယ်အတွင်း စစ်ရေး လှုပ်ရှားဆောင်ရွက်မှုများနှင့် ပတ်သက်၍ တစ်စုံတစ်ရာမျှ ပြုလုပ် ဆောင်ရွက်ပိုင်ခွင့် မရှိကြပါ။

(၂) ကြားနေနိုင်ငံများ၏ ပိုင်နက်ရေပြင်များအပေါ်တွင် ပြည်ပ သင်္ဘောများ၊ အခြားနိုင်ငံများ၊ ကြားနေနိုင်ငံ

များနှင့် ရန်သူနိုင်ငံမှ သင်္ဘောများအား စစ်ပြိုင်နိုင်ငံများမှ ရေတပ် သင်္ဘောများက ရပ်တန့်၍ သင်္ဘောပေါ်သို့ တက်ရောက် စစ်ဆေးပိုင်ခွင့် လုံးဝ မရှိကြပါ။

(၃) ကြားနေနိုင်ငံများ၏ ပိုင်နက် နယ်မြေများအတွင်း၌ စစ်ပြိုင်နိုင်ငံများက သွားရောက်၍ နိုင်ငံခြား စစ်ပစ္စည်းတင် သင်္ဘောများကို ရပ်တန့် တက်ရောက်ရှာဖွေ သိမ်းဆည်းနိုင်သည့် စီရင်ပိုင်ခွင့်ရှိသော *Prize* တရားရုံးများ တည်ထောင်ပိုင်ခွင့် မရှိပါ။ ကြားနေနိုင်ငံများ၏ ပိုင်နက်ရေပြင်ပေါ်ရှိ သင်္ဘောများပေါ်၌လည်း *Prize* တရားရုံးများကို တည်ထောင်၍ စစ်ဆေးစီရင်ပိုင်ခွင့် မရှိကြပါ။

(၄) ကြားနေနိုင်ငံများ ပိုင်ဆိုင်သော ဆိပ်ကမ်းများနှင့် ပိုင်နက် ပင်လယ်ပြင်များပေါ်တွင် စစ်ပြိုင်နိုင်ငံများ၏ ရေတပ်ဖွဲ့များက ရေတပ် အခြေစိုက်စခန်းများ တည်ဆောက်ခြင်း၊ ရေတပ် တိုက်ပွဲများ ဆင်နွှဲကွပ်ကဲ ကြီးကြပ်ခြင်းများ ပြုလုပ်ခွင့် မရှိပါ။ အထူးသဖြင့် ကြားနေနိုင်ငံပိုင် မြေပြင်နှင့် ရေပြင်ပိုင်နက် နယ်မြေများတွင် ရေဒီယို တယ်လီဖုန်း ဆက်သွယ်ရေး စခန်းများ ထူထောင်ထားရှိ အသုံးပြုခြင်း၊ မိမိ၏ ရေတပ်နှင့် ကြည်းတပ်ဖွဲ့များနှင့် ဆက်သွယ် ပြောကြားနိုင်သော အခြားမည်သည့်ဆက်သွယ်ရေး စခန်းမျိုးကိုမျှ တည်ထောင်ဆောက်လုပ် သုံးစွဲခွင့် မရှိကြပါ။

(၅) ကြားနေနိုင်ငံ တစ်နိုင်ငံသည် မည်သည့် စစ်ပြိုင်နိုင်ငံကိုမျှ မည်သည့်အကြောင်းပြချက်နှင့်မျှ တိုက်ရိုက် ဖြစ်စေ၊ သွယ်ဝိုက်သော နည်းလမ်းများဖြင့်ဖြစ်စေ စစ်သင်္ဘောများ၊ စစ်ဘက်ဆိုင်ရာ အသုံးအဆောင် ပစ္စည်းများ၊ အခြား စစ်ရေးဆိုင်ရာ ပစ္စည်းများကို လွှဲပြောင်း ပေးအပ်ခြင်း ပြုခွင့် မရှိပါ။

(၆) ကြားနေနိုင်ငံ အစိုးရများအနေဖြင့် စစ်ပြိုင်နိုင်ငံ တစ်နိုင်ငံ၏ သင်္ဘောများကို လက်နက် တပ်ဆင်ပေးခြင်း၊ ရေတပ်တိုက်ပွဲ ဆင်နွှဲနိုင်ရန် လက်နက် ကိရိယာများ တပ်ဆင် အားဖြည့်ပေးခြင်း၊ စစ်ပွဲများတွင် အသုံးပြုနိုင်သည့် စစ်ရေယာဉ်များ တည်ဆောက် မွမ်းမံ ပြင်ဆင်ပေးခြင်းနှင့် ထိုသို့ ပြင်ဆင်မွမ်းမံ အားဖြည့်ထားသော စစ်ရေယာဉ်များကို မိမိ၏ စီရင်ပိုင်ခွင့်အာဏာရှိသော နယ်နိမိတ်အတွင်းမှ ပင်လယ်ပြင်သို့ ထွက်ခွာသွားခြင်း မပြုနိုင်စေရန် တားမြစ် ပိတ်ပင်ပေးရမည့်တာဝန် ရှိပါသည်။

(၇) အကယ်၍ ကြားနေနိုင်ငံ တစ်နိုင်ငံသည် စစ်ပြိုင်နိုင်ငံ တစ်နိုင်ငံပိုင် စစ်သင်္ဘောများအား မိမိ ပိုင်နက်ပင်လယ်ပြင်ပေါ်မှ ဖြတ်သန်း ခုတ်မောင်းသွားကြရန် သဘောတူညီချက် ပေးခဲ့လျှင်ဖြစ်စေ၊ ကြားနေနိုင်ငံသား ရေကြောင်းပြအရာရှိ (အရပ်သား) တစ်ဦးဦးက စစ်ပြိုင်နိုင်ငံ တစ်နိုင်ငံ၏ စစ်သင်္ဘောများကို ရေလမ်းကြောင်း ပြသခုတ်မောင်းပေးခဲ့လျှင်ဖြစ်စေ ထိုကြားနေ

နိုင်ငံသည် မိမိ၏ ကြားနေရေး တာဝန်များကို ချိုးဖောက်ခဲ့သည်ဟု သတ်မှတ် ပြောဆို၍ မရပါ။

(၈) ကြားနေနိုင်ငံ တစ်နိုင်ငံ၏ ပိုင်နက် ရေပြင်အတွင်း၌ စစ်ပြိုင်နိုင်ငံ၏ စစ်သင်္ဘောတစ်စင်းအား ထိုကြားနေနိုင်ငံက ဖမ်းဆီးထားခဲ့ပါက ထိုစစ်သင်္ဘောကို စစ်ပွဲပြီးဆုံးသည့် အချိန် ကာလအထိ ထိုကြားနေနိုင်ငံ၏ ဆိပ်ကမ်းအတွင်း ထိန်းသိမ်းထားရန် ကြားနေနိုင်ငံတွင် တာဝန်ရှိပါသည်။

(၉) ကြားနေနိုင်ငံပိုင် သင်္ဘောပေါ်ရှိ ကုန်ပစ္စည်းများတွင် စစ်သုံးပစ္စည်းများက အရပ်သုံးပစ္စည်းထက် တန်ဖိုးအားဖြင့် သော်လည်းကောင်း၊ အလေးချိန်အားဖြင့် သော်လည်းကောင်း၊ ထုထည်အားဖြင့် သော်လည်းကောင်း ထက်ဝက်ကျော် ပိုမို များပြားနေမည် ဆိုပါက စစ်ပြိုင်နိုင်ငံ၏ စစ်သင်္ဘောများက ထို ကြားနေနိုင်ငံပိုင် သင်္ဘောနှင့် ကုန်များကို သိမ်းဆည်းရယူပိုင်ခွင့် ရှိသည်။

(၁၀) ရန်သူနိုင်ငံအတွက် စစ်ပစ္စည်းများကို သယ်ဆောင်ပေးသော ကြားနေနိုင်ငံပိုင် ကုန်သင်္ဘောများကို အခြားစစ်ပြိုင်နိုင်ငံ၏ စစ်သင်္ဘောများက သိမ်းဆည်း ရယူပိုင်ခွင့် ရှိသည်။

လန်ဒန် ကြေညာစာတမ်း၏ *Article 22* နှင့် *24* တို့တွင် ပါဝင်သော တားမြစ်ထားသည့် စစ်ဘက်ဆိုင်ရာတွင် အသုံးပြုနိုင်သော ပစ္စည်းများစာရင်းထဲတွင် စစ်ပြိုင်နိုင်ငံများက မိမိတို့၏

သဘောဆန္ဒ အလျောက် နောက်ထပ် ပစ္စည်းအမျိုးအမည်များကို ထပ်မံဖြည့်စွက်ပိုင်ခွင့် ရရှိထားကြသည်။ တားမြစ်ထားသော စစ်ဘက်သုံး ပစ္စည်းများကို သိမ်းဆည်းပိုင်ခွင့်နှင့် ပတ်သက်သော စစ်ဆေးစီရင်ဆုံးဖြတ်ပိုင်ခွင့်ကို စစ်ပြိုင်နိုင်ငံများက ထူထောင်ထားသော *Prize* တရားရုံးများအတွက် စီရင်ပိုင်ခွင့် အာဏာ *(Jurisdiction)* ကို နိုင်ငံတကာ ဥပဒေက အပ်နှင်းပေးထားသည်။

လန်ဒန် ကြေညာစာတမ်း၏ *Article 45* နှင့် *46* တို့အရ တားမြစ်ထားသော စစ်သုံးပစ္စည်းများကို သယ်ယူပို့ဆောင်ပေးနေသော ကြားနေနိုင်ငံများ၏ ကုန်သင်္ဘောများကို စစ်ပြိုင်နိုင်ငံများ၏ စစ်သင်္ဘောများက တက်ရောက် စစ်ဆေးပြီးနောက် တွေ့ရှိပါက သင်္ဘောကို သိမ်းဆည်းပိုင်ခွင့်ရှိကြောင်း ဖော်ပြထား၏။ စစ်ပြိုင်နိုင်ငံ တစ်နိုင်ငံမှ စစ်သည်များကို အထူးသီးသန့် သယ်ယူ ပို့ဆောင်ပေးနေသော ကြားနေနိုင်ငံပိုင် သင်္ဘောများကို အခြား တစ်ဖက်စစ်ပြိုင်နိုင်ငံ၏စစ်သင်္ဘောများက ရပ်တန့်ပြီး တက်ရောက်စစ်ဆေးကာ တွေ့ရှိပါက ထိုကြားနေနိုင်ငံ၏ သင်္ဘောကို သိမ်းဆည်းရယူပိုင်ခွင့် ရရှိသွားသည်။

ကြားနေနိုင်ငံ၏ သင်္ဘောတစ်စင်းစင်းသည် တစ်ဖက်ရန်သူ စစ်ပြိုင်နိုင်ငံအား စစ်ရေးကိစ္စများတွင် ပါဝင်ကူညီ တိုက်ခိုက်ပေးကြောင်း၊ အရေးကြီးသော ရန်သူ့ စစ်သတင်းများကို သယ်ယူပို့ဆောင် သတင်းပေးပို့သူများ လိုက်ပါလာကြောင်းကို စစ်ဆေးတွေ့ရှိရလျှင် တစ်ဖက် စစ်ပြိုင်နိုင်ငံ၏ စစ်သင်္ဘောများက ထိုသင်္ဘောကို သိမ်းဆည်းခွင့် ရသွားမည် ဖြစ်၏။ ထိုအခါ ကြားနေနိုင်ငံပိုင် သင်္ဘောသည် ရန်သူနိုင်ငံ၏ ကုန်သင်္ဘောနှင့် အဆင့်

အတန်းတူ၊ အခြေအနေတူ ဖြစ်သွားသောကြောင့် သိမ်းဆည်းခံရခြင်း ဖြစ်၏။ ကြားနေနိုင်ငံ သင်္ဘောက တစ်ဖက်စစ်ပြိုင်နိုင်ငံဘက်မှ ပါဝင်ကူညီ လုပ်ဆောင် တိုက်ခိုက်ပါကလည်း အခြား တစ်ဖက်စစ်ပြိုင်နိုင်ငံမှ ရေတပ်၏ သိမ်းပိုက်ခြင်းကို ခံရပါမည်။

အလားတူစွာပင် ကြားနေနိုင်ငံပိုင် ကုန်သင်္ဘောတစ်စင်းပေါ်တွင် စစ်ပြိုင်နိုင်ငံတစ်နိုင်ငံမှ ကိုယ်စားလှယ်တစ်ဦး တက်ရောက် လိုက်ပါလာခဲ့ပြီး ၎င်းကိုယ်စားလှယ်၏ ချုပ်ကိုင် လွှမ်းမိုးထိန်းချုပ်မှု၊ ကွပ်ကဲစီမံမှုအောက်တွင် သင်္ဘော ခုတ်မောင်း သွားလာနေရခြင်း ဖြစ်ကြောင်း တစ်ဖက် စစ်ပြိုင်နိုင်ငံ၏ ရေတပ်သင်္ဘောများ စစ်ဆေးတွေ့ရှိသွားခဲ့ပါက ၎င်းသင်္ဘောမှာ ဖမ်းဆီးသိမ်းပိုက်ခြင်း ခံရလိမ့်မည် ဖြစ်သည်။

အကယ်၍ ကြားနေနိုင်ငံပိုင် သင်္ဘောသည် စစ်ပြိုင်နိုင်ငံတစ်နိုင်ငံ၏ အစိုးရ လက်အောက်တွင် အမှုထမ်းနေလျှင် သို့မဟုတ် ထိုနိုင်ငံအတွက် သယ်ယူပို့ဆောင်ပေးနေလျှင် အခြားဆန့်ကျင်ဘက် စစ်ပြိုင်နိုင်ငံ၏ ရေတပ်စစ်သင်္ဘောက တားဆီးရပ်တန့်၍ ဖမ်းဆီး သိမ်းပိုက်ပိုင်ခွင့် ရှိပါသည်။

အကယ်၍ ကြားနေနိုင်ငံပိုင် ကုန်သင်္ဘော တစ်စင်းသည် စစ်ပြိုင်နိုင်ငံ တစ်နိုင်ငံ၏ စစ်တပ်ဖွဲ့များကို သယ်ယူပို့ဆောင်ပေးရေး လုပ်ငန်းများတွင် သီးသန့်အသုံးပြုနေလျှင် ဖြစ်စေ၊ တစ်ဖက်ရန်သူနိုင်ငံအတွက် စစ်ရေးဆိုင်ရာ သတင်းများကို လက်ဆင့်ကမ်းပို့ဆောင် သယ်ယူပေးနေခဲ့လျှင်ဖြစ်စေ ကျန် အခြားတစ်ဖက် စစ်ပြိုင်နိုင်ငံ၏ ရေတပ်သင်္ဘောများက ထို ကြားနေနိုင်ငံပိုင်သင်္ဘောကို ဖမ်းဆီးသိမ်းယူခွင့် ရရှိသည်။

**လေကြောင်းစစ်ပွဲများတွင် ကြားနေခြင်းကိစ္စ *(Neutrality in air war)***

ကြားနေခြင်းနှင့် ပတ်သက်သော အခြေခံ နိုင်ငံတကာ ဥပဒေ၏ ပြဋ္ဌာန်းချက်များ၊ စည်းမျဉ်းစည်းကမ်း ဥပဒေသများသည် လေကြောင်း စစ်ပွဲများ ဆင်နွှဲခြင်းကိစ္စများတွင်လည်း ယေဘုယျအားဖြင့် စပ်ဆိုင်ပတ်သက် အကျုံးဝင်လျက်ရှိပါသည်။

အဓိက အခြေခံ အကျဆုံးသော နိုင်ငံတကာ ဥပဒေ၏ ပြဋ္ဌာန်းချက်မှာ စစ်ပြိုင်နိုင်ငံများ၏ မည်သည့်စစ်လေယာဉ်များမှ ကြားနေနိုင်ငံများ၏ နယ်နိမိတ် ရေကြောင်းပိုင်နက်၊ လေကြောင်းပိုင်နက်နှင့် မြေပြင်ပိုင်နက်များပေါ်တွင် လုံးဝဖြတ်ကျော် ပျံသန်းသွားလာခွင့် မရှိသည့်အချက်ပင် ဖြစ်သည်။

ကြားနေနိုင်ငံများ၏ လေတပ်လေယာဉ်များကလည်း မိမိတို့နိုင်ငံ မြေပြင်ပိုင်နက်၊ ရေပြင်ပိုင်နက်နှင့် လေထုပိုင်နက်အတွင်းသို့ စစ်ပြိုင်နိုင်ငံများမှ လေယာဉ်များ ဖြတ်ကျော် ဝင်ရောက် ပျံသန်းခြင်းကို ဟန့်တားမောင်းနှင်ထုတ်ပိုင်ခွင့် အပြည့်အဝ ရှိကြသကဲ့သို့ ထိုသို့ မောင်းနှင်ထုတ်ရန်လည်း တာဝန်ကိုယ်စီ ရှိကြသည်။

ကြားနေနိုင်ငံများ၏ လေကြောင်းစစ်ပွဲများအတွင်း လွတ်ကင်းစွာ ကြားနေပိုင်ခွင့်များနှင့် ပတ်သက်စပ်ဆိုင်၍ ၁၉၄၉ ခုနှစ်က ချုပ်ဆိုခဲ့သော ဂျီနီဗာ နိုင်ငံတကာစာချုပ်နှင့် ၁၉၅၄ ခုနှစ်က ချုပ်ဆိုခဲ့သော *Hague* နိုင်ငံတကာစာချုပ်များတွင် တိကျစွာ ရှင်းလင်းပြဋ္ဌာန်း သတ်မှတ်ဖော်ပြထားကြ၏။

အခန်း (၁၀)

# စစ်ပွဲတွင် အတိုက်အခိုက် အပစ်အခတ်များ ရပ်စဲခြင်းကိစ္စ

စစ်ပြိုင်နိုင်ငံများစပ်ကြား ယာယီ အပစ်အခတ် ရပ်စဲခြင်းသော်လည်းကောင်း၊ အပြီးအပိုင် ရပ်စဲရပ်ဆိုင်းခြင်းသော်လည်းကောင်း ပြုလုပ်နိုင်ခွင့် ရှိကြသည်။ ယာယီအပစ်အခတ် ရပ်စဲခြင်းကိစ္စကို အချိန်အကန့်အသတ်မရှိသော်လည်းကောင်း၊ အချိန်ကာလ ကန့်သတ်၍သော်လည်းကောင်း ပြုလုပ်နိုင်ခွင့် ရှိသည်။ ဤကဲ့သို့ အပစ်အခတ် ရပ်စဲခြင်းမျိုးများသည် စစ်ပွဲကြီးကို အပြီးတိုင် တရားဝင် ရပ်စဲပြေငြိမ်းလိုက်ခြင်း လုံးဝမဟုတ်ပါ။

အပစ်အခတ် အတိုက်အခိုက် ရပ်စဲရေးကို တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း၊ အလုံးစုံ ရပ်စဲခြင်းသော်လည်းကောင်း ပြုလုပ်ပိုင်ခွင့် ရှိကြ၏။ တစ်စိတ်တစ်ပိုင်း အပစ်အခတ် ရပ်စဲရေးသည် စေ့စပ်ညှိနှိုင်း ဆွေးနွေးသူများအား စေလွှတ်ပေးနိုင်ရေး အတွက်လည်း ဖြစ်နိုင်ပါသည်။ သို့မဟုတ် သေဆုံးသွားသော စစ်သည်များ၏ အလောင်းများကို မြှုပ်နှံပေးရန်နှင့် စစ်သုံ့ပန်းချင်း လဲလှယ်ရန် ကိစ္စများအတွက်လည်း ဖြစ်နိုင်ပါသေးသည်။

စစ်မျက်နှာ အားလုံးတွင် အပစ်အခတ် ရပ်ဆိုင်းထားပါက အလုံးစုံ အပစ်အခတ် ရပ်စဲခြင်းဟု ခေါ်ကြပြီး စစ်မျက်နှာပြင် အချို့ဒေသများတွင်သာ ကွက်၍ အပစ်အခတ် ရပ်စဲထားကြမည် ဆိုပါက တစ်စိတ်တစ်ဒေသ အပစ်အခတ် ရပ်စဲခြင်းဟု ခေါ်ဆိုကြ၏။ နှစ်ဖက်စစ်ပြိုင်တပ်မှူးကြီးများစပ်ကြား သဘောတူညီချက်များ ရယူကာ နှစ်ဖက် တပ်ဖွဲ့များမှ ကျဆုံးသွားသော စစ်သည်များကို မြှုပ်နှံရေး၊ ဒဏ်ရာ ရထားသော နှစ်ဖက်စစ်သည်များကို အပြန်အလှန် ဖလှယ်ကာ နေရပ်ဒေသ နိုင်ငံရင်းဆီသို့ ပြန်လည်ပို့ဆောင်ရေး၊ စစ်သုံ့ပန်းများ အပြန်အလှန်ဖလှယ်ရေးကို တရားဝင် စာချုပ်များ မချုပ်ဆိုဘဲ ပြုလုပ်နိုင်ခွင့် ရှိထားကြ၏။

၁၉၀၇ ခုနှစ် စတုတ္ထအကြိမ်မြောက် *Hague* နိုင်ငံတကာ စာချုပ်၏ နောက်ဆက်တွဲ သဘောတူညီချက်များအရ အပစ်အခတ် ရပ်စဲမှုများကို အချိန်အတိုင်းအတာ တစ်ခုအထိ ရပ်ဆိုင်းထားပိုင်ခွင့် ရှိသည်။ အကယ်၍ အပစ်အခတ် ရပ်စဲရန် အချိန်ကာလ အတိုင်းအတာကို တိကျ သေချာစွာ ဖော်ပြပေးထားခဲ့ခြင်း မရှိခဲ့ကြပါက စစ်ပြိုင်နိုင်ငံများသည် စစ်ဆင်ရေးများကို ဆက်လက်ဆင်နွှဲ တိုက်ခိုက်ခွင့် ရှိကြ၏။ သို့သော် အပစ်အခတ် ရပ်စဲရေး သဘောတူညီထားချက်များအတိုင်း အပစ်အခတ် ပြန်လည်စတင်တော့မည် ဖြစ်ကြောင်းကို အချိန်လုံလောက်စွာ ပေးပြီး ကြိုတင်သတိပေးထားရန် တာဝန်ရှိသည်။

စစ်ပြိုင်နိုင်ငံများသည် အဘယ့်ကြောင့် အပစ်အခတ် ရပ်စဲထားရသည် ဆိုသည့် ရည်ရွယ်ချက်များကို အခြား တစ်ဖက်မှ စစ်ပြိုင်နိုင်ငံနှင့် မိမိ၏နိုင်ငံသားများကို ထုတ်ဖော်တင်ပြခွင့် ရှိ၏။

အပစ်အခတ် ရပ်စဲထားရေး သဘောတူညီချက်ကို စစ်ပြိုင်နိုင်ငံ တစ်ဖက်ဖက်မှ ချိုးဖောက်ခဲ့ပါက အခြားစစ်ပြိုင်နိုင်ငံဘက်မှ ချက်ချင်း ပြန်လည်ပစ်ခတ် တိုက်ခိုက်ပိုင်ခွင့် ရရှိလာပါသည်။

အကယ်၍ စစ်သည် တစ်ဦးတစ်ယောက်ချင်းက အပစ်အခတ် ရပ်စဲရေး သဘောတူညီချက်ကို ချိုးဖောက်ခဲ့မည် ဆိုပါက ထိုချိုးဖောက်သူအား အပြစ်ဒဏ်ခတ်ပေးရန် အခြားစစ်ပြိုင်နိုင်ငံက အရေးဆိုပိုင်ခွင့် ရှိသွားပြီး ထိုသို့ အပစ်အခတ် ရပ်စဲရေးကို ချိုးဖောက်မှုကြောင့် ဖြစ်ပေါ်လာသော ဆုံးရှုံးနစ်နာ သေကျေမှုများအတွက် နစ်နာသော နိုင်ငံက အခြားတစ်ဖက်ဖြစ်သော စစ်ပြိုင်နိုင်ငံထံမှ တရားဝင် နစ်နာကြေး တောင်းဆိုပိုင်ခွင့် ရှိလာပါသည်။

## ခြွင်းချက်မရှိ လက်နက်ချခြင်း
## *(Unconditional Surrender)*

ခြွင်းချက်မရှိ လက်နက်ချခြင်း ဆိုသည့် စကားရပ်မှာ ကျူးကျော်တိုက်ခိုက်သူများဘက်မှ တိုက်ခိုက်ဖျက်ဆီးမှုများကို ရပ်ဆိုင်းပစ်ရန်မျှသာမကဘဲ လက်နက်ချပြီးနောက် ကျူးကျော်တိုက်ခိုက်လာသည့် နိုင်ငံမှ စစ်တပ်ဖွဲ့များ အားလုံးကိုပါ ဖျက်သိမ်းပစ်လိုက်ရန် လိုအပ်သည်။ နောက်ထပ် လက်နက်ချသည့် နိုင်ငံက ကျူးကျော်စစ်ပွဲများကို ထပ်မံ၍ မဆင်နွှဲနိုင်တော့စေရန်ပင် ဖြစ်၏။ ငြိမ်းချမ်းရေး စာချုပ်တစ်ရပ် ချုပ်ဆို ဖြစ်ပေါ်လာနိုင်စေရေးအတွက် ကျူးကျော် တိုက်ခိုက်လာသည့် နိုင်ငံဘက်မှ ခြွင်းချက်မရှိ လက်နက်ချရန် လိုသည်။

## စစ်ဖြစ်ပွားနေသော အခြေအနေအား ရပ်ဆိုင်းပစ်လိုက်ခြင်း *(Termination of State of War)*

အချိန် အကန့်အသတ် မရှိ အပစ်အခတ် ရပ်စဲထားလိုက်သည့် လုပ်ရပ်အား စစ်ဖြစ်ပွားနေသော အခြေအနေကို ရပ်ဆိုင်းထားလိုက်ခြင်းဟု ယူဆ၍ ရနိုင်ပါသည်။ ဤအချက်ကို ကိုရီးယားစစ်ပွဲ အပစ်အခတ် ရပ်စဲရေးစာချုပ်နှင့် ၁၉၅၄ ခုနှစ်က ချုပ်ဆိုခဲ့ကြသော အင်ဒိုချိုင်းနားစစ်ပွဲများဆိုင်ရာ ဂျီနီဗာ သဘောတူညီချက်များထဲတွင် ဖော်ပြပါရှိပြီး ဖြစ်ခဲ့ပါသည်။

နိုင်ငံအများအပြားက စစ်ပွဲတွင် ပါဝင် တိုက်ခိုက်ခဲ့ကြမည်ဆိုပါက စစ်ရပ်စဲရေးစာချုပ် သို့မဟုတ် ငြိမ်းချမ်းရေးစာချုပ်တွင် ထိုစစ်ပြိုင်ခဲ့ကြသော နိုင်ငံများအားလုံးက ပါဝင် လက်မှတ်ရေးထိုးကာ အတည်ပြုပေးကြရမည် ဖြစ်သည်။ မဟာမိတ် ဖွဲ့စည်း၍ တိုက်ခိုက်ခြင်း ဖြစ်ပါက ထိုမဟာမိတ်နိုင်ငံများ အားလုံးတို့က စစ်ပြိုင်နိုင်ငံ သို့မဟုတ် စစ်ပြိုင်နိုင်ငံများနှင့် ပူးတွဲ၍ ငြိမ်းချမ်းရေးစာချုပ်တွင် လက်မှတ်ရေးထိုးကာ အတည်ပြုပေးကြရမည် ဖြစ်၏။ နိုင်ငံတကာ ဓလေ့ထုံးတမ်း ဥပဒေအရ တသီးတခြားစီ ချုပ်ဆို လက်မှတ်ရေးထိုးကြလေ့ မရှိခဲ့ကြပါ။

## ငြိမ်းချမ်းရေးစာချုပ်တစ်ရပ်တွင် ထည့်သွင်း ပါဝင် ရေးဆွဲရန် လိုအပ်သည့် အဓိက အကြောင်းအရာများ

(၁) စစ်တိုက်ခိုက်မှုများ ဆုံးခန်းတိုင်သို့ ရောက်ရှိသွားပြီဆိုသော အချက်နှင့် စစ်ရပ်စဲသည့် အချိန် နာရီနှင့် ရက်စွဲ၊

(၂) စစ်သုံ့ပန်းများအား စစ်ပြိုင်နိုင်ငံများ စပ်ကြားတွင် အပြန်အလှန် လဲလှယ်ရေး၊

(၃) စစ်ပြိုင်နိုင်ငံများ ယခင် ငြိမ်းချမ်းစဉ် ကာလများက ချုပ်ဆိုခဲ့ကြသော စာချုပ်များကို ပြန်လည် အတည်ပြု အသက်သွင်းပေးရေး၊

(၄) စစ်လျော်ကြေးများ ပေးဆပ်ရန်အတွက် သတ်မှတ်ပေးထားသော စည်းကမ်းချက်များ၊

(၅) စစ်ပွဲအတွက် ကုန်ကျစရိတ်များ ပေးလျော်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ၊

(၆) စစ်ရှုံးနိုင်ငံက စစ်နိုင်သော နိုင်ငံသို့ နယ်မြေအချို့၏ ပိုင်ဆိုင်ခွင့်ကို လွှဲပြောင်းပေးအပ်ခြင်းနှင့် ပတ်သက်သော စည်းကမ်းများနှင့် သတ်မှတ်ချက်များ၊

(၇) ငြိမ်းချမ်းရေးစာချုပ်ပါ စည်းကမ်းသတ်မှတ်ချက်များကို တိကျစွာ လိုက်နာကျင့်သုံး ဆောင်ရွက်ပါမည် ဟူသော အာမခံချက် စာတမ်းများနှင့် ကတိပြု ခံဝန်ချက် စာပိုဒ်များ၊

(၈) စစ်ပွဲကို စတင်ဖန်တီးခဲ့သူများ၊ စစ်ပွဲဖြစ်ပွားရန် တာဝန်ရှိခဲ့သူများနှင့် စစ်ပွဲကာလများအတွင်း နိုင်ငံတကာ စစ်ဥပဒေကို ချိုးဖောက်၍ ရက်စက်ကြမ်းကြုတ် သတ်ဖြတ်ညှဉ်းပန်းကာ အဓမ္မ ပြုကျင့်ခဲ့ကြသော စစ်ရာဇဝတ်ကောင်များအား စစ်တရားရုံး (ခုံရုံး) များတွင် အမှုဖွင့် စစ်ဆေး၍ ပြစ်မှုထင်ရှားပါက အပြစ်ဒဏ် ချမှတ် အရေးယူပေးရေးကိစ္စ။

**စစ်ပွဲရပ်စဲကြောင်း ပြဋ္ဌာန်းပေးသည့် အထူးအက်ဥပဒေ သို့တည်းမဟုတ် စစ်ပွဲတွင် ပါဝင်ခဲ့ကြသောနိုင်ငံများက စစ်ပြီးဆုံးကြောင်း အများသိရှိအောင် ပူးတွဲပြုလုပ်သော ကြေညာချက် *(A State of War terminated by publication of a Special Act or Joint Declaration by Waring Parties)***

စစ်ပွဲ ရပ်စဲသွားပြီ ဖြစ်ကြောင်းကို စစ်ပွဲတွင် ပါဝင်ဆင်နွှဲ တိုက်ခိုက်ခဲ့ကြသော နိုင်ငံများက ကမ္ဘာသိအောင် ပူးတွဲ ကြေညာစာတမ်း တစ်စောင် ထုတ်ပြန် ကြေညာ၍ဖြစ်စေ၊ စစ်ပြီးဆုံးကြောင်း အထူးအက်ဥပဒေ ပြဋ္ဌာန်း၍ဖြစ်စေ လူတကာ သိရှိသွားအောင် ထုတ်ပြန်ကြေညာပေးရန် တာဝန်အသီးသီး ရှိကြသည်။

ထို့အပြင် စစ်ပြိုင်ခဲ့ကြသောနိုင်ငံများစပ်ကြားတွင် ယခုအခါ ငြိမ်းချမ်းသော ဆက်ဆံရေးများ ပြန်လည် တည်ဆောက်လိုက်ကြပြီ ဖြစ်ကြောင်းနှင့် ထိုနိုင်ငံသားများစပ်ကြား ရန်သူအဖြစ် သတ်မှတ်ထားခဲ့ကြခြင်းကို ဖျက်သိမ်းရပ်စဲလိုက်ပြီ ဖြစ်ကြောင်းကိုပါ ကြေညာပေးကြရန် တာဝန်ရှိပါသည်။

အခန်း (၁၁)

## စစ်ရာဇဝတ်ကောင်များနှင့် စစ်တရားခံများအား ဥပဒေကြောင်းအရ အရေးယူ ဆောင်ရွက်ခြင်းကိစ္စ

မျက်မှောက်ခေတ်တွင် လက်တွေ့လိုက်နာကျင့်သုံးလျက်ရှိကြသော နိုင်ငံတကာ ဥပဒေများအရ ငြိမ်းချမ်းရေးကို ဖျက်ဆီးနှောင့်ယှက်ခဲ့ကြသောသူများနှင့် နိုင်ငံတကာ စစ်ဥပဒေများကို ဖောက်ဖျက်ကျူးလွန်ခဲ့ကြသော စစ်တရားခံများမှာ တစ်ဦးချင်းစီအလိုက် မိမိတို့ကျူးလွန်ခဲ့ကြသော ပြစ်မှုများအတွက် သီးခြားစီ တာဝန်ရှိကြောင်း ပြဋ္ဌာန်း သတ်မှတ်ထားကြပါသည်။

ထိုစစ်ဥပဒေ ချိုးဖောက်သူများနှင့် ငြိမ်းချမ်းတည်ငြိမ်ရေးကို ချိုးဖောက်ဖျက်ဆီးခဲ့ကြသူများကို တစ်ဦးချင်းစီအလိုက် ပြစ်မှုကြောင်းအရ အရေးယူဆောင်ရွက် စစ်ဆေး၍ ပြစ်မှုထင်ရှားပါက အပြစ်ပေး အရေးယူကြရမည် ဆိုသည့် ပြဋ္ဌာန်းချက်များကို နိုင်ငံတကာ ဥပဒေ၏ အထွေထွေ ပြဋ္ဌာန်းချက် စည်းမျဉ်းများအဖြစ် ကမ္ဘာက အသိအမှတ်ပြုထားပေးပြီး ဖြစ်ကြောင်းကို နိုင်ငံတကာ

စာချုပ်အသီးသီးတွင် ရှာဖွေလေ့လာ တွေ့ရှိနိုင်သည်။ ထိုစည်းမျဉ်း အခြေခံများကို *Nuremberg* နှင့် *Tokyo* နိုင်ငံတကာ စစ်ခုံရုံးများ *(International Military Tribunals)* ၏ တည်ထောင်ဖွဲ့စည်း ပုံစာချုပ်များ *(Charters)* တွင်လည်း အတိအလင်း ဖော်ပြထားခဲ့ ကြသည်။ သို့ဖြစ်ရာ ဒုတိယကမ္ဘာစစ်ကြီးအတွင်း ပါဝင်တိုက်ခိုက် ခဲ့ကြသော နာဇီနှင့် ဖက်ဆစ် စစ်ရာဇဝတ်ကောင်များကို တည်ဆဲ တရားဥပဒေများနှင့်အညီ ထိုက်သင့်သောပြစ်ဒဏ် အသီးသီး ချ မှတ်ပေးခဲ့ကြပြီး ဖြစ်၏။ စစ်တရားခံ အတော်များများသည် နိုင်ငံ တကာစစ်ဥပဒေများကို ရက်စက်ကြမ်းကြုတ်စွာ ချိုးဖောက် ကျူး လွန်ခဲ့ကြသောကြောင့် သေဒဏ် သို့မဟုတ် တစ်သက်တစ်ကျွန်း ဒဏ် ကျခံခဲ့ကြရပြီး ဖြစ်သည်။

ဤ နိုင်ငံတကာ စစ်ခုံရုံးများ၏ ဖွဲ့စည်း တည်ဆောက်ပုံစာ ချုပ်များ *(Charters)* ထဲ၌ ငြိမ်းချမ်းရေးကို ဖျက်ဆီးနှောင့်ယှက် ခြင်း၊ စစ်ရာဇဝတ်မှုနှင့် လူသားများအပေါ် ရက်စက်ကြမ်းကြုတ်စွာ သတ်ဖြတ် တိုက်ခိုက်မှုများနှင့် ပတ်သက်သော အဓိပ္ပာယ် ဖွင့်ဆို ချက်များကို တိကျပြတ်သားစွာ ရေးသားဖော်ပြထားခဲ့ကြပေသည်။

### ငြိမ်းချမ်းရေး ပျက်ပြားအောင် ဖျက်ဆီးသော ပြစ်မှုမြောက်သည့် အင်္ဂါရပ်များ *(Elements of Crime against Peace)*

(၁) ကျူးကျော်ရေး စစ်ပွဲတစ်ရပ် ဆင်နွှဲရန် စတင် ပြင် ဆင်ခြင်း၊

(၂) ကျူးကျော်ရေးစစ်ပွဲတစ်ရပ် ဆင်နွှဲရန် စီမံကိန်းများ ရေးဆွဲခြင်း၊

(၃) ကျူးကျော်ရေးစစ်ပွဲတစ်ရပ်ကို အမှန်တကယ် စတင် တိုက်ခိုက် ဆင်နွှဲလာခဲ့ခြင်း၊
(၄) နိုင်ငံတကာ ငြိမ်းချမ်းရေးစာချုပ်များကို ချိုးဖောက်ကာ ကျူးကျော်ရေး စစ်ပွဲတစ်ရပ်ကို စတင် ဆင်နွှဲ တိုက်ခိုက် လာခြင်း၊
(၅) စစ်မတိုက်ပါဟု ချုပ်ဆိုထားသော နှစ်နိုင်ငံစပ်ကြား ပြုလုပ်ထားသည့် စာချုပ်ကို ချိုးဖောက်ကာ မိမိက စတင် ကျူးကျော်၍ စစ်ဆင်တိုက်ခိုက်ခဲ့ခြင်း၊
(၆) အထက်ပါ ကျူးလွန်မှုများတွင် တူညီသော အကြံအစည် ဖြင့် အခြားနိုင်ငံများနှင့် ပူးပေါင်းကြံစည် တိုက်ခိုက် ခဲ့ခြင်း၊ ပူးပေါင်းလှုပ်ရှား ကြံစည်ဆောင်ရွက်ခဲ့ကြခြင်း တို့မှာ ငြိမ်းချမ်းရေး ပျက်ပြားအောင် ဖျက်ဆီးသော ပြစ်မှုမြောက်သည့် အင်္ဂါရပ်များ ဖြစ်ပေသည်။

## စစ်ဘက်ဆိုင်ရာ ရာဇဝတ်ပြစ်မှုမြောက်သော အင်္ဂါရပ်များ

စစ်ပွဲများတွင် တိကျစွာလိုက်နာရမည့် စည်းမျဉ်းစည်းကမ်းဥပဒေသ များကို အတိအလင်းချိုးဖောက်သောသူသည် စစ်ရာဇဝတ်မှုများကို ကျူးလွန်ခဲ့သည်မည်၏။ ထို့ပြင် အောက်ပါလုပ်ရပ်များဖြစ်သည့်-

(၁) တစ်ဖက် စစ်ပြိုင်နိုင်ငံသား အရပ်သူ အရပ်သားများ အပေါ် လူမဆန်စွာ ပြုမူကျင့်ကြံ လုပ်ဆောင် အနိုင် ကျင့်ခဲ့ကြခြင်းများ၊
(၂) တစ်ဖက် စစ်ပြိုင်နိုင်ငံသား အရပ်သူအရပ်သားများ အား နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေး ကွဲပြားမှုများ

အပေါ် အခြေခံ၍ ဖိနှိပ်၊ ချုပ်ချယ်၊ ညှဉ်းပန်းခြင်း၊ သတ်ဖြတ်ခြင်း လုပ်ရပ်များ၊

(၃) နိုင်ငံတကာ စစ်ရာဇဝတ်ခုံရုံး၏ တရားစီရင်ပိုင်ခွင့် အာဏာများ အရ စစ်ရာဇဝတ်မှု မြောက်သည်ဟု ပြဋ္ဌာန်းပေးထားပြီးဖြစ်သော လုပ်ရပ်များ၊ ပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ခြင်းများလည်း ပါဝင်သည်။

**မှတ်ချက်။** ပြစ်မှုကျူးလွန်ရာ အရပ်ဒေသရှိ နိုင်ငံများ၏ ပြဋ္ဌာန်းဥပဒေများကို ချိုးဖောက်သည်ဖြစ်စေ၊ မချိုးဖောက်သည် ဖြစ်စေ နိုင်ငံတကာ စစ်ခုံရုံး၏ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ကျူးလွန် ဖောက်ဖျက်ခဲ့ပါက စစ်ရာဇဝတ်မှု ကျူးလွန်သည်ဟု သတ်မှတ်ထားပါသည်။

တိုကျိုနှင့် နျူရင်ဘတ် နိုင်ငံတကာ စစ်ခုံရုံးများက နိုင်ငံတကာတွင် ကျူးလွန်ခဲ့ကြသော စစ်ရာဇဝတ်မှုများကို စစ်ဆေးကြားနာခဲ့ကြရာတွင် ကျူးလွန်ခဲ့သည့် နေရာနှင့် ပထဝီ အပိုင်းအခြားများကို လုံးဝထည့်သွင်း စဉ်းစားခြင်း မပြုခဲ့ကြပါ။

အခြားသော စစ်ရာဇဝတ်မှုများအား ကြားနာ စစ်ဆေးခဲ့ကြရာတွင် စွပ်စွဲခံရသော စစ်ရာဇဝတ်ကောင်များကို ပြစ်မှုကျူးလွန်ခဲ့ကြသော နိုင်ငံများ၏ တည်ဆဲဥပဒေများနှင့် အညီသာ ကြားနာစစ်ဆေး အပြစ်ပေးခဲ့ကြခြင်း ဖြစ်သည်။

*Nuremberg* နှင့် *Tokyo* နိုင်ငံတကာ စစ်ခုံရုံးများ၏ ဖွဲ့စည်းတည်ဆောက်ပုံ စာချုပ်များ *(Charters)* တွင် ဖော်ပြ ပါရှိသော

## စစ်ရေးဆိုင်ရာ နိုင်ငံတကာဥပဒေများ

နိုင်ငံတကာ ဥပဒေ အခြေခံစည်းမျဉ်းများ အားလုံးကို ၁၉၄၆ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့က ကျင်းပပြုလုပ်ခဲ့ကြသော ကမ္ဘာ့ ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက တညီတညွတ်တည်း ထပ်မံ အတည်ပြု လက်ခံ သဘောတူကာ အသိအမှတ်ပြုပေးခဲ့ကြ ပြန်သည်။

အခန်း (၁၂)

# အဖျက်စွမ်းအား ကြီးမားသော လက်နက်များနှင့် လူသားမဆန်သည့် ရက်စက်လွန်းရာကျသော လက်နက်ဆန်းများကို မသုံးစွဲရန် တားမြစ်ပိတ်ပင်ထားခဲ့ခြင်းကိစ္စ

## ပင်လယ်အောက်နှင့် အာကာသတွင် လက်နက်မတပ်ဆင်ရေးကိစ္စ

နိုင်ငံတကာ စာချုပ် အများအပြားတွင် နျူကလီးယားလက်နက်များကို ဖျက်သိမ်းလျှော့ချရန် ဖော်ပြရေးသား ချုပ်ဆိုခဲ့ကြသည်။ အာကာသ ဟင်းလင်းပြင်နှင့် ပင်လယ်ရေအောက်ကြမ်းပြင်များတွင် နျူကလီးယား လက်နက်များ ထားရှိသိုလှောင်ခြင်း၊ စမ်းသပ်ဖောက်ခွဲခြင်းများ မပြုလုပ်ကြရန် နျူကလီးယားလက်နက်နိုင်ငံကြီးများအား တောင်းဆို ပိတ်ပင်ထားခဲ့ကြသည်။ နျူကလီးယားလက်နက်များအား အခြားနိုင်ငံများသို့ ဆက်လက်ဖြန့်ဖြူး လက်ဆင့်ကမ်းခြင်း မပြုကြရန်လည်း တောင်းဆိုဟန့်တားခဲ့ကြသေး၏။

နျူကလီးယားလက်နက်များကို သယ်ဆောင် ပစ်ခတ်နိုင်သည့် ဒုံးပျံများ ထုတ်လုပ်ခြင်းနှင့် ဒုံးခွင်းဒုံးစနစ်များ တိုးချဲ့ ထုတ်

လုပ်နေကြခြင်းကိုလည်း ဟန့်တားခဲ့ကြသည်။ အောက်ဖော်ပြပါ နိုင်ငံတကာ စာချုပ်များဖြင့် ချုပ်ဆိုဟန့်တားခဲ့ကြခြင်း ဖြစ်သည်-

(၁) တောင်ဝင်ရိုးစွန်း ဒေသအား စစ်မဲ့ဇုန်အဖြစ် သတ်မှတ်ကြေညာပေးသော ၁၉၅၉ ခုနှစ်က ချုပ်ဆိုသည့် တောင်ဝင်ရိုးစွန်းဆိုင်ရာ စာချုပ် *(1959 - Antarctic Treaty)* သည် ထိုဒေသ၌ မည်သည့် လက်နက် အမျိုးအစားကိုမျှ စမ်းသပ်ခွင့် လုံးဝ မရှိကြောင်း ပိတ်ပင် တားဆီးခဲ့သည်၊

(၂) ၁၉၆၃ ခုနှစ် လေထုအတွင်း၊ အာကာသ ဟင်းလင်းပြင်နှင့် ပင်လယ် ရေအောက်များတွင် နျူကလီးယား လက်နက်များ ဖောက်ခွဲ စမ်းသပ်ခြင်းကို ပိတ်ပင်တားဆီးသည့် နိုင်ငံတကာစာချုပ် (*1963 Treaty Banning Nuclear Weapon Tests in the Atmosphere, in outer space and under water-Partial Test ban Treaty* မှာ တစ်စိတ်တစ်ပိုင်း တားဆီးပိတ်ပင်ရေး စာချုပ် ဖြစ်ပြီး ထိုစာချုပ်အရ နျူကလီးယား လက်နက်များကို မြေအောက်၌သာ စမ်းသပ်ဖောက်ခွဲခွင့် ပြုခဲ့သည်)

(၃) တောင်အမေရိကတိုက်နှင့် ကာရစ်ဘီယံဒေသများတွင် နျူကလီးယား လက်နက်များ သိုလှောင်ထားရှိခြင်း၊ ဖောက်ခွဲ စမ်းသပ်ခြင်း၊ ထုတ်လုပ်ခြင်း၊ အသုံးပြုခြင်း၊ ရယူခြင်းများကို တားဆီး ပိတ်ပင်လိုက်သည့် ၁၉၆၇

ခုနှစ် နိုင်ငံတကာ သဘောတူစာချုပ်*(1967 Treaty for the Prohibition of Nuclear Weapons in Latin America and the Caribbean)*၊

(၄) ကမ္ဘာ့နိုင်ငံများက အာကာသ ဟင်းလင်းပြင်၊ လနှင့် အခြားသော ဂြိုဟ်နက္ခတ်များတွင် လှုပ်ရှားဆောင်ရွက်မှုနှင့် စူးစမ်းလေ့လာမှုများဆိုင်ရာ လုပ်ရပ်များအပေါ် ထိန်းချုပ်သည့် ၁၉၆၇ ခုနှစ် နိုင်ငံတကာ သဘောတူစာချုပ် (*1967 Treaty on Principles Governing the Activites of States in the Exploration and Use of Outer Space, including Moon and other Celestial Bodies (outer space Treaty)* စာချုပ်သည် အာကာသကို ငြိမ်းချမ်းရေး ကိစ္စရပ်များအတွက်သာ အသုံးပြုခွင့်ပေးပြီး အာကာသနှင့် ကမ္ဘာပတ်လမ်းကြောင်းများအတွင်း နျူကလီးယားလက်နက်များ သိုလှောင် ထားရှိ စမ်းသပ် ဖောက်ခွဲခြင်းများကို လုံးဝပိတ်ပင် ဟန့်တားထားခဲ့ပါသည်)၊

(၅) ၁၉၆၈ ခုနှစ် နျူကလီးယားလက်နက်များ မပြန့်ပွားစေရေး နိုင်ငံတကာစာချုပ် (*1968 Treaty on the Non-Proleferation of Nuclear Weapons - NPT* က နျူကလီးယားလက်နက် မပိုင်ဆိုင်သေးသော နိုင်ငံများက နျူကလီးယားလက်နက် ရယူပိုင်ဆိုင်ရေး အတွက် ကြိုးပမ်း လုပ်ဆောင်ခြင်း မပြုလုပ်ကြစေရေး၊

နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းသော ကိစ္စရပ်များ အတွက်သာ အသုံးပြုကြရေး၊ နျူကလီးယား လက်နက် နိုင်ငံများက နျူကလီးယားလက်နက်များကို ဆက်လက် ပြိုင်ဆိုင် ထုတ်လုပ်ခြင်းမပြုရေး၊ နျူကလီးယားလက် နက်များကို လျှော့ချဖျက်သိမ်းရေး၊ အခြားနိုင်ငံများသို့ နျူကလီးယား လက်နက်များကို လွှဲပြောင်းမပေးရေး ကိစ္စရပ်များကို ဖော်ပြ ချုပ်ဆိုထားကြသည်)၊

(၆) ၁၉၇၁ ခုနှစ် ပင်လယ်အောက်ကြမ်းပြင်၊ သမုဒ္ဒရာ ကြမ်းပြင်များနှင့် ရေပြင်အောက်၊ မြေလွှာအောက်များ တွင် နျူကလီးယား လက်နက်များ သိုလှောင်သိမ်းဆည်း ထားရှိ သိုဝှက်ထားခြင်းကို တားမြစ်ပိတ်ပင်ထားသည့် နိုင်ငံတကာစာချုပ် (*1971 Treaty on the Prohibition of the Emplacement of Nuclear Weapons on the Sea-bed and Ocean Floor and in the Sub-soil thereof (Sea-bed Treaty)* စာချုပ် သည် မည်သည့် အဖျက်စွမ်းအားကြီး လက်နက်များ ကိုမျှ ပင်လယ် သမုဒ္ဒရာကြမ်းပြင်အောက်တွင် သိုဝှက် ထားရှိခြင်း မပြုရဟု ပိတ်ပင် တားဆီးထားခဲ့သည်)၊

(၇) ၁၉၇၂ ခုနှစ် ဇီဝပိုးမွှား လက်နက်များ ပိတ်ပင်ရေး ဆိုင်ရာ နိုင်ငံတကာစာချုပ် (*1972 Convention on Bacteriological (Biological) Weapons (BWC)* က ဇီဝပိုးမွှားလက်နက်ဆန်းများကို စမ်းသပ် သုတေ သန ပြုလုပ်ခြင်း၊ ထုတ်လုပ်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊

စုဆောင်း သိုလှောင်ခြင်းများအား တားမြစ် ပိတ်ပင်လိုက်ပြီး ထိုဇီဝပိုးမွှားလက်နက်များနှင့် တကွ ထိုလက်နက်ထိပ်ဖူးများကို သယ်ယူပို့ဆောင်ပေးမည့်ယာဉ်များ (ဒုံးပျံများ) ကိုပါ ဖျက်သိမ်းပစ်လိုက်ရန် ပိတ်ပင်တားမြစ်ခဲ့ကြသည်)၊

(၈) ၁၉၈၅ ခုနှစ် တောင်ပိုင်းပစိဖိတ်ဒေသတစ်လွှား နျူကလီးယားလက်နက် ကင်းမဲ့ရေးဇုန် တည်ထောင်သည့် နိုင်ငံတကာသဘောတူစာချုပ်(*1985-South Pacific Nuclear Free Zone Treaty (Treaty of Rorato-nga)* က ဤဒေသအတွင်း နျူကလီးယားစွန့်ပစ်ပစ္စည်းများ စွန့်ပစ်ချထားခြင်း၊ နျူကလီးယား လက်နက်ဆန်းများ ဖောက်ခွဲစမ်းသပ်ခြင်း၊ ရယူ သိုလှောင်ထိန်းသိမ်းထားခြင်းများ လုံးဝမပြုကြရန် ပိတ်ပင်တားဆီးခဲ့သည်)၊

(၉) ၁၉၉၃ ခုနှစ် ဓာတုလက်နက်များ ပိတ်ပင်ရေးဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် (*1990 Chemical Weapons Convention - CWC* က ဓာတုလက်နက်များကို သုတေသန ပြုလုပ်ခြင်း၊ ထုတ်လုပ်သိုလှောင်ခြင်း၊ ဖွံ့ဖြိုးတိုးတက်လာအောင် ပြုလုပ်ခြင်း၊ အသုံးပြုခြင်းများအား လုံးဝ ဟန့်တား ပိတ်ပင်လိုက်သည့်အပြင် ဓာတု လက်နက်များကို လုံးဝ ဖျက်သိမ်းပစ်ရေးကိုပါ ပြဋ္ဌာန်း သတ်မှတ်ခဲ့ကြ၏)၊

(၁၀) ၁၉၉၅ ခုနှစ် အရှေ့တောင်အာရှဒေသအား နျူကလီးယား လက်နက် ကင်းမဲ့ရေးဇုန်အဖြစ် သတ်မှတ်ထားရှိရေး နိုင်ငံတကာ သဘောတူစာချုပ် (*1995- South-east Asia Nuclear Free Zone Treaty (Treaty of Bangkok)* က ထိုဒေသအတွင်း နျူကလီးယား လက်နက်များ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် စမ်းသပ်ထုတ်လုပ်ခြင်း၊ သိုလှောင်ထိန်းသိမ်း ထားရှိခြင်းများအား စာချုပ်ဝင်နိုင်ငံများက လုံးဝ မပြုလုပ်ရန် ပိတ်ပင်တားဆီးခဲ့သည်)၊

(၁၁) ၁၉၉၆ ခုနှစ် အာဖရိကတိုက်အား နျူကလီးယား လက်နက် ကင်းမဲ့ရေးဇုန် သတ်မှတ်ရေး နိုင်ငံတကာ သဘောတူစာချုပ် (*1996 Aferican Nuclear Free Zone Treaty (Treaty of Pelidaba)* က အာဖရိကတိုက်တွင် နျူကလီးယားလက်နက်များ စမ်းသပ်ထုတ်လုပ် ဖောက်ခွဲခြင်းနှင့် သိုလှောင်ထားရှိခြင်းများအား လုံးဝ တားဆီး ပိတ်ပင်ခဲ့သည်)၊

(၁၂) ၁၉၉၆ ခုနှစ် နျူကလီးယား လက်နက်များ စမ်းသပ်မှု လုံးဝ ပိတ်ပင် တားဆီးရေး စာချုပ် (*1996 Comprehensive Nuclear Test Ban Treaty — CTBT* က ကမ္ဘာ့ သဘာဝပတ်ဝန်းကျင် အစိတ်အပိုင်းများအတွင်း၌ မည်သည့် နျူကလီးယား လက်နက်အမျိုးအစားကိုမျှ ဖောက်ခွဲစမ်းသပ်မှုများကို လုံးဝ မပြုလုပ်ရဟု အတိအလင်း တားမြစ်ပိတ်ပင်ခဲ့သည်)၊

(၁၃) ၁၉၉၇ ခုနှစ် လူသတ်မိုင်းများ အသုံးပြုခြင်း၊ သိုလှောင်ထားရှိခြင်း၊ ထုတ်လုပ်ခြင်းနှင့် လွှဲပြောင်းရောင်းချခြင်း ကိစ္စရပ်များ အားလုံးအား လုံး၀ တားမြစ်ပိတ်ပင်ခဲ့သည့် *1997 Mine Ban Convention* စာချုပ်။

*IAEA* ခေါ် နိုင်ငံတကာ အနုမြူစွမ်းအင် အေဂျင်စီက ကမ္ဘာတစ်လွှားရှိ နျူကလီးယား ဓာတ်ပေါင်းဖိုများတွင် နျူကလီးယားလက်နက်များ ထုတ်လုပ်ရန် ပလူတိုနီယံဒြပ်စင်များ ထုတ်လုပ်နေခြင်း ရှိမရှိ ကျွမ်းကျင်သူများကိုယ်တိုင် နေ့စဉ်နှင့်အမျှ လိုက်လံစစ်ဆေး ကြည့်ရှုကာ သန့်စင်ပြီးသော နျူကလီးယား လောင်စာများ၏ ပမာဏကို တစိုက်မတ်မတ် ပုံမှန်စာရင်းကောက်ယူ စောင့်ကြပ် စစ်ဆေးပေးလျက် ရှိနေကြဆဲ ဖြစ်သည်။

နျူကလီးယား လောင်စာ ပျောက်ဆုံးမှု ကာကွယ်ရေးနှင့် နျူကလီးယားလက်နက် ထုတ်လုပ်ခြင်းများမှ ကာကွယ်စောင့်ရှောက်ပေးရေးအတွက် နျူကလီးယား ဓာတ်ပေါင်းဖိုများအား ပုံမှန်စစ်ဆေးခွင့် ရရှိစေရန် *IAEA* က နိုင်ငံပေါင်း ၁၄၅ နိုင်ငံနှင့် စာချုပ်ပေါင်း ၂၂၉ ခု ချုပ်ဆိုကာ ကမ္ဘာတစ်လွှားရှိ နျူကလီးယား ဓာတ်ပေါင်းဖိုများကို ပုံမှန် စစ်ဆေးကြီးကြပ် ဆောင်ရွက်ပေးလျက် ရှိနေပြီ ဖြစ်၏။

အခန်း (၁၃)

# ပင်လယ်ဓားပြ၊ လေယာဉ်အပိုင်စီးမှုနှင့် အကြမ်းဖက်မှုပုံစံအားလုံးအား ဆန့်ကျင်တိုက်ဖျက်ခြင်း လုပ်ဆောင်ချက်များ

၁၉၈၉ ခုနှစ်တွင် ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက ကမ္ဘာပေါ်ရှိ နိုင်ငံများတွင် 'ကြေးစားစစ်သားများအား ရှာဖွေစုဆောင်းကာ တပ်ဖွဲ့များ ဖွဲ့စည်းခြင်း၊ ကြေးစားစစ်သားများကို အသုံးပြုခြင်း၊ ကြေးစားစစ်သားများအား ငွေကြေးလက်နက်များ ထောက်ပံ့ပေးထားခြင်း၊ ကြေးစားစစ်သားများအား စစ်ရေးနှင့် တိုက်ခိုက်ရေး သင်တန်းများပေးခြင်း၊ လေ့ကျင့်သင်ကြားပေးခြင်းများမှ တားမြစ်ပိတ်ပင်သော နိုင်ငံတကာစာချုပ်' *(International Convention against the Recruitment, Use, Financing and Training of Mercenaries - 1989)* နှင့် 'နိုင်ငံတကာဆက်ဆံရေးကိစ္စရပ်များတွင် အင်အားသုံးမည်ဟု ခြိမ်းခြောက်အကျပ်ကိုင်ခြင်းနှင့်

အင်အား သုံးစွဲ အနိုင်ကျင့်ခြင်း စသည့် လုပ်ရပ်များမှ ရှောင်ကြဉ်ကြရန် ထိရောက်စွာ ဆောင်ရွက်ပေးရေး မြှင့်တင် လုပ်ဆောင်ပေးခြင်းနှင့် ပတ်သက်သော မူဝါဒ စည်းမျဉ်းများ ကြေညာစာတမ်း *(Declaration on the Enhancement of the Effectiveness of the Principle of Refraining from the Threator Use of Force in International Relations - 1987)* ကိုပါ ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက ပြဋ္ဌာန်း ကြေညာပေးခဲ့သည်ကို လေ့လာတွေ့ရှိရပြန်ပါသည်။

## နိုင်ငံတကာတွင် အကြမ်းဖက်ဝါဒ တိုက်ဖျက်ဟန့်တားရေးကိစ္စ

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးသည် နိုင်ငံတကာ အကြမ်းဖက်တိုက်ခိုက်မှုဆိုင်ရာ ပြဿနာရပ်များနှင့် စပ်လျဉ်း၍ ဥပဒေကြောင်း အရရော နိုင်ငံရေးအရပါ ဆွေးနွေးတိုင်ပင်ညှိနှိုင်းကာ လိုအပ်သော ကာကွယ်ဟန့်တားမှုများကို နည်းလမ်းပေါင်းစုံ သုံးစွဲ၍ ဘက်စုံ ထောင့်စုံမှ ကြိုးပမ်း ဆောင်ရွက်ခဲ့ကြပြီး ယခုတိုင်လည်း ကြိုးပမ်း ဆောင်ရွက်နေကြဆဲပင် ဖြစ်သည်။

## ကုလသမဂ္ဂအဖွဲ့ကြီးနှင့် လက်အောက်ခံအဖွဲ့အစည်း၊ အထူးအေဂျင်စီများက အကြမ်းဖက်လုပ်ရပ်များအားဥပဒေကြောင်းအရ ကာကွယ်တိုက်ဖျက်စောင့်ရှောက်ပေးခြင်းဆိုင်ရာလုပ်ရပ်များ

ကုလသမဂ္ဂ အဖွဲ့ချုပ်ကြီးနှင့်တကွ ထိုအဖွဲ့ကြီး၏ လက်အောက်ခံ အထူး အဖွဲ့အစည်း အေဂျင်စီများ ဖြစ်ကြသော ဥပမာ - နိုင်ငံ

တကာ လေကြောင်းသွားလာရေး အဖွဲ့ချုပ် *(International Civil Aviation Organization - ICAO)*၊ နိုင်ငံတကာရေကြောင်း သွားလာရေး အဖွဲ့ချုပ် *(International Maritime Organization-IMO)*၊ နိုင်ငံတကာ အနုမြူစွမ်းအင် အေဂျင်စီ *(International Atomic Energy Agency- IAEA)* တို့က နိုင်ငံတကာ သဘောတူစာချုပ် ကွန်ရက်များ ရေးဆွဲ ထူထောင်ထားရှိကာ စာချုပ်များကို အခြေခံ ထားရှိ၍ ပြည်တွင်းဥပဒေအဖြစ် ပြဋ္ဌာန်းပြီးနောက် အကြမ်းဖက်လုပ်ရပ်များနှင့် အကြမ်းဖက်တိုက်ခိုက်မှုများကို အစွမ်းကုန် ကြိုးပမ်း ကာကွယ်စောင့်ရှောက်ပေးလျက် ရှိနေကြပြီ ဖြစ်၏။

ထိုသို့ နိုင်ငံတကာ အကြမ်းဖက် လုပ်ရပ်များကို ကာကွယ်ဟန့်တားပေးရန် ရေးဆွဲချုပ်ဆိုထားပေးသော နိုင်ငံတကာဆိုင်ရာ စာချုပ်စာတမ်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(၁) ၁၉၆၃ ခုနှစ်က ချုပ်ဆိုခဲ့ကြသော လေယာဉ်ပျံများပေါ်တွင် ရာဇဝတ် မကင်းသော လုပ်ရပ်နှင့် အခြားနှီးနွှယ် စပ်ဆိုင် ပတ်သက်နေသည့် လုပ်ရပ်များနှင့် ပတ်သက်သည့် တိုကျို နိုင်ငံတကာ သဘောတူစာချုပ် *[Convention on Offences and Certain Other Acts Committed on Board Aircraft (Tokyo, 1963)]*၊

(၂) တရားမဝင် လေယာဉ်များအား အကြမ်းဖက်သိမ်းယူ ထိန်းချုပ်သော လုပ်ရပ်များအား နှိပ်ကွပ်ရန် ချုပ်ဆိုထားခဲ့ကြသော *Hague* နိုင်ငံတကာ သဘောတူစာချုပ်

*[Convention for the Suppression of Unlawful Seizure of Aircrafts(The Hague 1970)]*၊

(၃) အရပ်ဘက်ဆိုင်ရာ လေကြောင်းပျံသန်းမှု လုံခြုံရေးအား အန္တရာယ် ပြုစေနိုင်သော တရားမဝင်သည့် လုပ်ရပ်များအား နှိပ်ကွပ်ရေးအတွက် ချုပ်ဆိုထားကြသော *Montreal* နိုင်ငံတကာ သဘောတူစာချုပ် *[Convention for the Suppression of Unlawful Acts against the Safety of Civil Aviation (Montreal 1971)]*၊

(၄) နျူကလီးယားနှင့် ပတ်သက်သော ဒြပ်စင်ပစ္စည်းများအားလုံး၏ ရုပ်ပိုင်းဆိုင်ရာ လုံခြုံရေးနှင့် ကာကွယ်စောင့်ရှောက်ပေးရေး လုပ်ငန်းရပ်များအတွက် ချုပ်ဆိုခဲ့ကြသော *Vienna* နိုင်ငံတကာ သဘောတူစာချုပ် *[Convention on the Physical Protection of Nuclear Material (Vienna, 1980)]*၊

(၅) နိုင်ငံတကာ အရပ်ဘက် လေကြောင်းသယ်ယူပို့ဆောင်ရေးဆိုင်ရာ လုပ်ငန်းရပ်များ လုပ်ဆောင်ပေးနေကြသော လေဆိပ်များတွင် ဥပဒေနှင့်မညီသော၊ ဥပဒေကိုဆန့်ကျင်ဖောက်ဖျက်သော အကြမ်းဖက် လုပ်ရပ်များနှင့် အကြမ်းဖက် တိုက်ခိုက်မှုများအား နှိပ်ကွပ်အရေးယူပေးရေးဆိုင်ရာ *Montreal* နိုင်ငံတကာ ပရိုတိုကော *[Protocol for the Suppression of Unlawful*

*Acts of Violence at Airports Serving International Civil Aviation (Montreal, 1988)]*၊

(၆) နိုင်ငံတကာ ရေကြောင်း ခုတ်မောင်း သွားလာမှု လုံခြုံရေးအပေါ် ဆန့်ကျင်သော ဥပဒေနှင့် မညီညွတ်သည့် အကြမ်းဖက် လုပ်ရပ်များ နှိပ်ကွပ်ရေးအတွက် ချုပ်ဆိုခဲ့သော ၁၉၈၈ ခုနှစ် ရောမ နိုင်ငံတကာစာချုပ် *[Convention for the Suppression of Unlawful Acts against the Safety of Maritime Navigation (Rome, 1988)]*၊

(၇) နိုင်ငံများ၏ ကမ်းဦး ရေတိမ်ပိုင်းများတွင် အခိုင်အမာ စွဲမြဲ တပ်ဆင်ထားရှိသော ရေနံနှင့် သဘာဝဓာတ်ငွေ့၊ ရေအောက်သယံဇာတပစ္စည်းများကို တူးဖော်ထုတ်လုပ်နိုင်ရန်အတွက် အထူးတလည် တည်ဆောက်ထားသော တွင်းတူးစင် (ရေပေါ်အဆောက်အအုံ) များအား ဖျက်ဆီးပစ်ရန် လုပ်ဆောင်သည့် ဥပဒေမဲ့ လုပ်ရပ်များကို ကာကွယ်ပေးရန်အတွက် ချုပ်ဆိုထားခဲ့ကြသည့် ရောမ နိုင်ငံတကာစာချုပ်*[Protocol for the Suppression of Unlawful Acts against the Safety of fixed Platforms located on the Continental Shelf (Rome, 1988)]*၊

(၈) ၁၉၇၉ ခုနှစ်က ချုပ်ဆိုခဲ့ကြသော ဓားစာခံများ ဖမ်းဆီးထိန်းသိမ်း ခေါ်ယူခြင်းလုပ်ရပ်များကို ဆန့်ကျင် တိုက်

ဖျက်ရေး နိုင်ငံတကာစာချုပ် *[The Convention against the Taking of Hostages (1979)]*၊

[ဤနိုင်ငံတကာစာချုပ်ထဲတွင် ပါဝင်လက်မှတ်ရေးထိုးထားကြပြီးသော နိုင်ငံများအနေဖြင့် 'ဓားစာခံ' များ ဖမ်းဆီးထိန်းသိမ်းချုပ်နှောင်ထားသည့် ပြစ်မှု ကျူးလွန်သူများကို ပြင်းထန်ထိရောက်သော ပြစ်ဒဏ်များ ချမှတ်ပေးရန် တာဝန်အသီးသီး ရှိလာကြပါသည်၊ ထို စာချုပ်ဝင်နိုင်ငံ အချင်းချင်း စပ်ကြားတွင် ရာဇဝတ်ကောင်များ၊ အကြမ်းဖက်သမားများနှင့် စပ်လျဉ်းသော လှုပ်ရှားမှုသတင်း အချက်အလက်များကို အပြန်အလှန် ပြည့်စုံစွာ ပေးပို့ဖလှယ်၍ ကြိုတင်သတိပေး တပ်လှန့်ပေးထားရန်လည်း တာဝန်ရှိပါသည်၊ ထိုစာချုပ်ဝင်နိုင်ငံများ စပ်ကြားတွင် မိမိနယ်မြေအတွင်း ပြစ်မှု ကျူးလွန်ခဲ့ကြသော နိုင်ငံခြားသား တရားခံများကို မိခင်နိုင်ငံသို့ ပြန်လည်အပ်နှင်း၍ တရားစီရင်ခြင်း ပြုနိုင်ရန် တရားခံ အပြန်အလှန် လဲလှယ် ပေးပို့ပေးရန်အတွက်လည်း တာဝန်ကိုယ်စီ ရှိကြသည်၊

အကယ်၍ နိုင်ငံ တစ်နိုင်ငံက ပြစ်မှုကျူးလွန်သူများအား မိခင်နိုင်ငံသို့ ပြန်လည် လွှဲပြောင်းပေးခြင်း မပြုခဲ့ပါက ထို ပြစ်မှုကျူးလွန်သူအား မိမိနိုင်ငံပိုင်နက်အတွင်း တည်ရှိသော စီရင်ပိုင်ခွင့် အာဏာ ရရှိထားသည့် မိမိပြည်တွင်းတရားရုံး တစ်ရုံးရုံးသို့ တင်ပို့၍ တရားစွဲဆိုကာ စစ်ဆေးပြီး ပြစ်မှု ထင်ရှားပါက ထိုက်သင့်သော ပြစ်ဒဏ် ချမှတ် စီရင်ပေးရန် မလွှဲမသွေ တာဝန်ရှိလာပါသည်]

(၉) ကုလသမဂ္ဂ ဝန်ထမ်းများ၏ လုံခြုံရေးနှင့် အသက်အန္တရာယ်ကို ကာကွယ် စောင့်ရှောက်ပေးခြင်းဆိုင်ရာ နိုင်ငံတကာစာချုပ် *[The Convention on the Safety of United Nations and Associated Personnel (1994)]*၊

(၁၀) အကြမ်းဖက် ဗုံးခွဲတိုက်ခိုက်ခြင်း လုပ်ရပ်များကို နှိပ်ကွပ်ရေးဆိုင်ရာ နိုင်ငံတကာစာချုပ် *[The International Convention for the Suppression of Terrorist Bombing (1997)]*၊

[ထိုနိုင်ငံတကာ စာချုပ်ပါ ပြဋ္ဌာန်းချက်များအရ ဗုံးခွဲတိုက်ခိုက်မှုများ ကျူးလွန်ပြီး ထွက်ပြေး တိမ်းရှောင်နေသူများအား စာချုပ်ဝင် နိုင်ငံများက ခိုလှုံ ပုန်းအောင်းခွင့် လုံးဝ မပြုရပါ။ မိမိနိုင်ငံအတွင်းသို့ တိတ်တဆိတ် ခိုလှုံဝင်ရောက်လာသော ဗုံးခွဲတိုက်ခိုက်ခဲ့ကြသူများအား ဖမ်းဆီးပြီး သက်ဆိုင်ရာ စီရင်ပိုင်ခွင့်ရှိ တရားရုံးများထံသို့ တရားစွဲတင်ပို့ စစ်ဆေးပေးရန် တာဝန်ရှိပါသည်၊

အကယ်၍ ဗုံးဖောက်ခွဲမှု ကျူးလွန်ခဲ့ရာ နိုင်ငံက မိမိနိုင်ငံသို့ အဆိုပါ ဗုံးဖောက်ခွဲမှု ကျူးလွန်ခဲ့သူများအား တရားဥပဒေနှင့်အညီ စီရင် စစ်ဆေးရန်အတွက် တရားခံ လွှဲပြောင်းပေးအပ်ရန် မေတ္တာရပ်ခံ တောင်းခံလာခဲ့ပါက ယင်းသို့ တောင်းခံသော နိုင်ငံသို့ ပြန်လည် လွှဲပြောင်းပေးအပ်ရန် တာဝန်ရှိပါသည်]

(၁၁) ၁၉၉၉ ခုနှစ်က ချုပ်ဆိုခဲ့ကြသော အကြမ်းဖက်သမားများအား ငွေကြေးထောက်ပံ့ ပေးကမ်းကူညီခြင်း ကိစ္စ

ရပ်များကို နှိပ်ကွပ်ပေးရန်အတွက် ရည်ရွယ်ချုပ်ဆိုခဲ့သည့် နိုင်ငံတကာစာချုပ် *[The International Convention for the Suppression of the Financing of Terrorism(1999)]*၊

၁၅) နိုင်ငံတကာ စာချုပ်ထဲတွင် ပါဝင် လက်မှတ် ရေးထိုးခဲ့ကြသော စာချုပ်ဝင် နိုင်ငံများ အနေဖြင့် အကြမ်းဖက် အဖွဲ့အစည်းများသို့ ငွေကြေး ထောက်ပံ့ကူညီပေးခဲ့ကြသော ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊ အုပ်စုများ၊ ဂိုဏ်းများအား မိမိနိုင်ငံအတွင်းရှိ စီရင်ပိုင်ခွင့် အာဏာ ရရှိထားသော တရားရုံးများတွင် ရုံးတင် တရားစွဲ စစ်ဆေးပြီး ပြစ်မှု ထင်ရှားပါက ထိုက်သင့်သော ပြစ်ဒဏ်များ ချမှတ် စီရင်ပေးရန် တာဝန်အသီးသီး ရှိကြပါသည်၊

သို့တည်းမဟုတ် မိမိနိုင်ငံတွင် စီရင်စစ်ဆေးလိုခြင်း မရှိပါက ထိုသို့ အကြမ်းဖက်အုပ်စုများကို ငွေကြေးထောက်ပံ့ ကူညီပေးကမ်းခဲ့ကြသူများ၏ မူလ နေထိုင်ရာ နိုင်ငံ သို့မဟုတ် မိခင်နိုင်ငံထံသို့ လွှဲပြောင်းပေးအပ်၍ စီရင်ပိုင်ခွင့်အာဏာ ရရှိထားကြသော တရားရုံးများသို့ တရားစွဲတင်ပို့ကာ စစ်ဆေးစီရင်ရေးအတွက် လွှဲပြောင်းပေးရန် တာဝန်ရှိကြသည်။

ထို့ပြင် ၁၅)စာချုပ်ဝင် နိုင်ငံများသည် မသင်္ကာဖွယ်ရာ ငွေကြေး လွှဲပြောင်း ပေးပို့မှုများကို မိမိတို့နိုင်ငံ ပိုင်နက်အတွင်းရှိ ဘဏ်များအား စောင့်ကြည့်စစ်ဆေး ခြေရာခံကာ ဖော်ထုတ်ပေးကြရန်လည်း တာဝန်ရှိကြသည်]။

**ချူကလီးယား အကြမ်းဖက် လုပ်ရပ်များနှင့် နိုင်ငံတကာ အကြမ်းဖက်လုပ်ရပ်များအား ကျယ်ပြန့်စွာ နှိပ်ကွပ်နိုင်ရေးအတွက် ကော်မတီတစ်ရပ် ဖွဲ့စည်းထူထောင်ခဲ့ခြင်း**

၁၉၉၆ ခုနှစ် အတွင်း၌ နျူကလီးယား အကြမ်းဖက်တိုက်ခိုက်မှု လုပ်ရပ်များနှင့် နိုင်ငံတကာ အကြမ်းဖက်လုပ်ရပ်များအား ကျယ်ကျယ်ပြန့်ပြန့် နှိပ်ကွပ်ဟန့်တား ချေမှုန်းပစ်နိုင်ရေးအတွက် ကုလသမဂ္ဂအဖွဲ့က ကြီးမှူးတည်ထောင်သော အထူးကော်မတီတစ်ရပ်ကို ကမ္ဘာ့နိုင်ငံအများစု၏ ထောက်ခံ အားပေးမှုအရ ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက ဖွဲ့စည်း တည်ထောင်ပေးခဲ့သည်။

ထို့အပြင် နျူကလီးယား အသုံးပြု၍ အကြမ်းဖက်တိုက်ခိုက်မှုကို နှိပ်ကွပ်ရန် ရေးဆွဲထားသော နိုင်ငံတကာစာချုပ်ပါ ပြဋ္ဌာန်းချက်များကို ထိရောက်အောင်မြင်စေရန်နှင့် အားပေးထောက်ခံ ကူညီအကောင်အထည်ဖော်ပေးရန် ယခု ဖွဲ့စည်းလိုက်သော ကော်မတီတွင် တာဝန် ရှိလာသည်။ ထိုကော်မတီသည် နိုင်ငံတကာ အကြမ်းဖက် လုပ်ရပ်များ နှိပ်ကွပ်ရေးကိစ္စတွင် တက်ကြွကျယ်ပြန့်စွာ ပါဝင်လှုပ်ရှား ဆောင်ရွက်ပေးရန်လည်း တာဝန်ရှိလာသည်။

၁၉၉၄ ခုနှစ်တွင် ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက နိုင်ငံရေး ရှုထောင့်မှနေ၍ 'နိုင်ငံတကာ အကြမ်းဖက်ဝါဒ ဖယ်ရှားချေမှုန်းရေး လုပ်ငန်းများဆိုင်ရာ ကြေညာချက်' တစ်ရပ်ကို ကမ္ဘာသို့ ထုတ်ပြန်ကြေညာခဲ့ကြသည်။ ၁၉၉၆ ခုနှစ် ရောက်သည့်အခါ ၁၉၉၄ ခုနှစ်က ထုတ်ပြန်ကြေညာခဲ့သော ကြေညာချက်ကို ထပ်မံချဲ့ထွင်၍ အကြမ်းဖက်လုပ်ရပ်ပုံစံ မျိုးစုံတို့ကို ရှုတ်ချ ပြစ်တင်

လိုက်သည်သာမက ထိုအကြမ်းဖက် လုပ်ရပ် ပုံစံမှန်သမျှတို့သည် မည်သို့မျှ တရားမျှတမှု မရှိသော ရာဇဝတ်မကင်းသည့် လုပ်ရပ်များသာ ဖြစ်ကြောင်းနှင့် မည်သည့်အရပ်ဒေသတွင် မည်သူက ကျူးလွန်ခဲ့ကြသည် ဖြစ်စေ အကြမ်းဖက်မှု လုပ်ရပ်မှန်သမျှကို ရှုတ်ချကြောင်း ထပ်မံ ကြေညာခဲ့ကြသည်။

ကုလသမဂ္ဂ အထွေထွေညီလာခံကြီးသည် အဖွဲ့ဝင်နိုင်ငံများအားလုံးအား ပြည်တွင်းအဆင့်တွင် လည်းကောင်း၊ နိုင်ငံတကာအဆင့်တွင် လည်းကောင်း နိုင်ငံတကာ အကြမ်းဖက်မှုပုံစံ မျိုးစုံအား လုံးဝ ပျောက်ကွယ်သွားသည်အထိ နည်းလမ်းမျိုးစုံ အသုံးပြု၍ အစွမ်းကုန် ကြိုးပမ်းလုပ်ဆောင်ကြရန် တိုက်တွန်း နှိုးဆော်ခဲ့သည်။

# နိဂုံးချုပ်

ကမ္ဘာပေါ်တွင် သမိုင်းဦး ခေတ်မှ စတင်၍ ယနေ့ မျက်မှောက်ခေတ် အထိ စစ်ပွဲပေါင်း မြောက်မြားစွာကို ကြိမ်ဖန်များစွာ တိုက်ခိုက်ခဲ့ကြပြီး ဖြစ်သည်။ ယေဘုယျအားဖြင့် အောက်ပါ ကိစ္စရပ်များကြောင့် စစ်ပွဲများ တိုက်ခိုက်ခဲ့ကြခြင်း ဖြစ်သည် -

(၁) နိုင်ငံများက မိမိပိုင်နက်နယ်မြေ (နယ်နိမိတ်)ကို ချဲ့ထွင်လိုသော လောဘဇောတိုက်၍ စစ်တိုက်ကြခြင်း၊

(၂) မိမိနိုင်ငံ၏ ဩဇာအာဏာကို ကမ္ဘာသို့ ဖြန့်ကြက်ပြီး အင်ပါယာကြီးများ ထူထောင်ကာ လွှမ်းမိုးလိုခြင်း *(Motive for Hegemonism)*၊

(၃) မိမိ၏ အရှိန်ဩဇာအာဏာကို မိမိပတ်ဝန်းကျင်နိုင်ငံများအပေါ် လွှမ်းခြုံဖြန့်ကြက်ထားရှိလိုခြင်း *(Desire to expand the sphere of Influence)*၊

(၄) ဘာသာအယူဝါဒကို ဖြန့်ဖြူးလိုခြင်း၊

(၅) မိမိ၏ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများအား ဖြန့်ကြက်လိုခြင်း၊

(၆) ကုန်သွယ်ရေးအတွက် ဈေးကွက်သစ်များ ရှာဖွေ ထူထောင်နိုင်ရန် နယ်ပယ်သစ်၊ ပိုင်နက်သစ်များ ချဲ့ထွင်လိုခြင်း၊

(၇) ကုန်ကြမ်းများ ဈေးပေါပေါနှင့် ရရှိရန် နယ်မြေသစ်များ တည်ထောင်လိုခြင်း၊

(၈) မိမိနိုင်ငံမှ ထုတ်လုပ်သော ကုန်ချောပစ္စည်းများကို ဈေးကောင်း ရနိုင်မည့် ဈေးကွက်သစ်များသို့ ရောက်ရှိရန် လမ်းခရီးတစ်လျှောက်ရှိ နယ်မြေဒေသ ဟူသရွေ့ကို လွှမ်းမိုးကြီးစိုး ချုပ်ကိုင်ခြယ်လှယ်ထားလိုခြင်း၊

(၉) မိမိနှင့် ပခုံးချင်းယှဉ်၍ အင်အားကြီးလာနိုင်သော နိုင်ငံများကို အင်အား နည်းပါးနေဆဲ ကာလမှာပင် ချေမှုန်းဖျက်ဆီးလိုခြင်း (ဥပမာ- မြောက်ကိုရီးယားနှင့် အီရန်နိုင်ငံတို့ကို အမေရိကန်နှင့် အစ္စရေးနိုင်ငံတို့က ချေမှုန်းဖျက်ဆီးလိုနေကြခြင်း)၊

(၁၀) နယ်စပ်မျဉ်း၊ နယ်နိမိတ်မျဉ်းကြောင်း သတ်မှတ်ရေးတွင် မပြေမလည် ဘဝင်မကျဖြစ်ရာမှ စစ်ပွဲဆီသို့ ဦးတည်သွားခဲ့ကြခြင်း၊

(၁၁) မူရင်းနိုင်ငံမှ ခွဲထွက်ကာ သီးခြား အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံသစ်တစ်ရပ် ထူထောင်လိုခြင်း၊

(၁၂) ဘာသာရေးနှင့် အယူအဆရေးဆိုင်ရာ ဂိုဏ်းဂဏများ ကွဲပြားလာခြင်း၊

(၁၃) လူမျိုးနွယ်စုစိတ်ဓာတ် ပြင်းထန်နိုးကြားလာခြင်း၊

(၁၄) လူမျိုးနွယ်အချင်းချင်း ရန်ငြိုးဖွဲ့၍ အမုန်းတရားကြီးမား လာခြင်း၊

(၁၅) တိုင်းပြည် တစ်ပြည်နှင့် တစ်ပြည် သို့တည်းမဟုတ် တိုင်းပြည်နိုင်ငံ အများအပြားစပ်ကြားတွင် လက်နက် ယှဉ်ပြိုင် တည်ဆောက်ရာမှ အချင်းချင်း ယုံကြည်မှု လျော့နည်း ကျဆင်းလာပြီး *(Lack of mutual confidence and trust)* စစ်ပြိုင် တိုက်ခိုက်ရသည် အထိ အခြေအနေ ဆိုးရွား ပျက်ပြားလာခဲ့ခြင်း၊

(၁၆) ကုန်ကြမ်း၊ လောင်စာနှင့် ဈေးကွက်လုရာမှ ကုန်သွယ် ရေး စစ်ပွဲပုံသဏ္ဍာန် ပြောင်းလဲခဲ့ပြီး ထိုမှတစ်ဆင့် တက်၍ လက်နက်ကိုင် တိုက်ခိုက်ရသော စစ်ပွဲများ ဖြစ်လာခဲ့ခြင်း*(Escalation from Economic War to Military Confrontation)*၊

(၁၇) မဟာမိတ် စစ်အုပ်စုများ ဖွဲ့စည်း အားပြိုင်ရာမှ ရုတ် တရက် အကြောင်းငယ်ကလေးတစ်ခုကြောင့် မီးပွား ရိုက်ခတ်သလို ဖြစ်ပြီး စစ်ပွဲကြီး ဖြစ်ပွားလာခြင်း (ပထမ ကမ္ဘာစစ်ကြီးသည် ဩစတြီးယား မင်းသား တစ်ပါး ဆာရာယေဗိုမြို့တွင် လုပ်ကြံသတ်ဖြတ်ခံရရာမှ ဆဗ်လူမျိုး လုပ်ကြံသူတစ်ဦးကြောင့် ဂျာမနီ ဦးဆောင်

သော မဟာမိတ်များက ဗြိတိန်နှင့်ပြင်သစ် ဦးဆောင်သော မဟာမိတ်နိုင်ငံများနှင့် ကမ္ဘာစစ်ကြီး ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ကြရသည်)၊

(၁၈) အခြားနိုင်ငံ နယ်နိမိတ်တွင် ဇွတ်အတင်း ဝင်ရောက်ကာ နိုင်ငံသစ် ထူထောင်ခြင်း (အာရပ် ပါလက်စတိုင်းနယ်မြေတွင် အစ္စရေးနိုင်ငံသစ်ကို ဇွတ်တရွတ် ထူထောင်ခဲ့ရာမှ အာရပ်-အစ္စရေး စစ်ပွဲကြီး အနှစ် ၆၀ နီးပါး တိုက်ခိုက်နေရကာ ယနေ့တိုင် အဆုံးမသတ်နိုင်သေးသည်ကို လက်တွေ့ သိမြင်နေကြရ၏)၊

(၁၉) သူတစ်ပါး ပြည်တွင်းရေးကို အဓမ္မ ဝင်ရောက်စွက်ဖက်ရာမှ စစ်ဖြစ်ပွားခြင်း (ဥပမာ- ဗီယက်နမ် မြောက်ပိုင်းနှင့် တောင်ပိုင်း ပဋိပက္ခတွင် အမေရိကန်နိုင်ငံက ဝင်ရောက် စွက်ဖက်ရာမှ ဗီယက်နမ်စစ်ပွဲကြီးကို ၁၅ နှစ်နီးပါး တိုက်ခိုက်ခဲ့ကြရသည်)၊

(၂၀) အင်အားကြီးနိုင်ငံများက သွေးထိုးမြှောက်ပင့်ပေးရာမှ နိုင်ငံငယ်ကလေးများစပ်ကြား စစ်ပွဲကြီးများ ဖြစ်ပွားလာခဲ့ကြရခြင်း (ဥပမာ-အာဖရိကတိုက်ရှိ ဆင်းရဲသောနိုင်ငံအများအပြားမှ မြေအောက်သယံဇာတပစ္စည်းများကို လက်ဝါးကြီးအုပ် ရယူလိုသော ဥရောပသားများကြားဝင်ဂုံးချော ရန်တိုက်ပေးသဖြင့် အာဖရိကနိုင်ငံများ စပ်ကြား စစ်ခင်းနေကြခြင်းမျိုးပင် ဖြစ်သည်)။

စစ်ပွဲ ဟူသည် မည်သည့် အကြောင်းခြင်းရာကို အခြေခံ၍ ဖြစ်ပွားပေါ်ပေါက်လာသည် ဖြစ်စေ လူသားတို့ ထောင်သောင်းချီ

၍ သွေးချောင်းစီးအောင် အသက်ကို ပေး၍ စတေးခံကြရစမြဲပင် ဖြစ်၏။

တရားသော စစ်ပွဲကို ဥပဒေနှင့်အညီ ဆင်နွှဲနိုင်ပါမှ မျှတသော စစ်ဆင်နွှဲမှု မည်ပါမည်။ လက်နက်ကိုင် တပ်ဖွဲ့များ အားလုံးက ကမ္ဘာ့စစ်ဥပဒေနှင့်အညီ စစ်ဆင်နွှဲနိုင်ကြစေရန် ရည်စူး၍ ဤစာအုပ်ကို ပြုစုရေးသားခဲ့ခြင်း ဖြစ်၏။

ထို့ကြောင့် နိုင်ငံတကာ ဥပဒေပညာရှင်များက အားနည်းချက်များနှင့် ချို့ယွင်းချက်များ ကင်းစင်သော စစ်ဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းနည်းလမ်းများကို သုတေသနပြု၍ ဖော်ထုတ်ရေးသား ပြုစုလာခဲ့ကြသည်။ ထို့နောက် အစိုးရကိုယ်စားလှယ်များက နိုင်ငံတကာ ညီလာခံများ ကျင်းပ၍ နိုင်ငံတကာ စာချုပ်စာတမ်းများကို တိကျစွာ ရေးဆွဲကြသည်။ သည့်နောက်တွင် ဥပဒေပြုခွင့်အာဏာ ရသော အဖွဲ့အစည်းများက သက်ဆိုင်ရာနိုင်ငံ အသီးသီး၏ ပြည်တွင်းဥပဒေအဖြစ် ရေးဆွဲအတည်ပြု ပြဋ္ဌာန်းခဲ့ကြရသည်။

ဤကဲ့သို့ နိုင်ငံတကာ ဥပဒေပညာရှင်များ ဖော်ထုတ်ကြံဆစဉ်းစား၍ သရုပ်သဏ္ဌာန်ပေါ်အောင် ပုံဖော်ပေးခဲ့ကြသည့် နိုင်ငံတကာ စစ်ဥပဒေ၏ အနှစ်သာရများကို အချိန်တိုတိုအတွင်း အလွယ်တကူ လေ့လာဆည်းပူး နားလည်စေရန်အလို့ငှာ ဤစာအုပ်ကို အဓိက ဦးတည်၍ ပြုစုရေးသားခဲ့ခြင်းလည်း ဖြစ်ပါသည်။

ဤစာအုပ်ကို စာရေးသူက ကြည်း၊ ရေ၊ လေ တပ်မတော်များမှ အရာရှိ၊ အရာခံ၊ အကြပ်တပ်သားများအတွက်သာမက ဥပဒေပညာ လေ့လာလိုက်စား သင်ယူလျက်ရှိကြသော မြန်မာကျောင်းသူ

ကျောင်းသား လူငယ်များ၊ ပညာဗဟုသုတ အဖုံဖုံကို ဘက်စုံထောင့်စုံမှ လေ့လာလိုက်စား ဗဟုသုတ ရှာဖွေစုဆောင်းလျက်ရှိကြသော လူကြီး၊ လူလတ်၊ လူငယ်များ၊ ဥပဒေဆိုင်ရာစာတမ်းများ ရေးသားဖတ်ကြား ဆွေးနွေးလျက်ရှိကြသော ဥပဒေပညာရှင်များနှင့် ဥပဒေသုတေသီများအတွက် တစ်ထောင့်တစ်နေရာ၊ တစ်ခန်းတစ်ကဏ္ဍမှ အားပေး ကူညီလို၍ ရေးသားပြုစုခဲ့ရခြင်း ဖြစ်သည်။

စစ်ရေးဆိုင်ရာ နိုင်ငံတကာဥပဒေသည် ပင်မ နိုင်ငံတကာဥပဒေ၏ တစ်စိတ်တစ်ဒေသသာ ဖြစ်ရာ ဥပဒေ ဘာသာရပ်ကို စိတ်ပါဝင်စားသူတိုင်း လေ့လာအပ်သော ပညာပိုင်းတစ်ရပ် ဖြစ်ကြောင်း ထပ်လောင်းတင်ပြလိုပါသည်။

**ပါမောက္ခ ဦးကျော်ညွန့် (ငြိမ်း)**
**နိုင်ငံတကာ ရေကြောင်းဥပဒေ ပါမောက္ခ၊**
**ဒါလီယံ ကမ္ဘာ့ရေကြောင်းတက္ကသိုလ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ။**

## WISDOM HOUSE စာအုပ်တိုက်မှ ထွက်ရှိပြီးသော စာအုပ်များ

| | |
|---|---|
| ၁။ နိုင်ငံတကာ စီးပွားစွမ်းဆောင်ရှင်များ | ကြည်ရွှန်း |
| ၂။ ပျော်ရွှင်ချမ်းသာ နည်းပေါင်း ၁၀၀ | ကြည်ရွှန်း |
| ၃။ အာရှစီးပွား စွမ်းဆောင်ရှင်များ | ကြည်ရွှန်း |
| ၄။ အောင်မြင်ချမ်းသာ နည်းပေါင်း ၁၀၀ | ကြည်ရွှန်း |
| ၅။ ဓမ္မဖြင့် လူ့ဘဝ ထူထောင်ခြင်း | မသန်းသန်း (မန်းတက္ကသိုလ်) |
| ၆။ ပညာအခြေစိုက် စီးပွားရေး | မောင်စူးစမ်း |
| ၇။ နိုင်ငံတကာ စီးပွားစွမ်းဆောင်ရှင်များ -၂ | ကြည်ရွှန်း |
| ၈။ ဝါကျအမျိုးမျိုး ပြောင်းလဲရေးသားပုံ | ဦးတင်ဦး (ကျူရှင်) |
| ၉။ လူသားဖွံ့ဖြိုးတိုးတက်မှုနှင့် ဂလိုဘယ်လိုက်ဖေးရှင်း | ကျော်ကျော်ဝင်း (မဟာဝိဇ္ဇာ) |
| ၁၀။ သားသားမီးမီးတို့ ကျန်းမာသန်စွမ်းဖို့ | ဒေါက်တာခင်မျိုးဟန် |
| ၁၁။ စိတ်ဆင်းရဲခြင်း လွတ်ကင်းအောင် | ကြည်မင်း |
| ၁၂။ ကျန်းမာချမ်းသာ နည်းပေါင်း ၁၀၀ | ကြည်ရွှန်း |
| ၁၃။ အင်္ဂလိပ်စာ ဆောင်းပါးများ | ဦးတင်ဦး (ကျူရှင်) |
| ၁၄။ ရတနာသုံးပါး ဂုဏ်တော်များကို ကြည်ညိုခြင်း | မသန်းသန်း (မန်းတက္ကသိုလ်) |
| ၁၅။ ငွေ ငွေ ငွေ လောကမှာ ငွေဟာလေ | ကြည်မင်း |
| ၁၆။ စီးပွားအောင်ခြင်း | ကြည်ရွှန်း |
| ၁၇။ သားသားမီးမီးတို့ ဖြစ်တတ်သောရောဂါများ | ဒေါက်တာခင်မျိုးဟန် |
| ၁၈။ ပညာခရီးနှင့် ပညာမျက်စိ | ကြည်မင်း |
| ၁၉။ ကမ္ဘာကျော် နိုင်ငံရေးအရှုပ်တော်ပုံများ | တင်ညွန့် |
| ၂၀။ ခိုင်မြဲတွယ်တာ နည်းပေါင်း ၁၀၀ | ကြည်ရွှန်း |
| ၂၁။ မှတ်ဉာဏ်ထက်သန်စေလိုသော် | ဦးသာညွန့် |
| ၂၂။ အသုံးချ အီဒီယမ် စကားပြော | WISDOM HOUSE စာတည်းအဖွဲ့ |

| | |
|---|---|
| ၂၃။ ယောင်တောင်တောင် တစ်ရှောကိုးဖင်၏ ကြောင်တောင်တောင် ဖွင့်ဟဝန်ခံချက်များ | ခင်မြဖင် |
| ၂၄။ သားသားမီးမီးတို့ ဖြစ်တတ်သောရောဂါများ–၂ | ဒေါက်တာခင်မျိုးဟန် |
| ၂၅။ စိတ်ကူးတစ်ချက် လင်းလက်သွားစေ | ကြည်ရွှန်း |
| ၂၆။ ကမ္ဘာ့သဘောလုပ်ငန်းအကြောင်း သိကောင်းစရာ အဖြာဖြာ | ပါမောက္ခ ဦးကျော်ညွှန့် (ငြိမ်း) |
| ၂၇။ တစ်နှစ် ၃၆၅ ရက် ကျန်းမာနည်း | သိပ္ပံစိုးလှ |
| ၂၈။ ဒီမိုကရေစီနိုင်ငံတော်၊ ဒီမိုကရေစီနိုင်ငံသား | တင်ညွှန့် |

ယာ၃

| | |
|---|---|
| ၂၉။ စစ်ရေးဆိုင်ရာ နိုင်ငံတကာ ဥပဒေများ | ပါမောက္ခ ဦးကျော်ညွှန့် (ငြိမ်း) |

**ဆက်လက်ထုတ်ဝေမည့် စာအုပ်များ**

| | |
|---|---|
| ၃၀။ အကောင်းမြင်နှင့် အမှန်တွေး | ဦးတင်ဦး (ကျူရှင်) |
| ၃၁။ အသုံးချဝါကျလမ်းညွှန် | WISDOM HOUSE စာတည်းအဖွဲ့ |
| ၃၂။ ကိုယ်ရည်ကိုယ်သွေး စိတ်ပညာ | ဒေါက်တာကျော်စိန် |
| ၃၃။ လူငယ်နှင့် အတွေးအမြင် | တင်ညွှန့် |
| ၃၄။ တံတိုင်း၊ တံတားနှင့် နန်းတော်ဆီ (ခံစားသက်ဝင် ကမ္ဘာ့ရုပ်ရှင်–၃) | ကြည်ရွှန်း |
| ၃၅။ ကမ္ဘာကျော် နိုင်ငံရေး အရှုပ်တော်ပုံများ–၂ | တင်ညွှန့် |
| ၃၆။ သဘောအရာရှိလက်စွဲ | ပါမောက္ခ ဦးကျော်ညွှန့် (ငြိမ်း) |
| ၃၇။ သမိုင်း သို့မဟုတ် ခေတ်ရုပ်ပုံကားအပါအဝင်မှတ်စုများ | ကြည်မင်း |
| ၃၈။ မျက်မှောက်ခေတ် စစ်ရေးမဟာဗျူဟာ | ပါမောက္ခ ဦးကျော်ညွှန့် (ငြိမ်း) |
| ၃၉။ ကမ္ဘာ့ပညာခေတ်အားလှမ်းမျှော်ကြည့်ခြင်း | တင်ညွှန့် |
| ၄၀။ မြင့်မြင့်တွေး မြင့်မြင့်ကြံ | ကြည်ရွှန်း |

INTERNATIONAL LAW ON WARFARE OF LAND, SEA AND AIR

- စစ်ပွဲများကို စစ်မြေပြင်တပ်မှူးကြီးများက မိမိတို့ထင်သလို စည်းမဲ့ကမ်းမဲ့ တိုက်ခိုက်ခွင့် ရှိသလား၊
- ကြည်းကြောင်း စစ်ပွဲများကို ဥပဒေနှင့်အညီ ဘယ်လို ဆင်နွှဲရမလဲ၊
- ရေကြောင်းစစ်ပွဲများကို ဥပဒေနှင့်အညီ ဘယ်လို ဆင်နွှဲရမလဲ၊
- လေကြောင်းစစ်ပွဲများကို ဥပဒေနှင့်အညီ ဘယ်လို ဆင်နွှဲရမလဲ၊
- စစ်သုံ့ပန်းများကို ဘယ်လို သက်ဆံရမလဲ၊
- စစ်ပွဲတွင် အရပ်သားများ၊ သက်ကြီးရွယ်အိုများ၊ မိန်းမနှင့်ကလေးများကို ဘယ်လို ကာကွယ်ပေးရမလဲ၊
- လူနေထိုင်ရာ မြို့ကြီးများကို ဗုံးကြဲခွင့် ရှိသလား၊ အမြောက်နှင့် တိုက်ခိုက်ဖြိုခွင်းခွင့် ရှိရဲ့လား၊
- ပင်လယ်ဓားပြနှင့် အကြမ်းဖက်သမားများကို ဘယ်လို ကိုင်တွယ်ကြရမလဲ၊
- အပျက်စွမ်းအားကြီးလက်နက်များ၊ ဓာတု၊ ဇီဝလက်နက်များကို သုံးစွဲ၍ တိုက်ခိုက်ခွင့်ရှိသလား

စသည့်ပြဿနာများကို အဖြေရှာလိုလျှင်

ဤစာအုပ်တွင် လေ့လာဖတ်ရှုနိုင်ပါသည်။

## ပါမောက္ခဦးကျော်ညွန့်(ငြိမ်း)



# စစ်ရေးဆိုင်ရာ နိုင်ငံတကာဥပဒေများ





83C938